
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၃၆၂/၂၀၀၂ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၂၈/၂၀၀၂ (၅)
ထုတ်ဝေသူ
ဦးတင့်လွင်
သော်ကစာပေ
၆၀၅၊ ညြမ္မာလမ်း၊ မြောက်ဥက္ကလာ။
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
အမှတ်(၁၄)၊ ၁၁၄ လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၂ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

မနော်ဟရိ



# သစ္စာတရားကသစ္စာတရားကိုလွှမ်းတယ်

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

တဖျောက်ဖျောက်နှင့် နာမည်ပျက်ရုံရှာသွန်းနေသော... မိုးစက်များကို... ဦးတည်ရာမဲ့ ငေးကြည့်ကာ...'ဘော်က' ငြိမ်သက်နေမိသည်။ သူ့ရှေ့တွင် အေးစက်စပြုနေသော နှက်(စ်)ဘလက်တစ်ခွက်သည်... သူ့အဖော် သံပုရာသီးစိပ်ကလေးနှင့်အတူ... ဘော်ကလိုပဲ တိတ်ဆိတ်နေကြ၏။

သူတို့ငြိမ်သက်နေသလောက်...တစ်ချက်ချက်ဖြင့် အလုပ်ရှုပ်နေသည်က... ဘော်ကလက်မှ နာရီကလေးပင်ဖြစ်သည်။ လက်မှ နာရီလေးက နေ့လည် ဆယ့်နှစ်နာရီငါးမိနစ်ကို ညွှန်ပြနေ၏။ အချိန်တွေက.. အကုန်မြန်လွန်းနေသလား.. နှေးပဲ နှေးကွေးလွန်းနေသလား.. ဘော်ကစိတ်တွေ... ဒွိဟဖြစ်နေရသည်။

နေ့လည်တစ်နာရီ... သို့မဟုတ်... ဆယ့်သုံးနာရီ။ ထိုအချိန်သည် ဘော်ကအတွက် အဆုံးအဖြတ်တစ်ခုကို ပေးမည့်အချိန်လည်း ဖြစ်သည်။ တဒိတ်ဒိတ်ခုန်ကာ လှုပ်ရှားစိုးရိမ်နေသော ရင်ကို တည်ငြိမ်အောင်ထိန်း၍ ငြိမ်သက်စွာထိုင်နေရသည့် အဖြစ်ကိုလည်း မနှစ်သက်

www.burmeseclassic.com



တော့။ မရေရာမသေချာသေးသော အချိန်ကိုကျတော့လည်း မမျှော်လင့်ရဲသေးပြန်။ သော်က သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွချလိုက်မိ၏။

နောက်တစ်ဘတ်သည်းက ဦးတည်ချက်မဲ့စွာ လျှောက်သွားနေမိရင်းမှ ရှိုးရှိုးကျော့သော ဆိုင်ကလေးသို့ နှစ်နာရီစောကာ သော်က ရောက်နေခဲ့သည်။ ထိုင်နေကျဆိုင်ကလေးမှ စားပွဲထိုးလေးများက… ‘တစ်ယောက်တည်းလား..’လို့ မေးလာသဖြင့် ‘လာမှာပါ…’ဟု အပြုံးနှင့် တုံ့ပြန်ခဲ့ရသေးသည်။

ကော်ဖီဆိုင်ကလေးအတွင်းမှာတော့ ခပ်စိမ့်စိမ့်အေးနေသော ရာသီဥတုလေးနှင့်အတူ *Crying in the rain* ဆိုသော သီချင်းလေးက ခပ်တိုးတိုးလွင့်ပျံ့နေ၏။ သော်က မချိတချိပြုံးမိသည်။ သူကကော နီ…မိုးရေစက်တွေထဲမှာ ဒီလိုပဲလား။

သော်က အတွေးတွေ မဆုံးလိုက်ပါ။ မိုးတွေက တဖေါဖေါ သွန်ချကာ သည်းထန်လာသောကြောင့်ဖြစ်သည်။ နာမည်နှင့်လိုက်အောင် ဘယ်သောအခါမှ ထီးမဆောင်းတတ်သော ကောင်မလေး တစ်နေရာရာမှာများ မိုးရေးဝင်ခိုနေလေမလားဟု တွေးမိ၏။ ဖြစ်နိုင်လျှင် ဒီကောင်မလေးကို မိုးစက်ကလေးတစ်စက်မျှပင် မသင့်စေလိုပါ။ ဒီစေတနာတွေကို ဒီကောင်မလေးက ခုချိန်မှာ လက်ခံနိုင်ဦးမည်တဲ့လား။ မသေချာပါ။

သော်က… ဆိုင်နံရံကို မှီကာ လျှောချရင်း ဆိုင်အပြင်ကို ငေးကြည့်နေမိသည်။ မိုးကိုလည်း တိတ်စေချင်လှပြီ။ နို့ဝင်ဘာလသည် မိုးသည်းသည်းမည်းမည်း ရွာသွန်းရမည့် လတစ်လမဟုတ်ပါ။ ခုတော့ အခါလွန်မိုးတွေက သည်းသည်းမည်းမည်းရွာသွန်းနေကြ၏။ ထို… မိုးစက်ကလေးများသည် သော်ကအတွက် ကံကောင်းခြင်းတွေကိုပဲ ယူဆောင်လာပေးမလား…ကံဆိုးခြင်းကိုပဲ ယူဆောင်ပေးမလား..! မသိ။ လောလောဆယ်တော့ မိုးစက်တွေက တဝုန်းဝုန်း ခုန်ပေါက်ရွာချနေဆဲပင်ဖြစ်၏။

ဒိုင်ယာရီ စာအုပ်အပြာလေးကို ဖွင့်လိုက်မိ၏။ ဟောင်းခုသော ရက်စွဲလေးတွင် သူမ၏လက်ရေးနှင့် ရေးထားသော စာကြောင်းကလေးများ…။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်လလောက်နော်...

ဒီတနေ့ တစ်လပြည့်တဲ့နေ့

နိုဝင်ဘာ ၁၃ ရက်နေ့၊ နေ့လည်ပါတစ်နာရီမှာ

ဒီဆိုင်လေးမှာပဲ...

နင်လိုချင်တဲ့ အဖြေကို ပေးမယ်။

မိုးမာ

ထိုနေ့ကတော့... သူ ပျော်လိုက်သည့်ဖြစ်ခြင်း။ အခြေအနေ အကြောင်းတရားတွေက ကံကြမ္မာလှည်းဘီး တစ်ပတ်လည်သလို ပြောင်းလဲသွားလိမ့်မည်ဟု သော်က တစ်ခါမှ မတွေးထားမိခဲ့။ တကယ် တော့ ဒါ... သော်ကအမှားပင်။ ဒီလိုစာကြောင်းလေးများကို ရရှိခဲ့ သည့်ကိုက ကံကြမ္မာရဲ့ အလှည့်အပြောင်းဆိုသည်ကို သူ အပျော်လွန်ပြီး မေ့သွားခဲ့မိသည်ကိုး...။

ဆိုင်အပြင်တွင် မိုးစဲသွားခဲ့ပြီ။ သော်ကလည်း... နိုင်ယာရီ စာအုပ်ကလေးကို ပိတ်ကာ လက်မှနာရီကို ကြည့်မိသည်။ ဆယ့်နှစ်နာရီ သုံးဆယ်ငါးမိနစ်...။ လိုနေသေးသော နှစ်ဆယ့်ငါးမိနစ်ကို နှစ်ဆယ် ငါးကမ္ဘာပမာ... သူ စောင့်စားရပေဦးမည်။

သူ...

လွမ်းနေရမည်လား... ပျော်ရမည်လား။ မသေချာပါ။ သေချာ သည်ကတော့ သူ့သစ္စာတရားက သစ္စာတရားတစ်ခုကို လွမ်းဆွတ်နေ ခြင်းဖြစ်သည်။

အပြင်တွင်တော့ ဝိုးတဝါး ဖြာကျလာမလို အားယူနေသော နေရောင်အချို့ကို ဖျတ်ခနဲ တွေ့လိုက်ရသလို...။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း[၁]



www.burmeseclassic.com

www.burmeseclassic.com



[၁]

"တောက်"

ပြင်းထန်သော တက်ခေါက်သံတစ်ခုကြောင့် သော်က... ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ သော်ကလိုပဲ အနားမှ လူတချို့က လည်း လှည့်ကြည့်ကြ၏။

ကောင်မလေးတစ်ယောက်။ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ကာ မျက်ရည်စတချို့ ဝဲတက်လျက် ကြော်ငြာသင်ပုန်းပေါ်တွင် လက်ထောက် ကာ ငြိမ်သက်နေသော ကောင်မလေးတစ်ယောက်...။ ကောင်မလေး လက်ထောက်ရာကို သော်က အလိုအလျောက်ကြည့်မိတော့...

"ဟင်..."

သော်က အံ့ဩသွားရသည်။ ကောင်မလေးလက်ထောက်ထား သည့်က သူ့ခုံနံပါတ်အောက်က နေရာ။ ဒါဆိုကောင်မလေးက 'Roll 2 မိုးမခ' ဆိုတာပေါ့။ ကောင်မလေး ဘာလို့ မကျေမနပ်ဖြစ်နေရတာ လဲဆိုတာ သူ နားမလည်နိုင်သေး။

သူနောက်က Roll no မို့ အမှတ်ဘယ်လောက်ကွာသလဲ ဟု တဆက်ထည်းကြည့်မိတော့ အမှတ်က အတူတူပင်။ ခုမှ သော်က သဘောပေါက်သလိုလိုရှိသွားရ၏။ သဘောမပေါက်သည်ကတော့ အမှတ်ချင်း အတူတူကို ဘာလို့ သူက Roll 1 ဖြစ်ပြီး ကောင်မလေးက Roll 2 ဖြစ်သွားရသလဲဆိုတာ။ ကောင်မလေးဘက်က ကြည့်တော့လည်း မကျေမနပ်ဖြစ်လောက်ပါသည်။

ဖြစ်နိုင်လျှင် သော်က နေရာချင်းလဲပေးလိုက်ချင်ပါသည်။ သော်ကသာဆိုလျှင်တော့ Roll 2 ရလည်း ဘယ်လိုမှ ခံစားရမည် မဟုတ်။ သို့သော် 'သော်က'က 'သော်က'ပဲလေ။ 'မိုးမခ'မှ မဟုတ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ချွင်…ချွင်…ချွင်…"

ကောင်မလေး သင်ပုန်းပေါ်တွင်ထောက်ထားသောလက်ကို လွှတ်အချ သူမ၏လက်ပေါ်မှ ထွက်ပေါ်လာသော အသံဖြစ်၏။ အိုး… များလိုက်တဲ့ လက်ကောက်တွေ။ ဖန်လား…ကြေးလား။ ကျောက်စိမ်းလား ဘာတွေမှန်း သော်က မသိ။ သို့သော် ထိုတချွင်ချွင် အသံလေးကတော့ သာယာနာပျော်ဖွယ်ရှိသည်ဟု သော်ကထင်မိသည်။ စောစောက 'တောက်'ဆိုတဲ့ အသံနှင့်စာလျှင်ပေါ့။

တချွင်ချွင်အသံလေးနှင့်အတူ ဝင်ခွင့်ကြည့်နေကြသော လူအုပ်နှင့် ဝေးရာသို့ ကောင်မလေးရောက်သွားပြီ။ မျက်စိတဆုံး လိုက်ကြည့်မိသော သူ့ကို…

"ဟေ့ကောင် သော်က"

"အာ…"

"ဘာဖြစ်နေတာလဲ သွားမယ်"

ပခုံးကို ပုတ်၍ ဆွဲခေါ်နေသော တိုင်းမြင့်နောက်သို့ အူကြောင်ကြောင် လိုက်ခဲ့ရ၏။

"ဘယ်လဲကွ တိုင်းမြင့်ရ"

"လက်ဖက်ရည်ဆိုင်လေကွာ"

"ဟိုကောင်တွေရော…"

"သွားပြီ"

တက္ကသိုလ်ဝင်ခွင့်တွေထွက်သောနေ့ဖြစ်၏။ မဆုံတာကြာပြီ ဖြစ်သော သူငယ်ချင်းများစုကာ ဒီနေ့တော့ တစ်နေကုန်ကြမှာ သေချာသည်။

လက်ဖက်ရည်ဆိုင်လေးကို ရောက်တော့ 'မြင့်ဆောင်'နှင့် 'တင်ထိုက်'တို့က ရောက်နှင့်နေကြပြီ။

"မင်းတို့ ဘယ်တုန်းက ထွက်သွားတာလဲ"

"ဪ… သူများတွေလို Roll 1 နဲ့ အမြင့်ဆုံးမှာ ဝင်တာ မဟုတ်တော့ အရသာခံမကြည့်နိုင်ဘူးမောင် လက်ဖက်ရည်ဆိုင် ထိုင်ရတာက ပိုအရသာရှိတယ်ဆိုပြီး ထွက်လာတာပဲ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ဘယ်တက္ကသိုလ်မဆို ဝင်နိုင်ပါလျက် ဝါသနာမပါသောကြောင့် သိပ္ပံတွဲကိုသာ လျှောက်လျက် ရှုပ်ထွေးဒတွင် အမှတ်အများဆုံးနှင့် Roll 1 အဖြစ်သို့ ဝင်လာသော 'သော်က'ကို မြင့်ဆောင်က ရိ၏။

"အရသာ မခံအားပါဘူးကွာ… ဒါတွေလည်း စိတ်မဝင်စားဘူး ဘယ်ရိုးလ်နံပါတ်ရရ ဒီစာပဲသင်ရမှာ၊ ဒီတွဲ့ပဲရမှာ… သိပ်မထူးပါဘူး မြင့်ဆောင်ရာ…"

"အေးလေ… ဟုတ်သားပဲ"

သော်ကစကားကို တင်ထိုက်က ပါဝင်ထောက်ခံသဖြင့် မြင့်ဆောင် သွားဖြဲကလေးနှင့် "နောက်တာပါကွာ…" ဟုဆို၏။

"မင်း ဘာရသလဲ မြင့်ဆောင်"

"ဒီကောင်လား… မင်းကိုသာ ပြောနေတာ Maths မှာ Roll 2 ကွ"

မြင့်ဆောင်က မဖြေဘဲ တိုင်းမြင့်က ဝင်ဖြေခြင်းဖြစ်၏။

"ဟား… ကောင်းတာပေါ့"

"မကောင်းပါဘူးကွာ Roll 1 မှ မဟုတ်တာ၊ ပြီးတော့ ငါတို့ Roll 1 က မိန်းကလေး။ ခိုင်ခိုင်စိုးတဲ့… ငါအောက်တာပေါ့ကွာ"

မြင့်ဆောင်စကားကြောင့် သော်က မိုးမခဆိုသော ကောင်မလေးကို ပြေးမြင်မိသည်။ မိုးမခနှင့် မြင့်ဆောင်က အဖြစ်ခြင်း တူနေသည်ကိုး…။ မြင့်ဆောင်နှင့် ခိုင်ခိုင်စိုးကတော့ အမှတ်တော့မတူလောက်။

"မင်းကလဲကွာ…ဒါတွေ စိတ်ထဲထားမနေနဲ့ ဒါနဲ့ တင်ထိုက် ကရော…"

"ငါက Chemistry"

"အာ… ဒါဆို ငါနဲ့တူတာ တိုင်းမြင့်ပဲ ရှိတာပေါ့"

"အေး…"

မခွဲပဲ တွဲလာတာ ရှစ်တန်းနှစ်ကတည်းကမို့ ခုလိုမျောကွဲ တော့ စိတ်တော့ မကောင်းချင်။ အားလုံးငြိမ်သက်သွားပြီးမှ သော်က ကလေး တင်ထိုက်က…

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"သော်ကာနဲ့ မြင့်ဆောင်က အိုကေပါတယ်၊ ငါတို့မှာသာ..."

"ဘာအိုကေတာလဲကွ သော်ကာနဲ့တိုင်းမြင့်လို့ ပြောစမ်းပါကွာ"

မြင့်ဆောင်က တင်ထိုက်စကားကို ဝင်ကန့်ကွက်၏။ တင်ထိုက်က ပြုံးရင်း...

'အိုကေတာပေါ့ကွာ... မြင့်ဆောင်ဆိုလည်း အဖော်နဲ့၊ ဘာတဲ့ နိုင်နိုင်စိုး...ဆိုလား၊ အဲ...သော်ကာဆိုလဲ အဖော်နဲ့ မိုးမခဆိုလား"

"သွားစမ်းပါကွာ"

ဒါကိုတော့ သော်ကာနှင့် မြင့်ဆောင် ပြိုင်တူပြောလိုက်မိခြင်း ဖြစ်သည်။ ပြီးမှ ဘာရယ်မဟုတ်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ...

"Touch the woods, flowers for you, friends for me"

ဟု ပြိုင်တူလှအော်ရင်း ရယ်ဖြစ်ကြ၏။

"ချွင်...ချွင်...ချွင်..."

ကြားနေကျသာအသံသာသာလေး နားထဲဖြတ်ဝင်လာ၍ သော်ကာ အသာငဲ့ကြည့်မိသည်။

မိုးမခ...။

သူမ၏ သူငယ်ချင်းများနှင့်အတူ ဆိုင်ထဲကို ဝင်လာကြခြင်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်။ ခုပဲ သူ့အကြောင်း ပြောနေနောက်နေကြသည် မဟုတ်လား။

"ရှူး..."

သော်ကာ,က လက်ညှိုးကို နှုတ်ခမ်းတွင် ကန့်လန့်ဖြတ်တော့ကာ သတိပေးလိုက်သဖြင့် ကျန်သုံးယောက် တစ်ချက်ငြိမ်ကျသွား၏။ ပြီးမှ ဘုမသိဘမသိနှင့်...

"ဘာဖြစ်တာလဲကွ"

"မိုးမခ ဆိုတာလေ..."

တိုင်းမြင့်အမေးကို သော်ကာ,က ခပ်တိုးတိုးဖြေတော့ အားလုံး စိတ်ဝင်စားသွားကြသည်။

"ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖုိ့ဘက်စားပွဲမှာ"

စားပွဲခြင်းကပ်လျက် မဟုတ်သော်လည်း ခါးလွှယ်ခုတ်ခန့်တွင်ရှိ၏။ အသာအယာငဲ့စောင်းကြည့်သော်လည်း စုစုပေါင်း ခုနစ်ယောက်တိတိထိုင်နေသောဝိုင်းတွင် ဘယ်သူသည် မိုးမခမှန်း သူတို့မသိကြ၊ မမှန်းနိုင်ကြ။

"ဘယ်တစ်ယောက်လဲကွ"

"လက်ကောက်တွေအများကြီးနဲ့ တစ်ယောက်လေ"

"အရှုံးမ ကျနေတာပဲ၊ လက်ကောက်တွေအများကြီး တချွင်ချွင်နဲ့…"

မြင့်ဆောင်က ထောပနာပြု၏။ တင်ထိုက်ကတော့ မျက်မှောင်ကြုတ်ကာ သော်ကကို ကြည့်ရင်း မေးလာ၏။

"မင်း ဘယ်လိုလုပ် သိရပြန်တာလဲ…၊ သွက်လိုက်တာ"

စာစောက ဝင်ခွင့်စာရင်းတွေကြည့်ရင်း လူကျွဲကြတုန်း ဖြစ်ခဲ့ကြသည့် အဖြစ်လေးကို သော်က အကျဉ်းချုံးကာ ပြောပြလိုက်၏။

"ဪ…ဒီလိုကိုး"

မြင့်ဆောင်ကတော့…

"သူ့ကိုငါ ကိုယ်ချင်းစာလို့ ရပါတယ်၊ ငါ အမှတ်နှစ်မှတ်ကွာလို့ နံ့နံပါတ်(၂) ဖြစ်တာတောင် ကိုယ့်ကိုယ်ကို စိတ်ပျက်ခေါသထွက်ရသေးတာပဲ… သူက မင်းနဲ့အမှတ်တူ၊ သူ မကျေမနပ်ဖြစ်မယ်ဆိုဖြစ်လောက်ပါတယ်ကွာ"

တင်ထိုက်က မကျေမနပ်ဟန်နဲ့ "ဖြစ်ကြ…ဖြစ်ကြ…မင်းတို့ပဲဖြစ်ကြ" တဲ့…။

ဒီဘက်ဝိုင်းက ကြိတ်ကြိတ်၊ ကြိတ်ကြိတ်ဖြစ်နေသလောက် မိုးမခတို့ဝိုင်းကတော့ အုပ်စုကောင်း၍ တစ်ဆိုင်လုံး သူတို့အုပ်စုအသံကလေးများနှင့် ညံနေတော့၏။

"မိုးမ…ဘာတွေဖြစ်နေသလဲ ဘာသောက်မလဲမေးတာ နှစ်ခါရှိပြီ"

"ဪ… အင်း… လက်ဖက်ရည်အကျရည်ကို ဒူရာသီး

www.burmeseclassic.com



ညှစ်မယ်"

မေးခွန်းကိုဖြေပြီး ငြိမ်နေသဖြင့်...

"မိုး...ဘာဖြစ်နေတာလဲ"

နောက်တစ်ယောက်က ထပ်မေးပြန်၏။

"စိတ်တိုနေတာ"

"စိတ်တိုနေတာ...ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ကို တိုတာလဲ"

"သော်ကဆိုတဲ့ လူကို"

"အင်...ဘာဆိုင်လို့လဲဟ"

"ဆိုင်တာပေါ့"

"ဆိုင်ရင်ပြော"

မိုးမခ ချက်ချင်းမပြောသေးဘဲ ငြိမ်နေသေး၏။ ဒီဘက်သော်ကတို့ဝိုင်းမှလည်း ငြိမ်သက်စွာ စိတ်ဝင်တစားနားထောင်နေမိ၏။

"ငါနဲ့အဲဒီလူနဲ့က အမှတ်အတူတူပဲ... ဒါကို သူက ခုံနံပါတ်(၁) ရပြီး ငါက (၂)ပဲရတယ်၊ အဲဒါကို မကျေနပ်တာ"

"အေးလေ...ဒါတော့ ဟုတ်တာပဲ"

တစ်ယောက်က ဝင်ထောက်ခံ၏။ သို့သော် ထိုမေးခွန်းကို မေးသော ကောင်မလေးက ပြုံးကာ ခေါင်းခါ၏။

"နွေက ဘာလို့ခေါင်းခါရတာလဲ... ဒါ သက်သက်မတရားတာ မဟုတ်ဘူးလား"

တစ်ယောက်ကပါ ဝင်မေး၏။

"မဟုတ်ဘူး ဒါ... တရားမျှတမှုပါ၊ သူ့နာမည်က သော်က မဟုတ်လား။ မှန်ပါတယ်ဟာ"

နွေစကားကြောင့် မိုးမခတို့အုပ်စုသာမဟုတ်၊ ဒီဘက်ဝိုင်းက သော်ကတို့ပါ စိတ်ဝင်စားသွားကြ၏။ သော်ကပင်လျှင် ဒါကို ဘာကြောင့်မှာ နှင့် ဆိုင်သည်ဟု ထင်ထားခဲ့သည်ကိုး...။

"ဘာ...ဘယ်လို မိနွေ၊ ငါ့ကို ပြောပါဦး... သူ့နာမည်က



www.burmeseclassic.com

www.burmeseclassic.com



သော်က ဖြစ်ရတာလေးနဲ့ပဲ မှန်ရောတဲ့လား။ အမှန်တရား ဖြစ်ရောတဲ့လား"

မိုးမခက မျက်မှောင်ကလေးကြုတ်ကာ ဝင်မေး၏။ 'နွေ' ဆိုသောကောင်မလေးက ကော်ဖီခွက်ကို မော့သောက်ပြီးမှ…

"ဒီလိုလေဟာ… ခု ခုံနံပါတ်စီတာက အမှတ်နဲ့စီတာ၊ အမှတ်တူတွေများနေရင် အက္ခရာနဲ့စဉ်ပြန်ရော၊ ဒီတော့ သော်ကက ရှေ့က မိုးမခက နောက်ကဖြစ်သွားတာပေါ့"

အားလုံးသဘောပေါက်သလို ငြိမ်နေသော်လည်း သိပ်တော့ ကျေနပ်သေးဟန်မတူ။ တစ်ယောက်က ဝင်မေး၏။

"နွေ…သူက 'သ'လေ… မိုးက 'မ'နဲ့စတာလေ၊ ဘယ်သူက နောက်ရောက်ရမှာလဲ၊ မှားမနေဘူးလား"

"အေးလေ…"

"မဟုတ်သေးဘူးဟ၊ ရှေ့စာလုံးကိုယူတာ မဟုတ်ဘူး။ နောက်စာလုံးကိုယူတာ… သူက ကကြီးလေ၊ မိုးက ခခွေး ဒါကြောင့်"

"အင်…"

မိုးမခက 'အင်'သွားသော်လည်း အတွန့်တက်သူက တက်၏။

"ဒါကို နင်ဘယ်လိုသိတာလဲ"

"ငါ့ကို အဒေါ်ပြောပြဘူးတာ၊ ပြီးတော့ ခုကြည့်ရင်လည်း သိနိုင်တာပဲ၊ သော်ကနဲ့မိုးမခ နှစ်ယောက်တည်း အမှတ်တူတာထားတော့ တချို့အမှတ်တွေဆို ဆယ်ယောက်လောက်တူနေတာ၊ အဲဒီအခါကျတော့ အက္ခရာစဉ်တယ်၊ တူနေရင် အသတ်စဉ်တယ်၊ ထပ်တူနေရင် ရှေ့စာလုံးရဲ့ အက္ခရာစဉ်ကို ကြည့်တယ်၊ ဒီလို ဒီလို"

အားလုံးရှင်းသွားပြီဖြစ်သော်လည်း မိုးမခက မျက်ခုံးအတွန့်ချိုးထားဆဲ။ ပြီးမှ….

"ဘာလို့ရှေ့အက္ခရာနဲ့ မစဉ်ရတာလဲ မသိဘူး။ ဒီလိုမှန်းသိဖေဖေ့ကို မိုးမကာလို့ ပေးခိုင်းခဲ့ပါတယ်"

မိုးမခစကားကြောင့် တစ်အုပ်စုလုံး ဝိုင်းရယ်ကြသည်။ ဒီဘက်သော်ကတို့လေးယောက်ပင် ပြုံးမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... မင်းကလဲ သော်ခဆို ပြီးရော... ဒီလိုဖြစ်မှာ မဟုတ်ဘူး"

တင်ထိုက်က ကြိတ်၍ပြော၏။

"သော်အခဆိုရင် ပိုမကောင်းဘူးလား"

မြင့်ဆောင်ကပါ ဝင်နောက်၏။

သော်ကစိတ်ထဲမှာလည်း အဲဒီလိုပဲဖြစ်စေချင်ပါသည်။ သော်က ဆိုသောကောင်က ကိုယ့်အလုပ်ကို မထိခိုက်လျှင် အရာရာကို အလျှော့ပေးချင်တတ်သောသူ မဟုတ်လား။

စကားသံတချို့နှင့်အတူ လက်ကောက်သံတချွင်ချွင်ကို စည်းချက်မှန်မှန်ကြားနေရသဲ၊ သော်ကတို့လည်း တောရောက်ရောက် တောင်ရောက်ရောက် ပြောဆိုနေကြရင်းမှ တိုင်းမြင့်က တစ်ခုကို သတိရသွားသလိုနှင့်...

"ဟော့ကောင် မိုးမခက လှလား"

ဟုတ်တော့ ဟုတ်ပါသည်။ တိုင်းမြင့်က မိုးမခကို ကျောပေးထိုင်နေရသူကိုး...။

"သိချင်ရင် လှည့်ကြည့်ပါလား"

"ဟာ... မကြည့်ချင်ပါဘူး"

"မကြည့်ရဲတာလား"

"မကြည့်ရဲတာမဟုတ်ဘူး။ မကြည့်ချင်တာ... အောက်ပါတယ်ကွာ"

တိုင်းမြင့်၏ အခြေကြောင်ကြောင်အယူအဆကို ပိုင်းရယ်ဖြစ်ကြရင်း သော်ကက ပြောလိုက်သည်။

"ဒါဖြင့်လဲ မကြည့်နဲ့ကွာ... မင်းတို့စိတ်နဲ့ ငါတို့စိတ်က တူတာမှ မဟုတ်တာ၊ ငါတို့က လှတယ်ပြောလည်း မင်းမျက်စိထဲ လှချင်မှလှနေမှာ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ကြတာပဲ ကောင်းပါတယ်ကွာ"

ပြောပြီး သော်က မသိသလိုလို တစ်ဘက်လှည့်ကြည့်လိုက်၏။ တိုင်းမြင့်ကလည်း သော်ကလို တစ်ဘက်လှည့်သလိုလိုနှင့် ဆတ်ခနဲ လှမ်းကြည့်၏။ သော်ကတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီး ပြန်လှည့်လာသည်အထိ တိုင်းမြင့်ခေါင်းက ပြန်လှည့်မလာသေး။

"လှည့်မကြည့်ချင်ပေလို့ပဲ"

မြင့်ဆောင်က ပွစိပွစိရေရွတ်၏။ တိုင်းမြင့်ကတော့ ဘာမှမကြား။ တစ်ဘက်စားပွဲသို့သာ လှမ်းကြည့်နေ၏။ ထိုစဉ်...

"ဟဲ့ တိုင်းမြင့်"

ကောင်မလေးအသံလွင်လွင်လေးတစ်ခုကြားလိုက်ရ၍ သော်ကတို့ပါ ခေါင်းများ လည့်ကုန်ကြ၏။

"အေး...ငါလည်း နင်နဲ့တူပါတယ်လို့ ကြည့်နေတာ"

"အေး...ဒီမှာနီနီနဲ့ ဝေဝေလည်းပါတယ်၊ ငါတို့တွေ ကျောင်းပိတ်ထဲက အခုမှတွေ့ရတော့တယ်၊ နင် အခု ဘာရလဲ"

"ရူပဗေဒ"

"အေး...အတူတူပဲ၊ နီနဲ့ဝေရောပဲ"

စားလွယ်ခုတ်လှမ်းပြောနေရာမှ တိုင်းမြင့်က ထသွား၏။ မိုးမခတို့ဝိုင်းဘေးမှ ခုံသို့ ဖြစ်သွား၏။ သူနှင့် နွေနွေဆိုသော ကောင်မလေးရယ်၊ နီနီနှင့်ဝေဝေဆိုသောကောင်မလေးရယ် စကားတွေ ဖောင်ဖွဲ့နေကြ၏။

မြင့်ဆောင်က...

"တော်သေးတာပေါ့ မကြည့်ချင်ပေလို့၊ မဟုတ်ရင် ခုလောက်ရှိပါသွားပြီ"

သော်ကတို့ ကြိတ်ရယ်ဖြစ်ကြ၏။ သူတို့တွေဆယ်တန်းအောင်တုန်းက ဘယ်သူက 'ဒီ' ဘယ်နှစ်လုံး၊ ဘယ်နှစ်မှတ်၊ ခု ဘာရလဲနှင့် မပြီးနိုင်တော့...။ ဆယ်တန်းမှာ အတူတူကျူရှင်ယူခဲ့ကြသူများဟု မှန်း၍ရသည်။

ခဏကြာမှာတော့ တိုင်းမြင့်က...

"ဩော်...ဒါငါ့သူငယ်ချင်း မြင့်ဆောင်တဲ့၊ တင်ထိုက်တဲ့၊ အဲ...သူက နင်တို့ စောစောကပြောနေကြတဲ့ သော်က"

"အယ်..."

ကောင်မလေးတွေ နှုတ်ခမ်းဝိုင်းသွားကြသည်။ ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာက မိုးမခတဲ့၊ မိုးမ ဒီမှာ နှင့်ပါတနာ'သော်က'လေ"

သော်ကလှမ်းအကြည့်မှာ အတွန့်ချိုးထားသောမျက်လုံးအစုံအောက်မှ တည်စူးနေသော အကြည့်များကိုသာ တွေ့လိုက်ရ၏။ လက်ကောက်သံတချွင်ချွင်နှင့်အတူ ကျောပိုးအိတ်ကလေးကို ကောက်ကိုင်လိုက်ရင်း...

"ငါသွားတော့မယ်၊ ဟိုမှာ ဖေဖေစောင့်နေပြီ"

အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ ထွက်သွားတော့၏။ ထိုအကြည့်ဝေ့တစ်ချက်တွင် သော်ကတော့ မပါချေ။

စားပွဲဝိုင်းလေးနှစ်ဝိုင်း တခင်ဆွဲ့အတိတ်ဆိတ်ကာ ကျန်ခဲ့ရ၏။

❁❁❁

[၂]

"မြ"

"ဟာ...မိုး"

"အေး... ငါလည်း ချက်အပ်(check-up)လုပ်မလို့၊ နင်တို့နဲ့လာတန်းစီချင်တယ်၊ နောက်မှာ လူတန်းက အရှည်ကြီး"

"လာလေ... ငါတို့ရှေ့က မသိမသာဝင်ရပ်လိုက်၊ မဟုတ်ရင်နောက်က အော်လိမ့်မယ်"

ကျောင်းအပ်သောနေ့ဖြစ်၏။ ဖောင်ဖြည့်ပြီး ချက်ကင်လိုက်ရန်နေရာတွင် လူများနေ၍ တန်းစီနေရသည်။ သော်ကနှင့်တိုင်းမြင့် တန်းစီနေစဉ် နောက်မှ ထိုအသံများကို ကြားလိုက်ခြင်းဖြစ်သည်။

သူ မမှတ်မိစရာမရှိသည့်အသံမို့ လှည့်မကြည့်ပါဘဲ နိုးမခမှန်း သော်က သိနေ၏။ သူ့ရှေ့က ရပ်နေသော တိုင်းမြင့်ကိုလည်း အသိမပေး



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ သူတိတ်တိတ်ကလေးငြိမ်နေလိုက်၏။ နောက်က အုပ်စုကလည်း ခုမှတွေ့ကြသည်မို့ ရေပက်မဝင်စကားပြောလို့ ကောင်းတုန်းမို့ သော်ကနှင့် တိုင်းမြင့်ကို သတိမထားကြ။

ချက်ကင်လိုက်သောနေရာတွင် စားပွဲတစ်လုံးနှင့် လူသုံးယောက် ထိုင်ကာ အလုပ်လုပ်နေကြခြင်းမို့ တစ်ခါဝင်လျှင် သုံးယောက်တစ်တွဲ ချက်ကင်ပေးလိုက်ရ၏။

"အဲဒါမှ ပြဿနာ"

သော်ကစိတ်ထဲက ရေရွတ်လိုက်ခြင်းရယ်ပါ။ မတော်တဆ သူနှင့်မိုးမခ တွဲဝင်ရလျှင် ပြဿနာတစ်ခု ထပ်တက်နိုင်သေးသည် မဟုတ်လား။ သူ့ဘက်ကတော့ မဟုတ်ပါ။ မိုးမခဘက်ကသာ သူ့ကို အလိုလို အမြင်မကြည်ဖြစ်နေခြင်းဖြစ်သည်။ ဝင်ခွင့်ထွက်သည့်နေ့က ထထွက်သွားတာပဲ ကြည့်လေ...။

သော်ကအတွေးပင် မဆုံးလိုက် တိုင်းမြင့်ရှေ့က တစ်ယောက် အထိ သုံးယောက်တွဲဝင်သွားသည်ကို တွေ့လိုက်ရ၏။ သွားပြီ...တိုင်းမြင့် ရယ်၊ သူရယ်၊ မိုးမခရယ် အတူတွဲပြီး ချက်ကင်လိုက်ရဖို့က သေချာနေပြီ။

အခုမှတော့ ဘာမှမတတ်နိုင်တော့။ လာမယ့်ဘေး ပြေးတွေ့ ရုံပဲ ရှိတော့တာပေါ့။

ရှေ့ကသုံးယောက် ထွက်သည်။

"လာ..သော်က၊ အဲ..."

သော်ကကို လှမ်းခေါ်ရင်း နောက်က မိုးမခကို တွေ့သွား၍ ဖြစ်သည်။ မိုးမခကလည်း သူတို့ကို အခုမှတွေ့ပုံရ၏။ မျက်ခုံးလေး မသိမသာအတွန့်ချိုးသွားသည်။ သူမနောက်မှ နွေကတော့ တိုင်းမြင့်နှင့် သော်ကကို လှမ်းနှုတ်ဆက်ကာ ပြုံးပြ၏။

ချက်ကင်စားပွဲကိုရောက်တော့ ဖောင်သုံးခုကို တိုင်းမြင့်ကပဲ စုပေးလိုက်၏။

"ရှီးလ်ဆဲဗင်း တိုင်းမြင့်၊ နောက်တစ်ယောက်က ဟာ... ဒိုးလ်ဝမ်းပါလား...ဘယ်သူလဲ"

ချက်ကင်လိုက်သော အန်တီကြီးက မော့ကြည့်ကာမေး၏။



www.burmeseclassic.com

www.burmeseclassic.com



သော်ကက ဘာဖြေရမှန်းမသိစဉ် တိုင်းမြင့်က 'သူ'ဟု ဝင်ဖြေပေးလိုက်သည်။

"ဟာ…သားက တော်လိုက်တာ၊ အမှတ်တွေအများကြီးရရဲ့ သားနဲ့ ဘာလို့ ဝိဇ္ဇာသိပ္ပံကို လာရတာလဲ"

"ကျွန်တော် ဝါသနာမပါလို့ပါ"

"အေးကွယ်…တော်လိုက်တာ၊ အန်တီ့သားလေးသာ ဖြစ်လိုက်ပါတော့"

ဘေးမှတစ်ယောက်ကလည်း…

"ဟုတ်ပ၊ အဲလိုတော်တဲ့ကလေးမျိုးဆို အစ်ကိုတို့လည်း သဘောကျတယ်၊ ကြိုးစားကွာ"

"နောက်တစ်ယောက်က ရိုးလ်တူး၊ ရိုးလ်ဝမ်းနဲ့တူးက အတူတူ ကျောင်းအပ်ကြတာကိုး…"

ဒီလောက်နှင့်ပြီးသွားကြပြီး ဖိုင်တွဲကြီးများကိုလှန်ကာ ချက်ကင်လိုက်ပေးကြသည်။ မိုးမခကို မသိမသာ လှမ်းကြည့်မိတော့ မျက်နှာလေးက သုန်မှုန်မှိုင်းညိုနေ၏။

ဒါကို နောက်မှလှမ်းမြင်သော နွေက…

"မိုးမ…အဆင်မပြေဘူးလား"

"ဟုတ်တယ်…မပြေဘူး"

"ဘာမှားလို့လဲ"

"အားလုံးမှားနေတယ်"

"ဟင်…ခုနက အတူတူဖြည့်ကြတာပဲ၊ မိုး ဘာမှမမှားပါဘူး"

"မှားတယ်…မှားတယ် အစတည်းကကို အားလုံးမှားနေတာ"

ဒေါသသံစွက်နေသော အသံတုန်လေးနှင့် နွေ့ကိုပြောပြီး ချက်ကင်လိုက်ပြီးပြီဖြစ်သော သူမစာရွက်လေးကို ဆတ်ခနဲဆွဲယူကာ လူအုပ်ကြားထဲမှ တိုးဝှေ့ထွက်သွားတော့၏။ အူကြောင်ကြောင်ကျန်ခဲ့သူက နွေ။

နောက်က 'နွေ'နှင့်'မြ'ဆိုသော ကောင်မလေးနှင့် ချက်ကင်တင်လိုက်ပြီး ထွက်လာသည်အထိ တိုင်းမြင့်နှင့်သော်က စောင့်နေလိုက်

www.burmeseclassic.com



ကြသည်။ မိုးမခကိုတော့ မတွေ့တော့။

"ပြီးပြီလား မိနွေ"

"အေး...မိုးမခရော"

"မသိဘူးလေ...စောစောတည်းကထွက်သွားတာ၊ ငါတို့က နင့်ကို စောင့်နေတာ၊ ငွေသွင်းတဲ့ဘက်မှာ လူအရမ်းများလို့ ငါတို့သွင်းပေးမလို့"

"ဟာ....ကျေးဇူးပဲ တိုင်းမြင့်ရေ၊ အရေးထဲ မိုးမက ဘယ်ပျောက်နေပြန်သလဲမသိဘူး၊ ရှာပါဦး"

သူတို့ အချီအချပြောနေကတည်းက သော်က မိုးမခကို လှမ်းမြင်လိုက်၏။ ထို့ကြောင့်...

"ဟိုဘက်ကော်ရစ်ဒါထောင့်မှာ ရပ်နေတယ်"

သော်က စကားကြောင့် နွေနွေက သော်ကကို အဓိပ္ပါယ်ပါပါ ပြုံးကြည့်လိုက်၏။ ဘာမှတော့ မပြော။ ပြီး...မိုးမခဆီ ပြေးသွားလိုက်သည်။ ခဏနေတော့ သူတို့နား ပြန်ရောက်လာကာ...

"အမယ်လေး မနည်းတောင်းလာရတယ်တော့၊ သူ့ဘာသာ တိုးပါ့မယ် လုပ်နေလို့ ဒီပါတနာနှစ်ယောက်နဲ့တော့ ဒုက္ခပဲ... ဘယ်လိုများ နှစ်လုံးပေါက်စခန်းသွားကြမလဲ မသိဘူး၊ ရော့...တိုင်းမြင့် ငါတို့ ဘယ်က စောင့်ရမလဲ"

တိုင်းမြင့်က နွေနွေလှမ်းပေးသော ဖောင်နှင့်ငွေများကို လှမ်းယူကာ....

"ကင်တင်းကပဲစောင့်၊ မကြာဘူး၊ အဲဒီမှာ ငါတို့အပေါ်ထပ်က အဒေါ်ကြီးတစ်ယောက်ရှိတယ်၊ သူက လာခဲ့လို့ မှာထားတယ်၊ ခဏပဲ ငါတို့လိုက်လာခဲ့မယ်"

"မြလည်း နောက်မှ နွေဆီက ဖြတ်ပိုင်းယူတော့မယ်၊ မြ သွားစရာရှိလို့"

မြကလည်း နှုတ်ဆက်ကာထွက်သွားသဖြင့် နွေတစ်ယောက်တည်း မိုးမခရှိရာသို့ ထွက်လာခဲ့လိုက်သည်။

"မိုး...လာ၊ ငါတို့ ကင်တင်းက သွားစောင့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နွေခေါ်ရာသို့ အသာတကြည့် လိုက်လာသော်လည်း မိုးမခ နှုတ်ဆိတ်နေ၏။ ကင်တင်းရောက်မှ နွေက…

"မိုး…ဘာထပ်ဖြစ်ပြန်တာလဲ၊ သော်က,က နင့်ကို ဘာမခံချင်စရာဖြစ်အောင် လုပ်လိုက်လို့လဲ"

မိုးမခ ခေါင်းအသာခါပြ၏။

"ဒါဆို…ဘာဖြစ်တာလဲ"

မိုးမခ တော်တော်နှင့် မဖြေ။ အတော်ကြာမှ…

"ငါကပဲ စိတ်နုလို့လား မသိပါဘူးဟာ၊ ငါ့နေရာကိုရောက်နေတဲ့ လူတစ်ယောက်အဖြစ် ငါ သော်ကကို ကြည့်မရ,ရတဲ့အထဲ"

"ဘာဖြစ်လဲ"

ချက်ကင်စားပွဲမှကိစ္စကို မိုးမခ ပြောပြလိုက်သည်။

"အေး…နင်တို့ကတော့ ငါ့ကို ဒါလေးများလို့ ပြောရင် ပြောမှာပဲ၊ ဒါပေမဲ့ ငါ့ခံစားချက်ကို ငါပဲသိတယ်။ တစ်သက်လုံး သူများအထက်မှာနေရအောင် ငါကြိုးစားခဲ့တယ်၊ နေလည်း နေရတယ်။ ခုလည်း ငါ့အမှတ်နဲ့ဆို Institute တွေမှာတောင် ရိုးလ်မြင့်မြင့် ရနိုင်တာ၊ ဝါသနာမပါလို့ Science ကိုလာတယ်။ Roll 1 ကိုတော့ ရချင်တာပေါ့ ခုတော့…"

"နင်ကလည်းဟာ အဲဒီလိုတွေးနေရင် နင်ပဲ စိတ်ပင်ပန်းမှာပေါ့ နင်တို့နှစ်ယောက်က အမှတ်အတူတူပဲဟာ"

"အဲဒါကို ငါပဲသိတယ်၊ ငါ့အပြင် သူသိမယ် နင်တို့သိမယ် ဒါပဲ…အခြားဘယ်သူမှ မသိကြဘူး၊ ဘယ်လိုလူကဖြစ်ဖြစ် တစ်ကို တစ်လို့ပဲဆက်ဆံပြီး နှစ်ကိုလည်း နှစ်လို့ပဲဆက်ဆံမှာပဲ၊ ငါက 'အတင်း အမှတ်တူတယ်လို့လိုက်ပြောနေရအောင်လည်း အရှူးမှမဟုတ်တာ"

မိုးမခ စကားအဆုံးမှာ နွေ သက်ပြင်းရှည်ကြီးတစ်ခုကို ချ သည်။

"နင်လည်း အဲဒီကိစ္စကို မေ့ထားလိုက်ပေါ့ဟာ၊ မဟုတ်ရင် နှစ်လုံးပေါက် နင်ပဲ စိတ်ဆင်းရဲနေရမှာ၊ ပြီးတော့…သော်ကမှာ အဲဒီ အတွေးမျိုး ရှိပုံလည်းမရပါဘူး၊ သဘောကောင်းပုံရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မေ့ထားလိုက်ရမယ်၊ ဟုတ်လား မိန္နွေ"

"အင်း...လေ"

"မဖြစ်နိုင်တာဟာ၊ ငါ့ကို အတိတ်မေ့ဆေးတိုက်ပေးမှပဲ ဖြစ်မဲ့ကိစ္စ"

"မဟုတ်ဘူး၊ နင်စိတ်ပင်ပန်းမှာစိုးလို့ ပြောတာပါဟာ"

"မတတ်နိုင်ဘူးလေ...ဖြစ်လာခဲ့ပြီပဲ"

မိုးမခ ဆိုတာက အဲဒီလိုခေါင်းမာမာနှင့် အမှတ်အသားကြီးတတ်သည့် မိန်းကလေးမျိုးဖြစ်သည်။ စိတ်ရင်းကတော့ ကောင်းပါသည်။ မကောင်းတတ်သော သူမ၏ ကံကြမ္မာကိုသာ သူမ စိတ်ပျက်နေခြင်းလည်းဖြစ်နိုင်သည်။

"နွေ"

"ဘာလဲ"

"နင်သိလား၊ ငါ့ဘဝမှာ ဘယ်လိုလူတစ်ယောက်ကိုမှ ကြည့်မရမဖြစ်ခဲ့ဖူးဘူး"

"အင်း...ငါသိပါတယ်"

"ခု...ငါ သော်ကကို ကြည့်မရတာက မနာလိုတာမပါတာတော့ သေချာတယ်"

"အင်းပါ...ငါယုံပါတယ်"

"အဲဒီလူကိုလေ ငါ့ကံကြမ္မာတွေကိုယူထားတဲ့ လူတစ်ယောက်လို့ကို ငါမြင်နေမိပြီ"

နွေ သက်ပြင်းချမိပြန်သည်။

"မိုးရယ်..."

ထိုသို့ ညည်းတွားရုံမှတစ်ပါး သူမလည်း ဘာမှလုပ်မပေးတတ်။

"ဟေ့...သမီး မိုးမခ"

"ဟာ...အန်တီချို"

ငြိမ်သက်နေသော သူတို့နှစ်ယောက် ခေါ်သံကြောင့် ငြိမ်းဘူ ကြည့်မိကြ၏။ မိုးမခ၏ အသိ၊ ဆရာမဖြစ်ဟန်တူပါသည်။

"မိုး...ဘာရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"Physics၊ အန်တီချိုတို့မေဂျာမှာပဲလေ"

"ဟာ…ကောင်းတာပေါ့၊ သမီးအမှတ်က အများကြီး ဘာလို့ ဝိဇ္ဇာသိပ္ပံကို လာရတာလဲ"

"ဝါသနာပါလို့ အန်တီ"

"ကောင်းတယ်…ဒါဆိုသမီးက ရှီးလ်ဝမ်းပေါ့ ဟုတ်လား"

မိုးမခ မျက်နှာကလေး ပျက်သွားရ၏။ ပြီးမှ…

"ဟင့်အင်း…အန်တီချို၊ သမီးက ရှီးလ်တူးပါ"

"ဟင်…သမီးထက် အမှတ်များတဲ့သူတောင် ရှိသေးတာကိုး"

"ဟင့်အင်း…အန်တီ၊ မိုးနဲ့ရှီးလ်ဝမ်းက အမှတ်တူပါ၊ အက္ခရာ စဉ်လိုက်လို့ မိုးက တူးဖြစ်သွားတာ"

နွေ မနေနိုင်ဘဲ ဝင်ရှင်းပြမိ၏။

အန်တီချိုဆိုသူ နှုတ်ဆက်ထွက်ခွာသွားတော့ မိုးမခက သူမ၏ လက်ဖက်ရည်အကျခွက်ထဲကို သံပုရာသီးစိပ်ကလေးညှစ်ထည့်ရင်း…

"တွေ့တယ်မဟုတ်လား နွေ…အဲဒီလိုလူတွေအများကြီးပဲ၊ အခါ ခပ်သိမ်းမှာ နင်ဝင်ရှင်းပြပေးနိုင်မှာမဟုတ်ဘူး၊ ဒီတော့ နင်မယုံရင် ကြည့်နေ ငါအခုအချိန်ကစပြီး တစ်ထစ်ရှုံးနေတော့မှာ သေချာတယ်"

နွေ ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သက်နေမိ၏။

"နွေ"

"ပြော"

"ခဏနေကျလို့ တိုင်းမြင့်တို့လာရင် ငါ စလစ်(ပ)ယူပြီး ပြန်မယ်၊ နင်သူတို့ကို တစ်ခုခုကျွေးလိုက်နော်၊ ငါရှင်းပေးမယ်"

"ရပါတယ်ဟာ"

"ဟင့်အင်း…ဒီလူအုပ်နဲ့ကြာကြာတိုးရရင် ငါမူးလဲမှာ၊ ခုလို တိုးပေးတာကို ငါ ကျေးဇူးတင်ပါတယ်"

အသိကနေတစ်ဆင့် တိုင်းမြင့်သွင်းပေးမှာကို မပြောပြဖြစ်တော့၊ နွေ အသာလေးငြိမ်နေလိုက်သည်။ မိုးမခက စကားကို ဆက်၏။

"သူတို့ရောက်တာနဲ့ ငါပြန်မှာ၊ ငါသော်ကနဲ့ စကားမပြော ချင်ဘူး၊ ငါရှိနေရင် နင်နဲ့တိုင်းမြင့်လည်း ကြားက အနေခက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ငါပြန်မယ်...သိလား"

"သဘောလေ"

"ဪ...နွေ"

"ဘာလဲ"

"ငါ ကားပြန်လွှတ်ရမလား၊ နင်အပြန် ခက်နေလိမ့်မယ်၊ ခါတိုင်းငါပို့နေကျ မပို့ရင် အန်တီက ငါ့ကို ပြောဦးမယ်"

"မလွှတ်ပါနဲ့ဟာ တစ်နေ့တစ်လေပဲ၊ မေမေ ဘာမှပြောမှာ မဟုတ်ပါဘူး၊ ငါ တိုင်းမြင့်တို့နဲ့ ပြန်လိုက်မယ်"

ခဏနေကျတော့ သော်ကနှင့်တိုင်းမြင့် ရောက်လာ၏။ ဖြတ်ပိုင်းများကို စားပွဲပေါ်တင်ရင်း ဝိုင်းမှာ ဝင်ထိုင်သည်။ မိုးမခက သော်က လှမ်းတင်လိုက်သော ဖြတ်ပိုင်းများထဲမှ သူ့မဖြတ်ပိုင်းကို ရွေးကာ...

"ကျေးဇူးပဲ၊ ကျွန်မ ပြန်လိုက်ဦးမယ်"

ပြောပြောဆိုဆို ထိုင်ရာမှထကာ နှုတ်ဆက်ထွက်ခွာသွားတော့၏။

"နင့်သူငယ်ချင်းက ဘယ်လိုလဲဟ"

တိုင်းမြင့်က နားမလည်ဟန်ဖြင့် ပြော၏။

"ဪ.....သူ ကိစ္စရှိလို့ပါ"

နွေက ကြားဝင်ပေးသော်လည်း တိုင်းမြင့်က မယုံပါ။

"လာဖြီးမနေနဲ့၊ စောစောက ချက်ကင်စားပွဲမှာပြောတာကို မကျေမနပ်ဖြစ်နေတာ မဟုတ်လား"

တိုင်းမြင့်စကားကြောင့် နွေက အားနာစွာပြုံးသည်။ ပြီးမှ...

"မကျေနပ်တယ်ရယ်လို့တော့လည်း မဟုတ်ပါဘူးဟာ၊ သူ့ ဘာသာသူ စိတ်မကောင်းဖြစ်တာပါ"

"ကျွန်တော် နားလည်ပါတယ်နွေ၊ ကိစ္စမရှိပါဘူး"

သော်က..နွေ့ကို စိတ်သက်သာရာရစေရန် ဝင်ပြောလိုက်ရ၏။

"အင်း..သော်က,က နားလည်ပေးလို့ နွေက ကျေးဇူးတင်တယ်၊ နွေကတော့ ကိုယ့်သူငယ်ချင်းအရင်းကြီးမို့ ပိုနားလည်ရပါတယ်"

နွေက စကားကိုဖြတ်ကာ သော်ကတို့အတွက် တင်ရှုမှာခိုင်း

www.burmeseclassic.com



၆၆။ ပြီးမှ...

"သူ အတင်းကြီး မနာလိုမုန်းတီးတာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက စိတ်အစွဲအလမ်းကြီးတယ်၊ လိုချင်တာကို ဖြစ်အောင် လုပ်တတ်တယ်၊ သူ စာကြိုးစားတာက သူများတွေလို ဆရာဝန် ဖြစ်ချင်လို့၊ အင်ဂျင်နီယာဖြစ်ချင်လို့ ဒါမျိုးမဟုတ်ဘူး။ စာကြည့် စာဖတ် ရတာကို သူက ဝါသနာပါတာ၊ ဒီတော့ သူရတဲ့အမှတ်နဲ့ဆိုရင်..."

နွေက စကားစကို ခဏဖြတ်ကာ ရေနွေးကြမ်းကိုငုံ့နေ၍ သော်ကက ဖြတ်ပြောလိုက်၏။

"ဟုတ်တာပေါ့...သူ့အမှတ်နဲ့သူက ဒီဝိဇ္ဇာသိပ္ပံမှာ ပြိုင်စံရှားပဲ ခုံနံပါတ်တစ်ဟာ သူပဲ ဖြစ်ရမယ်လို့ သူမျှော်လင့်ထားမှာပေါ့၊ သူ့လို နောက်တစ်ယောက်က ရောက်လာပြီး သူ့ရှေ့မှာရောက်နေတော့ စိတ် အနှောက်အယှက်ဖြစ်တာပေါ့"

"ဟုတ်တယ်သော်က၊ ဒီထက်ဆိုးတာက ပတ်ဝန်းကျင်ပဲ... သူ စောစောက ပြောသွားသလိုပဲ တစ်ကိုတစ်လို့ပဲ ဆက်ဆံကြမှာပဲ တစ်နဲ့နှစ်ကို ဘယ်သူကမှ ညီမျှခြင်းထိုးမှာ မဟုတ်ဘူးတဲ့"

"ဒါကတော့ ဟုတ်တယ်နော်"

တိုင်းမြင့်ကပါ ထောက်ခံလာ၏။

"ပြီးတော့..."

"အင်း...ပြောပါဦး"

"သူ အမြဲတမ်း တစ်ထစ်ရှုံးနေတော့မှာ သေချာတယ်တဲ့"

"ဗျာ...ဘယ်လို"

"စာသင်နှစ် တစ်နှစ်လုံး သူဟာ တစ်ထစ်ရှုံးနေလိမ့်မယ်တဲ့"

"ဟာ...ဗျာ"

သော်က ဘာပြန်ပြောမှန်းမသိအောင် ဖြစ်သွားရ၏။ သူမလေး ပြောတာကလည်း မှန်နေသည်ကိုး။ ဒီလောက် ထောင့်စေ့စေ့ တွေးမြင် နေသည့်အတွက်တော့ ချီးကျူးမိသည်။

"ကျွန်တော် ဘာလုပ်ပေးလို့ရမလဲ မသိဘူး"

"မင်းက ဘာလုပ်ပေးချင်လို့လဲ၊ ဘာမှ လုပ်ပေးလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သော်က၏ အူကြောင်ကြောင်အမေးကို တိုင်းမြင့်က ဝင်ကန့်ကွက်၏။

"မဟုတ်ဘူးလေ"

"ဟုတ်ပါတယ်"

စိတ်ပေါ့ပါးလိုပေါ့ပါးငြား ရယ်စရာမဟုတ်ပါပဲ ရယ်ဖြစ်ကြ၏။

နွေက လက်ညှိုးတစ်ချောင်းထောင်ကာ…

"တစ်ခုရှိတယ်"

"ပြော…"

"သူနဲ့ ထိပ်တိုက်တွေ့မယ့် နေရာတွေဆိုရင် သော်က,က နောက်ဆုတ်ပေးလို့ ရမလား။ အဲ…နွေတောင်းဆိုတာ လွန်သွားသလား မသိဘူး ဆောရီးနော်"

"ကိစ္စမရှိပါဘူး၊ ဒီတစ်ခုပဲ ကျွန်တော်တို့လုပ်ပေးနိုင်မှာလေ၊ ကျွန်တော် သတိထားလိုက်ပါ့မယ်"

အံဖြေမမည်သော အဖြေတစ်ခုကို ရသွားပြီမို့ သူတို့ဝိုင်းက အခြားအကြောင်းအရာများသို့ ရောက်သွားကြတော့သည်။ တိုင်းမြင့်နှင့် နွေနွေက စကားသင့်ကာ အမှုင်မပြတ်သလောက် သော်ကတစ်ယောက် မှာတော့ အတွေးတွေဖြင့် ဝေနေသည်။

ကျောင်းတွေဖွင့်လျှင် ရင်ဆိုင်ရမည်။ စူးရှတောက်ပြောင်နေသည့် အကြည့်နက်နက်များရယ်၊ ဘာတွေဆက်ဖြစ်မလဲ မသိနိုင်တဲ့ အကြမ္မာရယ်…။

မဝေးတော့သည့် ကျောင်းဖွင့်ရက်ကိုတွေးကာ နွေနွေနှင့် တိုင်းမြင့်တို့ အစီအစဉ်တွေချကာ ပျော်နေသလောက် သော်ကမှာတော့ သူတို့လို ရာနှုန်းပြည့် မပျော်နိုင်တော့ချေ။ ဆိုင်ပြင်မှာတော့ ဆောင်းနေ့တစ်နေ့၏ နေက ပြောစမှတ်ပြုစရာကောင်းလောက်အောင် ပူပြင်းဆောက်လောင်ဆဲ။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



•

[၃]

ဆိုင်ကယ်ကို စက်သတ်လိုက်ပြီး ဟဲလ်မက်ကိုဆွဲအဖြုတ် တွင်ပင်…

"ဟေး..ရိုးလ်နံပါတ်ဝမ်းကြီး ကြွချီတော်မူလာပါပြီ"

သံပြိုင်အော်ဟစ်လိုက်သောအသံများကြောင့် သော်ကစိတ်ညစ် သွားရ၏။ ဘေးဘီမှ ဖြတ်သန်းသွားကြသော ကျောင်းသူ ကျောင်းသား များကလည်း သော်ကကို အကြည့်စုံနှင့် ကြည့်သွားကြသည်။

"ချွင်…ချွင်.."

ကြားနေကျ အသံလေးတစ်ခုကို ကြားလိုက်ရ၍ ဖျတ်ခနဲ လှမ်းကြည့်မိတော့ မိုးမခ။

သွားပြီ…လှမ်းလက်စခြေလှမ်းများကို ရုပ်သိမ်းကာ နောက် ကြောင်းပြန်လှည့်သွားသော…မိုးမခ။ သော်က ပို၍စိတ်ညစ်သွားရ တော့၏။

"မင်းတို့ကလဲကွာ"

"ဘာ မင်းတို့ကလဲ…လဲ"

"အေးလေ…ချီးကျူးသြဘာပေးတဲ့ ဥစ္စာကို"

"မဟုတ်ပါဘူး ကြော်ငြာတာပါ"

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြောနေကြသော သူငယ်ချင်း များကို သော်က ဘာမှမပြောသာသဖြင့် တိုင်းမြင့်ကိုသာ ပြောရတော့၏။

"မင်းတို့ကကွာ၊ လုပ်လိုက်မှဖြင့် ဟိုမှာတွေ့လား"

သော်က လက်ညွှန်ပြရာကို ကြည့်မိပြီး တိုင်းမြင့်လည်း အားနာသွားရ၏။

"ဟာ…ငါမသိလို့ပါ၊ တကယ်လည်းမမြင်ဘူး။ ပြီး…ငါတို့



www.burmeseclassic.com

www.burmeseclassic.com



တမင်လုပ်တာမှ မဟုတ်တာကွာ၊ ဘယ်တတ်နိုင်မလဲ''

အခြေအနေကို သဘောမပေါက်ကြသော ကျန်သူငယ်ချင်းများက...

''သော်ကရေ...ဘာဇာတ်တွေ ခင်းနေတာလဲ၊ လာ...တင်တင်းသွားမယ် ခုဟာက မင်းရိုးလ်ဝမ်းရတဲ့အတွက် စားမှာ၊ ပြီးရင် ဇရက်ရှာဝဲလ်ကမ်း တက်မယ်၊ ပြီးရင်တော့ နေ့လည်စာ တစ်ခေါက်စားမယ်၊ အဲဒီကျရင်တော့ ရုပ်ဗေဒကင်း သော်က,ကပဲ ကျွေးပါလိမ့်မယ်၊ သဘောတူရင် လက်ခုပ်တီးကြပါ''

''ဟေး...''

''ဖျောင်း...ဖျောင်း...ဖျောင်း''

ကော်ရစ်ဒါတစ်ခုလုံး လက်ခုပ်သံ၊ အော်သံများနှင့် ဆူညံသွားတော့၏။ တားလို့လည်း ရမည်မဟုတ်တော့။ နေရာသစ် ကျောင်းအသစ်မှာ ကျောင်းသူကျောင်းသား အသစ်ကလေးတွေ ပျော်ရွှင်အော်ဟစ်နေကြတာပဲ။ သူလည်း ပျော်ချင်သူမို့ မတားဖြစ်လိုက်တော့။ ရိုးလ်ဝမ်းရလို့ရယ် မဟုတ်ဘဲ အားလုံးကို ကင်တင်းမှာ လိုက်ကျွေးလိုက်၏။ ကင်တင်းမှာ တိုင်းမြင့်က...

''မင်းအုပ်စုကိုလည်း ကြည့်လုပ်ဦး''

''ဘာဖြစ်လို့လဲ''

''ကင်းနဲ့ကွင်း ရွေးရင် မင်းကိုပဲ မဲပေးမယ်လို့ လူလိုက်ညှိနေတယ်''

အားလုံးသည် ဒဂုံ(၁)မှ ထွက်ကြသူများဖြစ်ကြသည်။ အုပ်စုဖွဲ့ငြင်ပြီး လူအင်အားများ၏။

''ဟာကွာ...လုပ်ပြီ အဲဒီကင်းရတော့ရော ဘာလုပ်ရမှာလဲ ပြီးတော့ ငါ့ထက်သာတာတွေ တစ်ပုံကြီးကွာ''

''မင်းထက်သာတာ ဟုတ်လား''

''အေးလေ...''

''အဲဒါ မင်းအလုပ် မဟုတ်ပါဘူး၊ ဒီကောင်တွေ လူညှိလို့ဦးဆုံး လူသုံးဆယ်ကွာ၊ ငါတို့မေဂျာမှာ လူတစ်ရာကျော်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သုံးပုံတစ်ပုံနဲ့တော့ မင်း'ကင်း' မဖြစ်ပါဘူးကွာ စိတ်ချ။ အဲ...ကံကြမ္မာက ကောင်းနေရင်တော့ မတတ်နိုင်ဘူးကွာ"

"ဟာ"

"အဲ...တစ်ခုရှိသေးတယ်"

"ဘာလဲ"

"မိုးမခလေ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ ခုနက ငါ မိုးမခကို လှမ်းမြင်လိုက်ရတော့ တကယ့်ကို မိုးကျနတ်မယ်လေးအလားပဲ"

"အဲဒါဘာဖြစ်လဲ"

"ဝေးနေပြန်ပါပြီ၊ သူက ကွင်း၊ မင်းက ကင်းဆိုရင်"

"တော်တော်....အဲဒါမှ ပြဿနာတက်မှာ"

"မတတ်နိုင်ဘူးလေ၊ ငါပြောရင် လွှဲခဲတာတော့အမှန်ပဲ"

"ဟိုနှစ်ကောင် ဘာတွေကြိတ်ကြံစည်နေတာလဲ"

သော်ကနှင့်တိုင်းမြင့် ကြိတ်ကြိတ်၊ ကြိတ်ကြိတ်ဖြစ်နေသည်ကို မသက်ာဖြစ်လာဟန်တူသည်။ တစ်ယောက်က လှမ်းမေးသည်။

"ဘာမှ ကြိတ်မကြံဘူးမောင် ကြံနေတာက မင်းတို့တွေ"

"ဟဲဟဲ...မင်းကို နိဗ္ဗာန်ကို ရက်တိုတိုနဲ့ရောက်အောင် ပို့ပေးတာပါကွာ"

"တော်ပါ...မင်းတို့ ငါ့ကို အဲဒီလောက်စေတနာမထားပါဘူး၊ အပိုတွေလာပြောမနေနဲ့"

'ထိန်မင်း'ဆိုသောကောင်က...

"ဟာ...အဲဒါကတော့ မင်း ငါတို့ကို တလွဲထင်နေပြီ၊ အထင်မလွဲပါနဲ့ သော်ကရယ်၊ များတို့က ကိုယ့်ဒဂုံ(၁)က သူငယ်ချင်းလေးကိုကောင်းစားစေချင်လို့ပါ"

အချောက်အသံနှင့် တမင်နွဲ့ကာ ပြော၏။

"နေပါဦး ထိန်မင်း၊ မင်းက သချာ်ပဲ၊ ဒီကြားထဲ ဘာလာရှုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်အားလာဖြည့်တာကွာ"

ထိန်မင်းအစား တစ်ယောက်က ဝင်ဖြေ၏။

"မင်းတို့လုပ်ပုံနဲ့ ငါကင်းရတော့ရော သိက္ခာက ရှိပါဦးမလား"

"သိက္ခာ...အရေးထဲ သော်ကရာ ပျော်ရဖို့လုပ်နေတဲ့ကိစ္စကို ဘုရားအလောင်းရွေးတယ်များ မှတ်နေလို့လား"

မင်းသူက ပျစ်ပျစ်နှစ်နှစ်ဝင်ဖြေ၏။ တစ်ယောက်ကလည်း...

"မင်းကိုရွေးရခြင်း အကြောင်းအရင်းက..."

"အင်း...ပြောစမ်းပါဦး"

"အဟမ်း..အဟမ်း ရိုးလိဝမ်းဆိုတော့ ကောင်မလေးတော်တော်များများကလည်း စိတ်ဝင်စားမယ်၊ ရုပ်ရည်ကလေးကလည်း မဆိုးဘူး။ နေတတ်ထိုင်တတ်တယ်၊ ဒါကြောင့်၊ ငါ့လောက်တော့ မင်းဘယ်ချောနိုင်ပါ့မလဲကွာ"

"ခွေးကောင်"

တစ်ယောက်တစ်ပေါက်နှင့် ဆူညံပွက်လောရိုက်နေကြ၏။ သူတို့ တကယ်လုပ်ကြမည်လားမသိ။ တကယ်ဖြစ်မြောက်သွားခဲ့လျှင်တော့ မိုးမခက သူ့ကို အကြီးအကျယ်ကြည့်မရဖြစ်ဦးမည်။

မိုးမခပြောတာ မှန်တော့မှန်သည်။ သူ ကွင်းရှိုးတော့ လူပုံအလယ်မှာ သော်ကနှင့်သာဆိုလျှင် တစ်ထစ်ရှုံးနေဦးမည် မဟုတ်လား။ သော်က သက်ပြင်းအသာချမိသည်။

"အသက်တိုတယ် သော်က၊ သက်ပြင်းသိပ်မချနဲ့၊ လာ... သွားရအောင် မင်းသားက နောက်ကျလို့ မကောင်းဘူးလေ"

ထိန်မင်းက ပြောပြောဆိုဆိုဆွဲထူသဖြင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပရာခန်းမသို့ စိတ်မပါဘဲ ထလိုက်ခဲ့ရတော့သည်။ မလိုက်ဘဲနေပြန်ရင်လည်း အတွေ့အကြုံတစ်ခု လက်လွှတ်ဆုံးရှုံးရမည် မဟုတ်ပါလား။

ခန်းမထဲရောက်တော့ လူတော်တော်များနေပြီ။ အကြောင်းအော်ဟစ်နောက်ပြောင်နေကြသူများကလည်းရှိသေးသည်။ ကောင်လေးတစ်ယောက် လုလုပပပြင်ပြီး ဝင်မလာလိုက်နှင့် အော်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ သော်က သတိရပြီး မိုးမခကို ရှာမိ၏။ အခန်း၏ ထောင့်စွန်းတစ်နေရာတွင် ငြိမ်သက်စွာထိုင်နေသော မိုးမခ၊ နွေနွေနှင့် နီနီတို့ကို တွေ့လိုက်ရ၏။ သူတို့အုပ်စုနှင့် သိပ်မဝေး။

နွေနွေက အဖြူရောင်ဝတ်စုံနှင့်။ နီနီကတော့ စိမ်းမြလှပလို့။ ပန်းရောင်ဖျော့ဖျော့ကလေးနှင့် ဝင်းလက်လှပနေသူက မိုးမခ။ လက်တွင်လည်း တချင်ချင်မြည်သော ပန်းနုရောင်ဖန်လက်ကောက်များနှင့်။ မိုးမခမျက်နှာက အပြင်အဆင် အခြယ်အသကင်းစွာ လှပခြင်းဖြစ်သည်။

ထို့ကြောင့် စောစောက တိုင်းမြင့်ပြောသွားတာကို သတိရမိသည်။ "သူက 'ကွင်း'အဟဲ..၊ မင်းက 'ကင်း'ဆိုရင်"တဲ့။ ဘယ်လိုပြဿနာမျိုးမှ ကြုံမထားရသူနှစ်ယောက်ဆိုရင်တော့ ထိုအဖြစ်အပျက်သည် ဆက်မက်ချင်စရာကောင်းမည့် အိပ်မက်တစ်ခု၏ နိဒါန်းလှလှကလေးဖြစ်နိုင်သည်။ အခုတော့...

"ဟေ့ကောင်"

"အင်..."

"အောင်မလေး ဘာဖြစ်နေတာလဲလို့ လက်စသပ်တော့ မိုးမခနတ်မယ်ကို ရှာန်ဝင်စားနေတာကိုး"

လူမိခံသွားရ၍ သော်က နည်းနည်းတော့ ရှက်သွား၏။ သူကလည်းသူကို။ ဘာလို့ငေးစိုက်ကြည့်မိသွားမှန်း ကိုယ့်ဘာသာကိုယ်ပင် မသိလိုက်။

"မဟုတ်ပါဘူးကွာ"

"ဟုတ်ပါတယ်"

"ဘာလုပ်မလို့ခေါ်တာလဲ"

"အဲဒါပဲ ပြောတော့မဟုတ်ဘူးတဲ့၊ ဒီမှာ မဲပေးဖို့ ကတ်ပြားဝေတယ်၊ ငါက မင်းအတွက်ယူထားလိုက်ရတယ်၊ ဒါတောင် မင်းမသိလိုက်ဘူး မဟုတ်လား၊ အင်း....မဟုတ်ဘူးဆိုလို့ပဲ ဟုတ်များဟုတ်နေရင် ဒုက္ခ"

တိုင်းမြင့်က တမင်ရွဲ့ကာပြောသည်။

"ဒါ ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ၊ စောစောက အစီအစဉ်ကြေငြာသွားတယ်လေကွာ၊ တစ်ဦးချင်းစီ နာမည်ရယ်၊ ခုံနံပါတ်ရယ်၊ ထွက်လာခဲ့တဲ့ကျောင်းရယ်ပြောပြီး မိတ်ဆက်ရမယ်၊ အဲဒီထဲကမှ ကိုယ်နှစ်သက်တဲ့ မိန်းကလေးဆိုရင် ဘယ်သူ၊ ယောကျ်ားလေးဆိုရင် ဘယ်သူဖြည့်ပေးရမှာ"

"ပြော်"

"မပြော်နဲ့ဦး၊ မပြီးသေးဘူး"

"ဆက်ပြော"

"နှစ်ယောက် ဖြည့်မိမှာစိုးလို့ မဆင့်က သတိပေးရဦးမယ်"

မဆင့်က သတိပေးတာဆိုသော ကြော်ငြာကို နောက်ကာပြောခြင်းဖြစ်၏။

"ပြော"

"မိန်ကလေးတွေက၊ ယောကျ်ားလေးတွေထဲက ကင်းကိုမဲပေးရမယ်၊ မိန်းကလေးတွေထဲက ကွင်းအတွက်တော့ ယောကျ်ားလေးတွေက ပေးရမယ်"

"ဟာ...ကောင်းတာပေါ့၊ ဒါဆို ခုနက မင်းသူတို့လုပ်နေတာအဆင်မပြေတော့ဘူးပေါ့ကွ"

"ဟုတ်တယ်"

"ဟား...ပျော်လိုက်တာကွာ"

"ပျော်နေ၊ မင်းလည်း ဒီစိတ်နဲ့ သေမှာပဲ"

တိုင်းမြင့်က မသိမသာထောပနာပြု၏။ ပြီးမှ မျက်နှာသေလေးနှင့်...

"ပြော် ပေ့ကောင်၊ ကွင်းအတွက် မိုးမခကိုမှ ထည့်ပါ့မလားငါမေ့နေမှာစိုးလို့ သတိပေးတာပါ"

ဒီတစ်ခါတော့ သော်က ရယ်မိ၏။

"မဟုတ်တာကွာ ကြည့်ရဦးမှာပေါ့"

သူ့စကားကို တိုင်းမြင့် ဆက်ပင်နားမထောင်တော့။ မိတ်ဆက်ပွဲက စနေပြီကိုး။ နာမည်တွေ သေချာနားထောင်၊ ကောင်မလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



မလွတ်တမ်း အကဲခတ်လေ့လာနှင့် တိုင်းမြင့်တို့ အတော်လေး နား။ မျက်စိ အလုပ်ရှုပ်သွားကြ၏။ လူတစ်ရာကျော်ခန့်ရှိပြီး မိန်းကလေး ခြောက်ဆယ်ကျော်ခန့်သာ ပါပေလို့။ မဟုတ်လျှင် ထိုအုပ်စု မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံသို့ ရောက်သွားနိုင်သည်။

မဲပြားလေးတွေ လိုက်ကောက်ကြတော့ သော်က ဘာမှ မရေးရသေး။ သူ့နားရောက်လုရောက်ခင်ကျမှ စိတ်ကိုဒုံးဒုံးချကာ 'မိုးမခ' ဟု ရေးထည့်လိုက်သည်။ သူ မညာချင်ပါ။ ဒီတစ်ခန်းလုံးတွင် မိုးမခ သာ အလှဆုံးဟု သော်က ထင်ခဲ့သည်ကိုး...။

ကြားထဲတွင် အစီအစဉ် သုံးလေးခု ရှိနေသေးသည်။ မဲခွဲနေကြရသည်လေ။ ကြားမှ ဖျော်ဖြေမှု အစီအစဉ်များကို စိတ်ဝင်တစား ပင် သော်က ကြည့်နေလိုက်၏။

ခဏကြာတော့ အလှဘုရင်၊ ဘုရင်မရွေးပွဲ စတော့၏။

အသံချဲ့စက်မှ ဟိန်းထွက်လာသည့် အခမ်းအနားမှူး၏ အသံ ကို ဒီတစ်ကြိမ်ပဲ ကျောင်းသူကျောင်းသား အားလုံး စိတ်ဝင်တစား ငြိမ်သက်ပေးကာ နားထောင်ဖူးသေးသည်။

"ကျွန်တော်တို့ ဒီနှစ် စာသင်နှစ်ရဲ့ 'ကင်း'ကတော့ အားလုံးရဲ့ ရွှေက ရိုးလ်နံပါတ်ဝမ်း သော်က ပါပဲ"

"ဝေး..."

"ဖျောင်း....ဖျောင်း...ဖျောင်း...."

အသံတွေ ဆူညံပေါက်ကွဲကုန်တော့သည်။ သော်က,ကတော့ ဘာကိုမှ မကြားတော့။ မိုးမခကိုသာ တစ်ချက်လှမ်းကြည့်မိသည်။ ပန်းနုရောင် ကြွေရုပ်ကလေးက ငြိမ်သက်လို့။

"ခဏလေး ငြိမ်ပေးကြပါ ခင်ဗျာ၊ ဒီမှာ ဆက်ကြေငြာရပါ ဦးမယ်"

အခမ်းအနားမှူးက ဆူညံသောအသံများကိုလွှမ်းကာ မေတ္တာ ရပ်ခံလိုက်မှ အသံများ ပြန်ငြိမ်သွား၏။

"ထူးဆန်းမှု တစ်ခုပါပဲခင်ဗျာ၊ ကျွန်တော်တို့မေဂျာရဲ့ 'ကင်း' က ရိုးလ်နံပါတ်ဝမ်းဖြစ်ပြီး၊ 'ကွင်း'က ရိုးလ်နံပါတ်တူး 'မိုးမခ' ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါပဲ''

သွားပြီ…သော်က ဘာမှမတတ်နိုင်တော့။ မိုးမခဘက်ကို လှည့်ပင် မကြည့်ရက်တော့။ တစ်ခန်းလုံး ဆူညံအုန်းအုန်းထနေချိန်မှာ သော်က ငြိမ်သက်နေမိသည်။ မိုးမခလည်း သူ့လိုပဲ ငြိမ်ငြိမ်သက်သက်နှင့် တောင့်တောင့်ကလေး ဖြစ်နေရှာ၏။

နောက်တော့ မိုက်ခရိုဖုန်းမှ သူတို့နာမည်များ ခေါ်သံကို ကြားရ၏။ သူငယ်ချင်းများ ဝိုင်းဆွဲပို့၍ ရှေ့ရောက်သွားရသည်။ 'မိုးမခ' က သူ့အရင် ကြိုရောက်နေ၏။ မျက်နှာကတော့ ခံစားချက်မဲ့နေသူ တစ်ယောက်လို ငြိမ်သက်နေသည်။ သော်ကကိုလည်း ခါတိုင်းလို အကြည့် စူးစူးများနှင့် မကြည့်တော့။

သူတို့ပေးအပ်သော အဆောင်အယောင်များ စလွယ်များကို လက်ခံပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲကြရသည်။ မိုးမခ ထံမှရသောပစ္စည်းများကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး သူနေရာသို့ သူပြန်ရောက်ချိန်တွင် သော်က တစ်ကိုယ်လုံး ချွေးများရွှဲနေပြီ။ မိုးမခက တည်ငြိမ်အေးစက်သွားသလောက် သူက ဒီလောက် (သူများအတွက်) စိတ်လှုပ်ရှားနေရတာ၊ သူ့ကိုယ်သူပင် မယုံချင် ဖြစ်နေရ၏။ သော်က သည် မိုးမခနဲ့တွေ့မှ အရင်က သော်က မဟုတ်တော့ဘူးလေလား။

လက်ဆောင်ပစ္စည်း အစီအစဉ်အတိုင်း လဲလှယ်ကြသည်။ အခမ်းအနား ပြီးသွားသည်။ သူတို့အုပ်စု အော်ဟစ်ကာဆူညံကာ ကင်တင်းသို့ တကျော့ပြန်ရောက်လာကြသည်။ သူ့ကို ဝိုင်းဝန်းစနောက်ကြသည်။ သို့သော် သူ ဘာလို့ငြိမ်သက်မိနေမှန်း သူ့ကိုယ်သူပင်မသိ။

"ဟေ့ကောင် ငြိမ်လှချည်လား"

"အေး…နေမကောင်းချင်ဘူး"

"ဘာလဲ ဟတ်ထိသွားလို့လား"

"မဟုတ်ပါဘူးကွာ"

"နေပါဦး မိုးမခက မင်းကို ဘာပေးလဲ"

"မသိပါဘူး"

"ပြစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သိတော့ရော ဘာထူးမှာမို့လို့လဲ၊ ငါ့အတွက်ဆိုပြီး ကြိုတင်ပြင်ဆင်လာတာမျိုးမှ မဟုတ်တာ"

"အဟား…မင်းကရော မင်းအတွက်ဆိုပြီး ကြိုတင်ပြင်ဆင်လာတာမျိုးကို လိုချင်လို့လား"

"ဟာ….မဟုတ်တာ၊ ငါက စကားအရပြောတာပါ"

"စကားထဲက ဇာတိပြဆိုတာမျိုးပေါ့၊ ကဲ…ထားပါ ပြစမ်းပါ မင်းပစ္စည်းကို"

တိုင်းမြင့်က လက်ထဲမှ ပစ္စည်းထုပ်ကလေးကို မရမကဆွဲယူလိုက်သဖြင့် ပေးလိုက်ရသည်။ တိုင်းမြင့်ဖြေထုတ်နေသော အထုပ်ကလေးထဲမှ ဘာထွက်လာမည်ကို သော်ကလည်း စိတ်ဝင်စားနေမိသည်။ တစ်ဝိုင်းလုံးလဲ စိတ်ဝင်စားနေကြ၏။

လှပသေသပ်စွာထုပ်ထားသော ပက်ကင်စက္ကူအောက်မှ ဘူးလုလုလေး တစ်ခုထွက်လာ၏။

"ဟာ စာရေးထားတယ်"

ဘူးပေါ်တွင် စာရေးထား၏။ တိုင်းမြင့်က အသံထွက်ဖတ်ပြလိုက်၏။

"ငါ့ကံကြမ္မာနဲ့လူအတွက်"တဲ့။

အားလုံးက အံ့သြငြိမ်သက်သွားရ၏။

"ဖွင့်ကွာ မြန်မြန်ဖွင့်၊ အထဲမှာ ဘာလဲလို့"

မင်းသူက လောဆော်လိုက်သဖြင့် တိုင်းမြင့် ကပျာကယာဖွင့်လိုက်သည်။

"ဟာ…လော့ကက်ကလေး၊ မဟုတ်ဘူးဟ ချိတ်လည်းပါတယ်၊ ရင်ထိုးလား မသိဘူး"

ထိန်မင်းက…

"နှစ်ခုလုံး သုံးလို့ရတာမျိုး၊ မှန်း…ဘာပုံလေးလဲ"

ထိန်မင်းလက်ထဲကနေ သော်က တစ်ဆတ်ဖြတ်ယူလိုက်သည်။

"ဟင်…"

'I'ဆိုသော ဂဏန်းလေးကို ရွှေဖြင့်ပြုလုပ်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တွင် စိန်ကလေးတစ်ပွင့် ပါသေးသည်။ အားလုံးက တစ်ယောက်ကို တစ်ပေါက် ဝေဖန်နေသလောက် သော်ကမှာတော့ ထိုလော်ကက် တလေးကိုကိုင်ကာ ငိုင်နေမိတော့သည်။

✿✿✿

[၄]

ဆောင်း၏နံနက်က စိမ့်သည်ဆိုရုံလောက်သာ အေးမြနေ၏။ ကော်ဖီပူပူတစ်ခွက်စီကို ရှေ့ချရင်း လေးယောက်သား ငြိမ်နေမိသည်။

ညက သူတို့အားလုံး သော်ကအိမ်မှာ လိုက်အိပ်ကြသည်။ သော်ကတို့အိမ်က ကျယ်၏။ လူလည်း နည်းသည်။ သော်က အစ်ကို အစ်မတွေက နိုင်ငံခြားရောက်သူရောက်၊ အိမ်ထောင်ကျသူကျနှင့် အိမ်ခွဲ နေကြ၍ဖြစ်သည်။

မနက်ကျတော့ အိပ်ရာမှ စောစော ထတတ်ကြသူများပီပီ ခြောက်နာရီမထိုးခင် လက်ဖက်ရည်ဆိုင်ကို ရောက်နေကြပြီ။ နံနက် နေမြင့်အောင်အိပ်တတ်သော လူငယ်အများစုများထဲတွင် သူတို့လေး ယောက် မပါ။

ခဏနေကျ မြင့်ဆောင်က…

“ဒီနေ့ ကျောင်းပိတ်တော့ ဘာလုပ်ရင်ကောင်းမလဲ”

“အေးလေ…ကျောင်းကလည်း စဖွင့်တာ ကြာသပတေးနေ့ ဆိုတော့ နှစ်ရက်လား ကဲလိုက်ရတယ် ဒီနေ့ကျောင်းပြန်ပိတ်ရော”

တင်ထိုက်ကပါ ထောက်ခံ၏။

“ဒီနေ့ ဘယ်မှမသွားဘူးကွာ”

တိုင်းမြင့်က တွေးဆဆဟန်ဖြင့် ပြော၏။

www.burmeseclassic.com



"အင်း…ပြောပါဦး"

"သော်ကတို့ အိမ်မှာပဲနေမယ်"

"ဟုတ်ပြီ ပြီးတော့…"

"ဘာပြီးတော့လဲဟ ဝေးနေပြန်ပြီ၊ နှပ်မယ်ကွာ၊ အေးအေးဆေးဆေးနှပ်မယ်၊ အချိန်တန်ရင် အန်တီချက်ပြုတ်ကျွေးတာကို ထစားမယ်၊ ပျင်းရင် အခွေကြည့်မယ်၊ ဂိမ်းကစားမယ်၊ သီချင်းဆိုမယ်၊ ရော်ဘင်ဟုနဲ့ ကစားမယ်"

ရော်ဘင်ဟု ဆိုတာ သော်ကတို့အိမ်က ခွေးဖြစ်သည်။

"ဩော်…ဩော် မင်းအိမ်မှာက မစားရမသောက်ရ မကစားရ တီဗီမကြည့်ရရှာဘူးကိုး"

မြင့်ဆောင်က ရွဲ့၏။ ဒီတော့ တိုင်းမြင့်က…

"ဒီထက်ကောင်းတဲ့ အကြံလေးရှိရင် ပေးလေ စဉ်းစားရတာပေါ့"

"တစ်နေရာရာ သွားကြမယ်လေ"

"အဲဒီလိုသွားတာက ပိုက်ဆံကုန်တယ်၊ လူပင်ပန်းတယ် မကောင်းပါဘူးကွာ"

"အရေးထဲ"

သူတို့ကို ကြည့်ကာ သော်ကပြုံးမိ။ ဘာမှတော့ ဝင်မပြော

"မင်းက ဘာပြုံးတာလဲ၊ ဒီမှာ ခရီးစရိတ် စားစရိတ်လိုရင် မင်းရဲ့ပစ္စည်းလေး ထုခွဲပေးမယ်လို့ ပြောချင်လို့လား"

သော်က၏ အပြုံးကိုကြည့်ကာ တင်ထိုက်က ဝင်ပြော တိုင်းမြင့်က ပြုံးစစနှင့်…

"မလုပ်ပါနဲ့ကွာ ကိုယ်တို့မင်းသား သော်က အရင်လိုဟုတ်သေး ရဲ့လားပဲ အရင်ကြည့်ဦး၊ မိုးမခနဲ့ တွေ့ကတည်းက အရာရာ ခ,က တာ"

"ဘာတွေလဲ"

မြင့်ဆောင်က ဖြတ်မေးတော့…

"မသိဘူးလေကွာ…"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကဲ ထားပါဦး။ ငါတကယ် စကားအကောင်းပြောမှာ ပါ"

"ပြော"

သော်က,က စကားအကောင်းပြောမည်ဟု ဆိုတော့လည်း အားလုံးငြိမ်သွားကြသည်။

"ဒီလိုကွာ…ညက မေမေ့ကို အဲဒီရွှေလော့ကက်လေး ပြကြည့် တယ်"

"အင်း"

"မေမေက ရွှေဆိုင်ဖွင့်ထားတော့ နားလည်တယ်"

"ဟုတ်ပါပြီ ပြောပါ"

"ရွှေကတော့ နည်းနည်းလေးပါတဲ့…"

"အင်း"

"စိန်က သိန်းချီ တန်နေတယ်တဲ့"

"ဟင်…စိန်အစစ်လား"

"အစစ် ဟုတ်လား"

တင်ထိုက်ရော မြင့်ဆောင်ကပါ တအံ့တသြနှင့် ဝင်မေးကြ၏။ တိုင်းမြင့်ကတော့ ငြိမ်ကာနားထောင်နေ၏။

"အစစ်ပေါ့ အစစ်မှ ဘယ်လဂျီယံစိန်တဲ့"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဒီလောက်တန်တာ ငါမလိုချင်ဘူး။ ပြီးတော့ ဒါသူ့အတွက် သူလုပ်ထားတာပဲ ဖြစ်ရမယ် ငါ မယူချင်ပါဘူး"

"ဒီတော့ မင်းက ဘာလုပ်ချင်လဲ"

တိုင်းမြင့်က တည်စူးစူးဝင်မေး၏။

"ဘာလုပ်ရမှာလဲ ပြန်ပေးချင်တယ်"

"ပြန်ပေးချင်တယ် ဟုတ်လား"

မြင့်ဆောင်က သော်ကစကားကို သံယောင်လိုက်၏။ တိုင်းမြင့် ကတော့ တစ်ချက်ပြုံးကာ….

"ဖြစ်မလား သော်ကရဲ့ မိုးမခစိတ်ကိုလည်း မင်းသိရှိသားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ မင်းမိုးမခကို တစ်ရက်မမြင် မနေနိုင်လို့ဆိုလည်း ဒီအတိုင်းသွားကြည့်ပါကွာ ပြဿနာမရှာပါနဲ့"

မြင့်ဆောင်ကပါ ဝင်ပြော၏။ မြင့်ဆောင်စကားကြောင့် သော်က စိတ်ညစ်သွားကာ...

"မဟုတ်ရပါဘူးကွာ၊ မင်းပဲစဉ်းစားကြည့်၊ ဒို့နေရာမှာ မင်းဆိုရင် ဒီပစ္စည်းကို ယူရက်မလဲလား"

မြင့်ဆောင်က သော်ကကို တစ်ချက်ပြုံးကြည့်၏။ ပြီးမှ...

"ငါသာ မိုးမခနေရာမှာဆိုလည်း အဲဒီလိုလုပ်မိမှာပဲ"

"ဟာကွာ"

"ငါရွတ်ပြတာမဟုတ်ဘူး သော်က၊ ခံစားပြောတာ လိုချင်တာတာ ကြိုးစားရယူခဲ့တဲ့ Post တစ်ခု။ စိန်မဟုတ်ဘူး။ ရွှေမဟုတ်ဘူး။ တန်ဖိုးချင်း လုံးဝမတူဘူး။ မင်းဒီပစ္စည်းရဲ့ တန်ဖိုးကို ငွေနဲ့ တွက်ပြနေပြီး တန်ဖိုးကြီးကြီးနေတာ၊ သူ့အတွက်ကျတော့ ဒါဟာ ဘာတန်ဖိုးမှမရှိတော့ဘူး အမှိုက်ပဲ"

မြင့်ဆောင်စကားကြောင့် သော်က ဘာပြန်ပြောရမှန်းမသိဖြစ်သွား၏။ မှန်နေသည်ကိုး။ ထိုအခါကျမှ တိုင်းမြင့်က...

"ဒီလိုလုပ်ကွာ"

"ဘယ်လိုလဲ၊ သော်ကအိမ်မှာပဲ နေမယ်၊ အိပ်မယ်၊ စားမယ်၊ ကစားမယ် ဒါလား"

တင်ထိုက်က ဝင်နောက်၏။

"မဟုတ်ပါဘူးကွာ၊ ငါအကောင်းပြောမှာပါ"

"ပြော..."

"မင်းဘက်ကဆိုရင်လည်း မင်းမှန်ပါတယ်၊ ငါတို့က လူငယ်တွေပဲ မိဘလက်အောက်က လက်ဝါးဖြန့်ခံကျောင်းတက်နေတဲ့ ကျောင်းသားတွေ၊ မိုးမခလည်း အတူတူပဲ၊ ဒီတော့ ဒီလောက်တန်ဖိုးရှိတာကို လက်ခံမထားချင်ဘူး ဒါ...သော်ကဘက်က ခုနက မြင့်ဆောင်ပြောတာလဲ မှန်တယ်၊ ဒါက မိုးမခဘက်က၊ ခု ငါတို့က ကြားလူ ဒီတော့"

"လိုရင်းပြောကွာ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆောင်က စိတ်မရှည်သလို ဝင်ပြောဓါ။

"အေးပါ ပြောမှာပါ၊ ငါတို့ ဒီနေ့ပဲ နွေနွေ့ဆီ သွားလိုက်ကြရအောင်"

"အမ်...ဘူတာများဆိုက်နေပြီ ကိုယ့်လူ"

တိုင်းမြင့်စကားကြောင့် မြင့်ဆောင်က ဝင်ရွှတ်ဓါ။

"သုံးအောင်နားထောင်ပါကွာ၊ မိုးမခနဲ့နွေနွေက အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေလေ"

"ဒီတော့..."

"နွေနွေ့ကို တီးခေါက်ကြည့်ရင် မိုးမခရဲ့ ဆန္ဒတချို့ကို သိရမှာပဲ"

"သိရရင်"

"သိရရင် မင်း ဘယ်လိုဆက်လုပ်သင့်သလဲဆိုတာ သိရမှာပဲ၊ သူ ပြန်လက်ခံနိုင်ရင် မင်းပြန်ပေး၊ လက်မခံနိုင်ရင်တော့ ဘယ်လောက်တန်တန် သိမ်းထားလိုက်တော့၊ ဘိုးစဉ်ဘောင်ဆက် အမွေပေးရမယ့် ပစ္စည်းအဖြစ်ပေါ့၊ ဒါ အဘိုးငယ်ငယ်က ဘာညာကွိကွပေါ့"

ဘာမှမဟုတ်ပါဘဲနှင့် ရယ်ဖြစ်ကြဓါ။ ပြီးမှ တင်ထိုက်တ...

"တိုင်းမြင့်....တိုင်းမြင့်"

"ဘာလဲဟ"

"တော်တယ်၊ မင်း သိပ်တော်တယ်"

တိုင်းမြင့်က ဝတ်ထားသော ရှပ်ကော်လာကို ထောင်လိုက်တာ

"ဒီလိုပေါ့လေ အကျိုးဆောင်ရတာပေါ့"

"အေးလေ ဒါကြောင့် တော်တယ်ပြောတာ၊ အများအကျိုးဆောင်သလိုလိုနဲ့ ကိုယ့်အကျိုး ကိုယ်ဆောင်သွားနိုင်တာ တော်တယ်လို့"

"ခွေးမသား.."

တိုင်းမြင့် ပြစ်ပြစ်နှစ်နှစ်ဆဲဓါ။ တင်ထိုက်ကတော့ မနာရေးချမနာ။

"ထားပါတော့ ခွေးမသား၊ ကဲ လူမသားရယ်.. ခင်ဗျားကာနဲ့ လူမသမီး နွေနွေနဲ့က ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမြင့်က မျက်နှာနီသွားကာ...

“တာ...ဘယ်လိုမှ မလဲဘူး”

“တာ...တင်ထိုက်ကလဲ အဲဒီလိုမပြောနဲ့လေကွာ၊ ဟိုကရိုးရိုး သားသားဟာကို ခုမှ တက္ကသိုလ်ရောက်တာ နှစ်ရက်ပဲရှိသေးတဲ့ဟာ၊ အမေက ငယ်သေးတယ်တဲ့၊ ဒါတွေမစဉ်းစားရဘူးတဲ့၊ သားက နား ထောင်ရှာပါတယ်၊ ခုတောင် သူများအတွက်မို့သာ သူက အနစ်နာခံပြီး သွားတွေ့ပေးရှာ”

မြင့်ဆောင်က ဝင်ပြောသဖြင့် တိုင်းမြင့်၊ မြင့်ဆောင်ကို အသံ တိတ် သုံးစက္ကန့်မျှ ဆဲရေးလိုက်၏။ သော်က,က သူတို့ကို ဘာမှမပြော တော့၊ ဆက်ပြောနေလျှင်လည်း ဆုံးမှာမဟုတ်သည့်အတူတူ ကောင်တာ ကို ထထွက်ခဲ့လိုက်သည်။ ငွေရှင်းသည်။ ပြီး...ဆိုင်အပြင်သို့ ခြေလှမ်းပြင်လိုက်ပြီး ဝိုင်းဘက် တစ်ချက်လှည့်ကြည့်လိုက်သည်။

ဒါပဲ...။ အားလုံး ထလိုက်လာကြ၏။

“ဘယ်ကိုသွားမှာလဲ နွေနွေတို့က ဘယ်မှာနေတာလဲ”

“ဦးထွန်းမြတ်လမ်း”

တိုင်းမြင့်က သံပြတ်နှင့် ဖြေကာ ခဏစဉ်းစားနေ၏။ ပြီးမှ

“နေဦး...ငါ ဖုန်းသွားဆက်ဦးမယ်”

ဟုဆိုကာ လက်ဖက်ရည်ဆိုင်ထဲသို့ ပြန်ဝင်သွားသည်။ ပြန် ထွက်လာတော့...

“အိုကေ...ငါတို့ ‘မော်ဒန်’ကစောင့်မယ် နွေနွေထွက်လာလိမ့် မယ်”

“ဟာ...မော်ဒန်က ဆူကဆူနဲ့၊ အိမ်သွားတော့ ဘာဖြစ်လဲ”

သော်က မျက်မှောင်ကြုတ်ကာ မေးတော့...

“ဆူလည်း မတတ်နိုင်ဘူးဆရာ၊ သူ့အိမ်ကဆူမှာထက်စာရင် တော်သေးတယ်”

“ခြော်...မောင်တိုင်းမြင့်၊ မောင်တိုင်းမြင့်”

တိုင်းမြင့်စကားကြောင့် တင်ထိုက်က ခေါင်းခါသတ်သတ် ညိတ်ကာ ရေရွတ်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ၊ မင်းပဲ စဉ်းစားကြည့်ပါဦး။ မိန်းကလေးတစ်ယောက် အိမ် စောစောစီးစီး သကောင့်သားလေးယောက် ရောက်လာလို့ ကောင်းပါ့မလား"

"အဲဒါ မင်းတွေးမှာမဟုတ်လား။ သူတွေးတာမှ မဟုတ်တာ၊ ဒါကြောင့် မင်းကို တင်ထိုက်က ရိတာ၊ သူ မမှားဘူး"

သော်က မကျေမနပ်ပြောတော့ တင်ထိုက်က ရယ်သည်။ ပြီး...

"ဟဲဟဲ...ငါက အမြင်မှန်ပါတယ်။ မမှန်တာက တိုင်းမြင့်ရယ်၊ မြင့်ဆောင်ရယ်၊ မင်းရယ်"

"အောင်မာ...ငါတို့က ဘာဆိုင်လို့လဲ"

"အေးလေ..."

သော်ကနှင့်မြင့်ဆောင် မကျေမနပ် ဖြစ်သွားကြ၏။ တင်ထိုက်ကတော့ အပြုံးမပျက်။

"ခု ဘာမှမပြောသေးဘူး၊ နောက်မှပြောမယ်၊ ငါကတော့ ကံမကောင်းဘူးကွာ...ရှေ့ဆယ်ယောက် နောက်ဆယ်ယောက် အကုန် ယောကျ်ားလေးချည်းပဲ စိတ်တောင်မကောင်းဘူး"

သူ ဘာကိုဆိုလိုသလဲ၊ သော်ကရော...မြင့်ဆောင်ပါ သိနေသော်လည်း နှစ်ယောက်စလုံးက မသိချင်ယောင်ဆောင်နေလိုက်သဖြင့် စကားပြတ်သွားရသည်။ သူတို့ ကားတစ်စီးငှားကာ တာမွေဘက် ထွက်ခဲ့ကြ၏။

မော်ဒန်ကိုရောက်တော့ နွေနွေ ရောက်နှင့်နေပြီ။

"နင်တစ်ယောက်တည်းလား"

"မြင်တဲ့အတိုင်းပဲ"

"နင်က စောရောက်နေသားပဲ"

"နီးတာကိုဟ...ငါ စက်ဘီးနဲ့လာတာ"

"နင့်အိမ်က ဘာမှမမေးဘူးလား"

"ဘာမေးရမှာလဲ"

"ဘယ်သွားတာလဲတို့ ဘာတို့"



www.burmeseclassic.com

www.burmeseclassic.com



"မေးစရာမလိုဘူး၊ နင်တို့နဲ့ မော်ဒန်မှာကိစ္စရှိလို့ ချိန်းထားတယ်ဆိုတာ သေချာပြောလာခဲ့တယ်"

သူတို့နှစ်ယောက် အချီအချပြောနေတာကို နားထောင်ရင်း သော်ကာတို့ ပြုံးဖြစ်ကြသည်။ တိုင်းမြင့်ကိုလည်း အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသဖြင့် တိုင်းမြင့် အနေရအထိုင်ရ ကြပ်သွားဟန်ရှိ၏။

"ကဲ…နွေနွေ"

"ပြော…သော်က"

လွှတ်ထားလျှင် ဆုံးတော့မည်မဟုတ်၍ သော်က,ကပဲ ကြားဝင်ဖြတ်ရတော့၏။

"ငါမေးစရာရှိလို့"

"အင်း"

"မိုးမခ ငါ့ကို ဘာပေးလဲ၊ နင် သိတယ်မဟုတ်လား"

"သိတယ်"

"အဲဒါ အစစ်ဆိုတာရော နင်သိရဲ့လား"

"သိတာပေါ့"

"ငါ အဲဒါ သူ့ကို ပြန်ပေးချင်လို့ ရမလား"

နွေနွေက မှတ်သောက်လက်စ လက်ဖက်ရည်ခွက်ကို ချကာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

"ဘယ်ရမလဲ သော်ကရယ်… သူပေးပစ်ချင်လို့ ပေးပစ်လိုက်တာပဲ"

"ဘာကိုလဲ"

"သူ့ကို သူ့အဖေက အဲဒီလော့ကက်လေး အမှတ်တရ လုပ်ပေးထားတာ"

"အင်း"

"ခု…သူက နံပါတ်တစ်မှ မဟုတ်တော့တာ"

"ဒီတော့…"

"ဒီတော့ လက်ဆောင်ပေးပစ်ဖို့ စိတ်ကူးတာပေါ့"

"ဒီလောက်တန်ဖိုးကြီးတာကို"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက်ကတော့ တန်ဖိုးမရှိတော့ဘူးလေ"

မြင့်ဆောင်ပြောခဲ့သလိုပင် နွေကဲ ပြော၏။ ပြီး…

"ပြီးတော့ အဲဒါကို သော်ကအတွက်ရယ်မဟုတ်ဘူး၊ သူ တခြား ဘယ်သူဖြစ်ဖြစ်ပေးမှာလို့ ရည်ရွယ်ထားတယ်"

"ဒါဆို ဗူးပေါ်ကစာ…"

တိုင်းမြင့်က ဖြတ်မေးသဖြင့်…

"ဟုတ်တယ်၊ အဲဒီစာကို သူ ကွင်းရပြီး သော်ကနဲ့ လဲရတော့ မယ်ဆိုတာကိုသိမှ ပက်ကင်ကိုပြန်ခွာပြီး စတစ်ကာနဲ့ ရေးကပ်လိုက်တာ၊ ပြီး…ပက်ကင်ပြန်ထုပ်လိုက်တယ်လေ၊ ဒါကို နွေတို့ရှေ့တင် လုပ်သွား တာပဲ"

"ဟုတ်ပြီ…ဒါဆို ပစ္စည်းလေးကို ကျွန်တော်က ပြန်ပေးချင် တယ်ဆိုရင် သူက ဒေါသထွက်မှာလား"

နွေနွေက စိတ်ပျက်လက်ပျက် တစ်ချက်ရယ်၏။

"ဒေါသထွက်ပြီး သော်ကကို ပြောဆိုတာမျိုးတော့မရှိနိုင်ပါဘူး။ စိတ်အနာတရ ဖြစ်သွားတာမျိုးတော့ ရှိနိုင်တယ်"

"ဘာဖြစ်လို့လဲ"

"သော်ကရာ…မင်း သွေးပျက်ပြီးဝေးနေတာလား။ ဒီပစ္စည်းကို သူစိတ်အနာတရ မဖြစ်ချင်လို့ စွန့်ပစ်လိုက်တယ်၊ ဒါကို မင်းက သွားပြန်ပေးရင် သူ့ကို ဒုက္ခပေးရာကျမှာပေါ့ကွ၊ ဒါပဲ ရှင်းပြနေရတာ အထပ်ထပ်အခါခါ"

မြင့်ဆောင်က ဝင်ကန့်ကွက်၏။

"ဟုတ်တယ်"

နွေနွေက ထောက်ခံ၏။

တင်ထိုက်ကတော့ ပြုံးစစနှင့်…

"သော်က"

"ဘာလဲ"

"ဘာဖြစ်လို့ ဒီလောက်စေတနာထားနေရတာလဲ ဆိုတာရော ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်မိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ဝင်ဖောက်၏။ နွေနွေနှင့် တိုင်းမြင့်တို့က ရယ်ကြသော်လည်း သော်က,က ခပ်တည်တည်ပင်။

"ငါ သူ့ကို ခင်လို့ မင်းတို့ကိုခင်သလို ခင်လို့၊ မင်းတို့ကို ငါ စေတနာထားသလို ထားတာ၊ ဘယ်သူ့ကိုမှ ငါ့ကြောင့် စိတ်အနာတရ မဖြစ်စေချင်ဘူး၊ ပြေပျောက်သွားအောင် လုပ်ပေးချင်တယ် ဒါပဲ"

သော်ကကို အားလုံးက ငြိမ်သက်သွားပြီး ဝိုင်းကြည့်ဖြစ်ကြသည်။ ထိုအကြည့်များကိုမြင်တော့ သော်က,က ခေါင်းကို ခါ၏။

"ငါ့စေတနာကို မင်းတို့ နားလည်မှာ မဟုတ်ပါဘူး"

"တစ်ခါတလေကျ စေတနာကလည်း ဝေဒနာဖြစ်တတ်တယ် ဆိုတဲ့ ကလီရှေးကြီးကိုလည်း မေ့မထားနဲ့ဦး သော်က"

မြင့်ဆောင်က ဝင်ဖြတ်ပြောလိုက်၍ သော်က ငြိမ်သက်သွားရသည်။ အားလုံးကလည်း စကားကုန်သွားကြသူများပမာ ဘာမှမပြောကြတော့။

တင်ထိုက်ကတော့ ထိုင်ရာမှထကာ ဆတ်ခနဲ ခါးကို လှည့်ချိုးရင်း အပျင်းဆန့်၏။ ပြီး....ပြုံးစစနှင့် တစ်ယောက်တည်း ရေရွတ်သလို ခပ်တိုးတိုးရေရွတ်လေသည်။

"ငါ့ကိုခင်သလိုခင်တာ...တဲ့၊ ဟာ...ဟ ကျောတောင်ချမ်းလာသလိုပဲ"

ခပ်တိုးတိုးဆိုသော်လည်း သော်ကနှင့်က ဘေးချင်းကပ်မို့ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"ခွေးကောင်..."

သော်က ဆဲတော့ အားလုံး ဝိုင်းရယ်ကြလေတော့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



[၅]

သော်ကနှင့် တိုင်းမြင့် အတန်းထဲရောက်တော့ ဆရာမဝင်သေး။ နောက်ဘက်ခပ်ကျကျတွင် တမင်ဝင်ထိုင်လိုက်သည်။ (အရှေ့ဘက်တွင်လည်းနေရာမရှိပါ။ နေရာဦးတာ အလွန်ဝါသနာပါကြသော မိန်းကလေးများဖြင့်သာ ပြည့်နှက်နေ၏။ ပြီး...တစ်ခါတစ်ရံ နေရာလုရင်း စကားများဝင် များတတ်ကြသေးသည်။ ထိုကြားထဲ ဘုမသိဘမသိ ဝင်ထိုင်မိလို့ တတော့ မသက်သာ။)

အတန်းထဲကို ဝေ့ဝဲကြည့်လိုက်တော့ မိုးမခနှင့် နွေနွေကို စတုတ္ထလိုင်းလောက်တွင် ထောင့်ကပ်ထိုင်နေကြသည်ကို တွေ့လိုက်ကြရသည်။

"ဟိုမှာ"

"အင်း"

"မင်းရဲ့ မိုးမခ"

"မဟုတ်ပါဘူး မင်းရဲ့နွေပါ"

စကားနိုင်လုဆဲ ဆရာဝင်လာ၏။

"မင်္ဂလာပါ ဆရာ"

အထက်တန်းကျောင်းက အငွေ့အသက်မကုန်ကြသေးသူများ ဝီဝီ ယောင်ယမ်းထကာ နှုတ်ဆက်ကြ၏။

ဆရာက ပြုံးစစနှင့်....

"အေး...မင်္ဂလာပါကွာ"

ပြီး...စတီတ်ခုံပေါ်တက်ကာ မိုက်ခရိုဖုန်းကို ပလပ်ပေါက်နှင့် ရှိုင်းလိုက်၏။ ပြီး...မိုက်ခရိုဖုန်းကို ခဏချကာ မြေဖြူကို ကောက်ယူ၏။ ပြီး ကျောက်သင်ပုန်းတွင် ဘယ်လက်ဖြင့် ဝိုင်းစက်လှပစွာရေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင့်လွင်
လ/ထ ကထိက
သင်မည့်ဘာသာ Paper II

"ကဲ...အဲဒါက ကိုမိကျောင်း မမိကျောင်းကလေးတွေအတွက် အင်ထရိုလုပ်တာ"

ဆရာက အထာနုပ်နေပြီးလောက်ပြီကိုး...။ တစ်တန်းဝင်လိုက်တိုင်း နာမည်မေးကြ၊ ဘာသင်လဲမေးကြနှင့် ကလေးစိတ်မပျောက်သေးသော ကျောင်းသူကျောင်းသားများကို တွေ့ခဲ့ပြီး ဖြစ်ပုံရသည်။

ဆရာက အတန်းဘက်လှည့်ကာ...

"မင်းတို့တွေက ဒီဝိဇ္ဇာသိပ္ပံမှာ အတော်ဆုံးတွေ ဟုတ်တယ်လား"

"ဟုတ်...ပါ...တယ်..."

ရယ်သံများနှင့်အတူ "ဟုတ်ပါတယ်"ကိုပင် သံရှည်ဆွဲပြီး ဖြေကြ၏။ ဆရာဆိုလိုတာက ဆေးပြုတ်၊ စက်မှုပြုတ်တွေရော၊ အခြားသွားချင်သူတွေရော ရှိပြီး ဝိဇ္ဇာသိပ္ပံတွင်လည်း အမှတ်အများဆုံး နေရာက သူများသာရသည့် မေဂျာမို့ ရွဲ့ပြောလိုက်တာလား၊ ချီးကျူးလိုက်တာလားပင် မသေချာ။

"ကဲ...ဒီတော့ စာမသင်ခင် ဆယ်တန်းစာလေး နည်းနည်းပြန်မေးရအောင်...ရလား"

"ရ...ပါ...တယ်..."

သံပြိုင်ပါပဲ။

"မင်းတို့ အိုင်စတိုင်းကို သိလား"

"သိပါ... ... ..."

နောက်ပိုင်းအသံက တော်တော်နှင့် ထွက်မလာ။ အတော်ဆွဲလိုက်ပြီးမှ "ဘူး...တယ်"တွေ ရောထွက်လာကြ၏။ တစ်ယောက်က

"ကျွန်တော်နဲ့ မခင်ဘူး ဆရာ"

"အေး...မင်းအဘိုးနဲ့ရော"

ဆရာက ခေသူမဟုတ်ချေ။ ချက်ချင်းပြန်မေးလိုက်၍ သကောင့်



www.burmeseclassic.com

www.burmeseclassic.com



သား တစ်ချက်အမ်းသွားသေးသည်။ ပြီးမှ… ခေသူမဟုတ်သော ကျောင်းသားက…

"ဟာ…အဘိုးနဲ့ကတော့ တယောထိုးဖက်ဗျ"

"အတော်နားငြီးမှာပဲနော်"

ဆရာက နှာခေါင်းရှုံ့ကာ ပြောသဖြင့် တစ်တန်းလုံး ဝိုင်းရယ်ကြသည်။

"ကဲ…ထားပါတော့"

"ထား…ပါ…တယ်…"

ဆရာက ရယ်၏။

"ဟုတ်ပြီ အဲဒီတယောသမားကြီးရဲ့ သီအိုရီတစ်ခု အရမ်းနာမည်ကြီးတယ်"

ဆရာမေးနေသည်က ဆယ်တန်းစာများ မဟုတ်ပါ။ ပြင်ပဗဟုသုတများသာဖြစ်သည်။ သို့တည်းမဟုတ် သော်ကတို့ ဆက်လက်သင်ကြားရမည့် အရာများဖြစ်သည်။

တစ်ခန်းလုံး တိတ်သွားကြကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ သော်ကကတော့ မိုးမခကိုသာ ဖျတ်ခနဲ ကြည့်မိသည်။ အခန်းထောင့်မှ မိုးမခ လက်ထောင်ပြသည်။ သို့သော်… ဆရာက မမြင်။

"ကဲ…မင်းထစမ်းပါဦး။ သိလား"

ရှေ့ဆုံးမှ ကောင်မလေးဖြစ်၏။ မထချင်ထချင်ထကာ ခေါင်းခါပြသဖြင့် ဆရာက နောက်တစ်ယောက်ဘက် လှည့်ပြန်သဖြင့် လက်ထောင်ထားသောမိုးမခ၊ လက်ကို ပြန်ချထားလိုက်တာ တွေ့ရ၏။

ဆရာက လေးယောက်မြောက်ထိ မသိသောအခါ…

"ကဲ ရှိုးလ်နံပါတ်ဝမ်း ရှိလား"

"ဟာ….ရှိတယ် ရှိတယ်"

သော်ကကို သိသူတချို့က ဝိုင်းအော်ကြသဖြင့် သော်ကကို ကြည့်ကာ…

"သြော်…မင်းလား။ ဟား…မင်းသားပဲ ဒါကြောင့်ကောင်းရတာ



www.burmeseclassic.com

www.burmeseclassic.com



ကဲ…မင်းအဘိုး အိုင်းစတိုင်းကြီးရဲ့ သီအိုရီလေး"

သော်က နောက်ချင်သွား၏။

"ကျွန်တော် မမွေးသေးဘူးဆရာ"

"ဘိုးဘွားအမွေတော့ ရလိုက်မှာပေါ့၊ လုပ်စမ်းပါဦး…သော်က လေးရဲ့"

ဆရာက သူ့အမည်ကိုပါ သိနေသည်။

ထိုအခါကျမှ သော်က မနေနိုင်တော့။

"ရီလီတီဗတီ သီအိုရီပါ"

"ဘယ်လိုသိလဲ"

"အဲဒီစာအုပ်က စာပေဗိမာန်စာမူဆု ရဘူးတယ်၊ တက္ကသိုလ် ကြယ်ပွင့် ရေးတာ၊ ကျွန်တော်ဖတ်ဖူးတယ်"

သော်ကအဖြေကြောင့် ဆရာ့မျက်နှာကြီး ဝင်းပစိုပြေသွားသည်။ ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ…

"ဒါပဲ…ရိုးလ်နံပါတ်ဝမ်းဆိုတာ ဒါပဲ"

ကျောင်းသူကျောင်းသားတချို့က သော်ကကို အထင်ကြီး စွာ ကြည့်ကြသည်။ တချို့ကတော့ အကြည့်တွေက တစ်မျိုး။ ထိုအထဲ တွင် မိုးမခရဲ့ အကြည့်ကတော့ ဘယ်သူနဲ့မှမတူ။ တစ်ဘာသာဖြစ်နေ သည်။ ထိုကြားထဲမှ ဆရာက…

"အင်းပေါ့လေ…ဝမ်းဆိုတာကဝမ်းပဲ၊ တူးတွေ သရီးတွေနဲ့ လည်း တူမှာမဟုတ်ပါဘူး"

ဟု သူ့ဘာသာသူပြောသလို ပြော၏။ ပြီးမှ ဆယ်တန်းက သင်ခဲ့သောစာတချို့ကို ဆက်မေး၏။ တစ်တန်းလုံးဝိုင်းဖြေကြရခြင်းမို့ အဆင်ပြေပါသည်။ အဆင်မပြေရသည်က သော်ကပါ။ ဒါကလည်း တိုင်းမြင့်စကားနှင့်ပြောရလျှင် ကိုယ့်ဒုက္ခနှင့် ကိုယ်ပင်။ ကိုယ်ကိုယ်က မနေနိုင် မထိုင်နိုင် မိုးမခကိုပဲ အရိပ်လိုကြည့်နေမိသည်ကိုး။

မိုးမခဆိုသော ကောင်မလေး သူ့ဘေးပြတင်းပေါက်မှနေ၍ တစ်နေရာသို့ သိမှတ်မဲ့စွာ ငေးနေသည်။ ဆရာမေးသမျှကိုလည်း တစ်ခုမျှ မဖြေ။ ကြားဟန်ပင်မတူ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း နှစ်လုံးပေါက် ဒီစိတ်နဲ့ ဒုက္ခရောက်တော့မှာပဲ" သော်ကစိတ်ထဲမှ ညည်းညူမိခြင်းပါ။

"ဟော့...ဟိုထောင့်က အေး ဟုတ်တယ်၊ မင်းကိုပြောတာ အပြာနုလေးနဲ့"

ဆရာ့အသံကြောင့် တစ်တန်းလုံး ဆရာလက်ညှိုးထိုးရာသို့ ကြည့်မိကြသည်။

"ဟင်"

"မိုးမခ"

သူနှင့်တိုင်းမြင့်တို့၏ အာမေဍိတ်သံများဖြစ်သည်။ မိုးမခကတော့ ခပ်တည်တည်ပင် ထိုင်ရာမှ ထရပ်၏။ မျက်နှာကတော့ ပကတိကြည်စင်စွာ ကြောက်ရွံ့နေပုံလည်းမရ။

"မင်းဘာလုပ်နေတာလဲ"

"စဉ်းစားနေတာပါ"

"အမယ်...တယ်ဟုတ်ပါလား၊ ဒီကမေးခွန်းတွေထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ စဉ်းစားစရာဆိုတာ ဘာများပါလိမ့်၊ ပြောစမ်း ပါဦး"

ဆရာက အတည်လား အရွှဲ့လားမသိသော အမေးကို မေး၏။ မိုးမခပုံစံကလည်း မေးချင်စရာကောင်းနေသည်ကိုး။ မိုးမခကလည်း မိုးမခပဲ၊ ခေသူမှမဟုတ်တာ။

"ပတ်ဝန်းကျင်ကို စေ့စပ်သေချာစွာမကြည့်ရှုံမက ကောက်ရိုးချောင်း ကို လွယ်လွယ်ဆွဲတတ်တဲ့ လူတစ်ယောက်အကြောင်း"

"ဘာ...ဘယ်လို"

ဆရာက နားမလည်သလိုပြန်မေးသော်လည်း သော်က တိုင်းမြင့်နှင့် နွေနွေအပါအဝင် မိုးမခလက်ထောင်တာ မြင်လိုက်သော ကျောင်းသူကျောင်းသားတချို့ကတော့ မိုးမခကို အားနာစွာ(သို့မဟုတ်) ကိုယ်ချင်းစာစွာ ကြည့်မိကြ၏။

မိုးမခကတော့ အထက်ပါစကားစုကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နှင့် တစ်လုံးချင်း ခပ်စူးစူးကြည့်ကာ ပြောလိုက်ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာသာကြည့်တတ်လျှင် ထိုကောင်မလေး၏ မျက်ဝန်း တောက်တောက်များက ထက်မြက်ထူးချွန်မှုများပါဝင်နေသည်ကို မြင်ရလိမ့်မည်ဟု သော်က တွေးမိသည်။

ဆရာ့တုန့်ပြန်အမေးကို မိုးမခ မဖြေပါ။ တည်စူးစူးလေးကြည့်နေ၏။ ဆရာရပ်နေရာ ရှေ့ဆုံးတန်းနားတွင် ထိုင်နေသော 'မြ' ဆိုသူလေးက ဆရာ့ကို ကိုင်းညွတ်ကာ တစ်စုံတစ်ခုကို ပြောလိုက်သည်။ 'မြ' စကားအဆုံးမှာ ဆရာက ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"မင်း ခုနက ဖြေဖို့လက်ထောင်တာကို ဆရာ မမြင်လိုက်ဘူး ဒါ...ဆရာ့အမှားပဲ၊ ကောက်ချက်ကို လွယ်လွယ်ဆွဲတတ်တယ်ဆိုတာက ဘာကို ပြောတာလဲ"

ဆရာက မိုးမခကို တည့်တည့်ကြည့်ကာမေး၏။ မိုးမခကလည်း ပေကပ်ကပ်နှင့် တည်စူးစူးလေးပြန်ကြည့်နေသည်။ သူမ၏အကြည့်တွင် စိုးထိတ်မှုများ တစ်စက်ကလေးမှ ပါဝင်မနေပါ။

"ကဲ...ဖြေပါဦး၊ ဆရာပြောခဲ့တာက ဘာများမှားလို့လဲ"

"မှားပါတယ်"

ထိုအဖြေကို ဝင်ဖြေလိုက်သူက 'သော်က'။ ထိုင်ရာမှ ထလိုက်တော့ ဆရာက သော်ကကို တအံ့တသြကြည့်၏။ ပြီး 'ဘာမှားတာလဲ' ဟု တစ်ဆက်တည်း မေးလေသည်။ တစ်ခန်းလုံးက တိတ်ဆိတ်ကာ ဆရာ၊ သော်ကနှင့် မိုးမခတို့ကိုသာ တစ်လှည့်စီကြည့်လျက် သူတို့စကားများကိုသာ နားစွင့်နေကြတော့သည်။

သော်က,က...

"သူနှင့်ကျွန်တော်က အမှတ်တူပါတယ်"

"ဘယ်လို"

ဆရာက သော်ကကို တစ်လှည့် မိုးမခကို တစ်လှည့်ကြည့်ကာ ပြန်မေး၏။ ထိုအချက်ကို ခုမှ သိကြတော့ အတန်းထဲမှ ကျောင်းသူ ကျောင်းသားများကတော့ ကြွက်စီကြွက်စီဖြစ်ကုန်ကြ၏။

"ဟုတ်တယ်ဆရာ...အမှတ်တူတယ် အကျွန်ုပ်နဲ့စဉ်တော့ ကျွန်တော်က(ကကြီး)၊ သူက (ခကွေး)မို့လို့ ရိုးလ်ဝမ်းနဲ့သူဖြစ်သွားရတာ"



www.burmeseclassic.com

www.burmeseclassic.com



သော်က စကားဆုံးအောင်ရှင်းပြပြီးပြီမို့ ပြန်ထိုင်ချလိုက်သည်။ ဆရာကတော့ ဒုတိယံမိ ခေါင်းတဆတ်ဆတ်ညိတ်ရပြန်သည်။

"ကြံ့ကြံ့ဖန်ဖန်ကြုံရလေတယ်၊ မင်းတို့ရေစက်ကလည်းတစ်မျိုးပဲ"

ဆရာ့စကားကြောင့် တစ်တန်းလုံးဝိုင်းရယ်ကြသည်။ ဆရာကပဲ ဆက်၍...

"ကဲ ကဲ...ကလေးမ ထိုင်တော့၊ ဆရာ့ကို ခုလိုထောက်ပြတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

ဆရာ့စကားဆုံးတော့ မိုးမခ တည်ငြိမ်စွာပဲ ထိုင်ချလိုက်၏။ ဘေးမှ နွေနွေကသာ မိုးမခကို စိတ်ပူပန်စွာ လက်ကလေးကို အသာလှမ်းဆုပ်လိုက်မိသည်။ မိုးမခလက်တွေ အေးစက်လို့နေ၏။

ဆရာ နောက်ထပ်မေးခွန်းသုံးလေးခု မေးအပြီးမှာပဲ အချိန်ပြောင်း ခေါင်းလောင်းသံကို ကြားလိုက်ရသည်။ အင်မတန်တိကျသေချာတတ်သော ရူပဗေဒကျောင်းသားများပီသစွာ အားလုံးက စာအုပ်များကို ဝုန်းခနဲပိတ်ကာ လွယ်အိတ်ကို ကောက်ဆွဲကြတော့၏။

တစ်တန်းလုံး တစ်ယောက်ပြီးတစ်ယောက် ထွက်သွားချိန်အထိ မိုးမခ ထိုင်ရာကမထ။ သူ့နေရာမှာပင် တောင့်တောင့်ကလေး ထိုင်နေသည်။ နွေနွေကတော့ မိုးမခလက်ကလေးကို အသာဆုပ်ကိုင်ထား၏။ ဒါကိုလည်း မိုးမခ ခံစားသိရှိပုံမပေါ်။

စောစောက အခြေအနေထက်ပင်ဆိုးသည်ဟု ထင်ရလောက်အောင် မျက်နှာက တင်းမာကာ ကျောက်သင်ပုန်းကိုသာ မမှိတ်မသုန်စိုက်ကြည့်နေ၏။

"မိုးမ..."

"... ..."

"မိုးမ..."

"... ..."

"မိုးမ..."

နွေနွေက ခပ်တိုးတိုးကြိတ်ခေါ်ရင်း မိုးမခကို ဆွဲလှုပ်သည်။

"မိုးမ...လာကွာ စိတ်ကိုလျှော့လိုက် ဆရာ မသိလို့ဖြစ်တဲ့ကိစ္စ

ကြောင့်မင်းကောင်စာအုပ်တိုက်

www.burmeseclassic.com



ပဲကွာ၊ ပြီးတော့ ဆရာက မိုးကို တောင်းပန်သွားသားပဲ''

မိုးမခ ခေါင်းကို ခါ၏။

နွေနွေက နားမလည်သလို မေးသည်။

''ငါ အခု ဒေါသထွက်နေတာက ဆရာ့ကို မဟုတ်ပါဘူး''

နွေ အံ့ဩသွားရ၏။

''ဟင်...ဒါဖြင့် ဘယ်သူ့ကိုတုန်း''

မိုးမခ နှုတ်ခမ်းလှလှလေးကို တင်းတင်းစေ့ထားရာမှ ဖြေ၏။

''သိပ်သဘောထားကြီးပြသွားတဲ့ 'သော်က'ကို''

နွေနွေ မျက်လုံးပြူးသွားရ၏။ နွေ့စိတ်ထဲမှာ ထင်ထားသည်က 'မြ'ကတစ်ခါ၊ သော်ကကတစ်ခါ ဝင်ရှင်းပေး၍ ဆရာနှင့်မိုးမခတို့ တင်းမာမှုကို ပြေစေခဲ့သဖြင့် သော်ကကို နားလည်သွားလိမ့် ည်ဟု။ ခုတော့ ထင်ထားတာတွေနှင့် တခြားစီဖြစ်နေ၏။

''မိုးမကလဲကွာ...သူက စေတနာနဲ့''

နွေ့စကား မဆုံးလိုက်ရ။

''ဘာစေတနာလဲ၊ ဒါစေတနာမဟုတ်ဘူး၊ ပဏာဝင်ယူတာ''

''ဟာ...မဟုတ်ဘူး မိုးမရဲ့၊ သော်ကမှာ အဲလိုစိတ်မရှိပါဘူး''

နွေက ပျာပျာသလဲ ဖြေရှင်းပေးသော်လည်း မရ။

''ဘယ်လိုစိတ်မရှိတာလဲ၊ ကိုယ်ချင်းစာစိတ် မဟုတ်လား။ သူ့မှာက ပဏာဝင်ယူချင်စိတ်ပဲ ရှိတာကိုး''

''ဈော်....ခက်နေပါပြီ မိုးရယ်၊ စနေနေ့ကပဲ နွေတို့ သော်ကနဲ့ တွေ့သေးတယ်၊ သူက မိုးကို အဲဒီလို ပူလောင်မနေစေချင်ဘူး။ သူ့ကို အမြင်ကြည်လင်စေချင်တယ်တဲ့၊ ဖြစ်နိုင်ရင် သူ့ ရိုးလိပ်ဝမ်းကို တောင် နင့်ကို ပေးချင်တာတဲ့''

နွေနွေစကားဆုံးတော့ မိုးမခ မထိတရီပြုံး၏။

''နင်ကပဲ အ,တာလား၊ ငါကပဲ တစ်ဆိတ်ကို တစ်အိတ်ပုပ် တတ်တဲ့ စိတ်ပုတ်မကြီး ဖြစ်နေတာလား မသိဘူး''

''ဘာဖြစ်လို့လဲ မိုးရဲ့''

''ဘာဖြစ်ရမှာလဲ အဲဒါကိုက ပဏာယူနေတာပေါ့ဟ၊ သူကထဲ

www.burmeseclassic.com



သိပ်သဘောထားကြီးသယောင် ငါကပဲ ဒီရိုးလ်ဝမ်းကိုမရလို့ အကြီးအကျယ် သူ့ကို ရန်လိုမုန်းထားပြီး ပြဿနာရှာနေ၊ အမြင်နောက်နေသယောင် လုပ်သွားတာ"

"ဟောတော့"

နွေ ဘာမှ မပြောတတ်တော့ပါ။ မိုးမခကိုသာ ရယ်ချင်မိတော့သည်။ သို့သော် ချစ်ရသောသူငယ်ချင်းလေး ဖြစ်နေတာမို့ ရယ်လည်း မရယ်ရက်ပြန်။

"ဘာ ဟောတော့လဲ"

"ရယ်ချင်လို့"

"ဒါ ရယ်စရာလား"

"ရယ်စရာပေါ့"

"ခွေးနွေမ"

ဆဲလည်းဆဲ ရိုက်လည်းရိုက်၏။ နွေနွေကတော့ အရယ်မပျက်။ ပြီးမှ...

"နင် အဲဒီလိုမျိုးလုပ်နေ"

"ဟင် ဘယ်လိုမျိုးလဲ"

"ခုလိုမျိုးလေ... ကောက်တာလိုလို၊ ဒေါသထွက်တာလိုလို နင်ဒေါသထွက်တာက ကြည့်လို့ကောင်းတယ် မိုးမရဲ့"

မိုးမခ ရှက်သွား၏။

"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဒါမျိုးကြပ်ကြပ်လုပ်လို့ ပြောတာ"

"လုပ်တော့ ဘာဖြစ်လဲ"

နွေက ချက်ချင်းမဖြေ။ လွယ်အိတ်ကို ကောက်လွယ်တာ ခုံတန်းမှ ထွက်လိုက်၏။ ပြီးမှ...

"ဪ...သော်ကကက ပိုသနားနေတော့မှာလို့ ပြောမလို့ပါ"

မိုးမခ နှုတ်ခမ်းလုလုလေး လှုပ်ရှားသွားရတော့သည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



[၆]

သော်ကနှုတ်ခမ်းလေးများ လှုပ်ရှားသွားရသည်။ တဟားဟား ရယ်နေသော တင်ထိုက်ကို မေတ္တာပို့လိုက်တာပါ။ မြင့်ဆောင်ကတော့

"တင်ထိုက်ပြောတာကို ငါလက်ခံတယ်ကွ"

ဟု အရယ်တစ်ဝက်နှင့် ထောက်ခံ၏။ တိုင်းမြင့်ကလည်း'အင်း' လိုက်သည်။

"တော်ကွာ…တော်"

သော်က စိတ်ရှုပ်ရှုပ်နှင့် အော်ထုတ်ပစ်လိုက်သည်။ တင်ထိုက်တ…

"တော်ပါတယ်၊ တော်ပါပြီ၊ ဒီလောက်ဆို မင်း ကိုယ့်ကိုယ်ကို မှန်ထဲကြည့်လို့ရပြီပဲ၊ ငါ ဘာပြောစရာလိုတော့မလဲ"

"မလိုရင် မပြောနဲ့"

အရွဲ့တိုက်သည့်အနေနှင့် သကောင့်သားသုံးယောက် ဘာစကားမှ မပြောကြတော့။ ခဏနေတော့ နွေနွေနှင့် မြဆိုသော ဂေါင်မလေးသူတို့ရှေ့မှ ဖြတ်သွားသည်။ အားလုံးက(တိုင်းမြင့်ကအစက) မြင်မြင်နှင့် မခေါ်ကြ။ ငြိမ်နေသည်။

နွေနွေကသာ သူတို့ရှေ့မှ ဖြတ်သွားပြီးမှ မျက်မှောင်ကြုတ်ကာ ပြန်လှည့်လာ၏။ ပြီး…လက်ဖက်ရည်ခွက်များကိုရှေ့ချကာ စကားတစ်လုံးမှ မပြောဘဲ ငြိမ်ကိတ်နေသော သော်ကတို့လေးယောက်ကို ကြည့်ကာ မေး၏။

"ဘာလဲ…လေကသိုဏ်း ရှုနေကြတာလား"

တစ်ယောက်မှ ပြန်မဖြေကြ။ ကြောင်စီစီအမူအယာများဖြင့် သူမကို ပြန်ကြည့်နေကြ၍ နွေနွေ ဒေါသထွက်ရမည့်အစား သော်က

www.burmeseclassic.com



က ဒေါ်သထွက်လာသည်။

"ဟော့ကောင်တွေ"

သုံးယောက်လုံး ယိမ်းတိုက်ထားသလို ပြန်လှည့်ကြည့်ကြသည်။

"ဘာဖြစ်နေတာလဲ၊ ဟိုမှာ နွေနွေမေးနေတယ်လေ အားနာစရာ"

ထိုအခါ တိုင်းမြင့်က နွေနွေတို့ကို…

"လာ…ထိုင်၊ ဟိုက'မမြ'လည်း ထိုင်"ဟုဆိုကာ နေရာပေး၏။

'မြ'က နှာခေါင်းရှုံ့ကာ…

"သေချင်တယ် အဲဒီ'မ'ကိုဖြုတ်ပေးရင် ဒီဝိုင်း ရှင်းဆိုရှင်းပါ့မယ်"

မြစကားကြောင့် သူတို့ရယ်ဖြစ်ကြသည်။ မြင့်ဆောင်ကတော့ "နှစ်ယောက်တည်းလား" ဟု မေးသည်။ နွေက ခေါင်းညိတ်ပြ၏။

တင်ထိုက်က….

"ခုတလော သော်က,က…"

စကားမဆုံးလိုက် နွေက လက်ကာကာ…

"ခုနက ဘာဖြစ်နေကြတာတုန်း၊ နွေ့ကို ပြောပါဦး"

တိုင်းမြင့်က ရေနွေးတစ်ခွက်ကို ငှဲ့ရင်း စားပွဲထိုးကို လှမ်းခေါ်၏။ နွေနှင့်မြအတွက်ပါ ကော်ဖီမှာပေးပြီးမှ…

"သော်က,က ဘာမှမပြောနဲ့ဆိုလို့ သူငယ်ချင်းကို လိုက်သော့သောအားဖြင့် ပါးစပ်ပိတ်ပေးထားကြတာ"

ဟု ဆိုလေသည်။

"မဟုတ်ဘူး နွေနွေ၊ ကျွန်တော်က မဟုတ်တာ မပြောခိုင်းတာပါ"

သော်က,က ဝင်ရှင်း၏။ တင်ထိုက်ကတော့…

"အဲဒါပြောမလို့ပေါ့ဗျာ၊ သူက အခုတလော အမှန်တရားတွေပဲ ပြောချင်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် နွေနှင့်မြကာ ကြိတ်ရယ်ကြ၏။

"ဟင်…အဲဒါက ဘာရယ်တာလဲ"

"ရယ်ချင်လို့"

သော်က,က မလုံမလဲမေးသဖြင့် မြက ဖြေခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ"

သော်က အနေရအထိုင်ရခက်အောင် ထပ်မေး၏။

"ဪ…အဲဒီထဲမှာ မြလည်းပါတယ်လေ။ မိုးအတွက် စေတနာနဲ့ ဝင်ရှင်းကြတာ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"ဝေဒနာဖြစ်သွားတယ်လေ၊ မြတော့ မပါဘူးလို့ ထင်ရတာပဲ။ သော်က,ကတော့ သေချာတယ် ဝေဒနာရမှာပဲ"

နွေက အားတုံ့အားနာဟန်နှင့် 'မြ'ကို လက်တို့ချိန်တွင် စကားတ ဆုံးသွားပြီ။

"ဘယ်လို…မြ…"

"ဟုတ်တယ်။ ကျွန်တော်လည်းနားမလည်ဘူး မြ"

"နွေ ရှင်းပြပါဦးဟ"

ဒီတစ်ခါ ဝင်မေးကြသူတွေက တိုင်းမြင့်၊ တင်ထိုက်နှင့် မြင်းဆောင်။ သော်ကမှာတော့ မေးစရာမေးခွန်းပင် တစ်ဆို့ပျောက်ကွယ်သွားရသည်အထိ စိတ်ပင်ပန်းသွားရသည်။

ဘာတွေဖြစ်ပြန်သည် မသိ။

"ဟင်း…ခုမှ မထူးတော့ပါဘူး။ ပြောရမှာပဲ"

နွေက ပွစိပွစိ လုပ်၏။

"အားမနာပါနဲ့ဟ ပြောပါ၊ ငါ့ကိုပြောတာ မဟုတ်တာသေချာနေတာပဲ"

တင်ထိုက်က ဝင်နှောက်နေသေးသည်။

"ဒီလိုဟ"

"အင်း"

"မနေ့က မြပြောတာကိုတော့ မိုးမခက ဘယ်လိုမှ မနေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်ရုံလည်းမတင်ဘူး၊ စိတ်လည်း မဆိုးဘူးပေါ့ဟာ"

'မြ'က ဝင်ဖြည့်စွက်ပေး၏။ နွေက စကားကို ဆက်သည်။

"သော်ကကိုတော့ တော်တော်ဒေါသထွက်သွားတယ်"

"ဟာ…"

"တကယ်"

ထင်ထားလောက်ပြီးသားမို့သာ 'ဟာ'လောက်နှင့် ပြီးသွားနိုင်တာ။ တိုင်းမြင့်ကတော့ 'တကယ်'ဟု တအံ့တသြနှင့် ဝင်မေး၏။ မြင့်ဆောင်ကတော့ ဘာမှမပြော။ အေးစက်စက် နားထောင်နေ၏။ လူနောက်တင်ထိုက်ကတော့…

"အသွားမတော် တစ်လှမ်းတဲ့၊ မောင်သော်ကရဲ့ အစားမတော် တော့ တစ်လုတ်တဲ့၊ အပြောမတော်တော့ ဒီလိုဖြစ်ရော"

ဟု ကွက်စိပ်ဆရာလေသံနှင့် ဝင်ပြော၏။ တိုင်းမြင့်ကတော့ မကျေမနပ်နှင့်….

"လွန်လွန်းပါတယ်ဟာ"

သော်က,ကသာ သိလိုဇောနှင့် မေးမိ၏။

"ငါ ဘာများ မှားမိပြန်လို့လဲဟာ"

"အဟဲ…အားတော့နာပါရဲ့ သော်ကရယ်၊ ဒါပေမဲ့ အဲဒီလို ဝင်ပြောပေးတာကိုက အမှားတဲ့"

"ဟာ…ဘယ်လိုလဲဟ"

"နင်က အလကားပထာဝင်ယူတာတဲ့"

"အာ…ဒုက္ခပါပဲ"

ထိုသို့ဝင်ပြောလိုက်သူက မြင့်ဆောင်။

မိုးမခကို ထာဝစဉ်ကိုယ်ချင်းစာပေးတတ်သော မြင့်ဆောင်ပင် စိတ်မရှည်တော့။ စိတ်အနည်းငယ်ညစ်သွားရသော်လည်း ခုထိမိုးမခကို နားလည်ပေးနိုင်သူက သော်က။ ဘာကြောင့်မှန်းတော့ မသိ။ ဒီကောင်မ လေးကိုဆို အလိုလို ခွင့်လွှတ်ချင်နေသည်။ ပြီး…သူကိုလည်း နားလည် စေချင်နေသည်။ သို့သော် ထိုအရာတွေက လုပ်ယူလို့မှ မရဘဲ။

"ဒီတော့ ငါဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သော်ကဇါ်စကားကြောင့် အားလုံးက သူ့ကို 'ကြောင်ပါ' ဆိုသော အကြည့်နှင့် ကြည့်၏။ တိုင်းမြင့်က မကျေမနပ်လေသံဖြင့်

"မင်းက ဘာလုပ်ပေးချင်သေးလို့လဲ၊ ဟိုက မင်း ဘာလုပ်လုပ် အကောင်းထင်တာ မဟုတ်ဘူး၊ အမှတ်ကို မရှိဘူး"

"အေးလေ..."

မြင့်ဆောင်ကလည်း ထောက်ခံ၏။ နွေနွေကတော့ အားတုံ့အားနာနှင့် ရယ်၍သာ နေလေသည်။ တင်ထိုက်က မချိုမချဉ်မျက်နှာပေးလေးနှင့်...

"ဒီလိုလုပ်ပါလား သော်က"

"ဘာလဲ အတည်ဆို ပြော"

သော်က,က မသက်ာသလိုကြည့်ကာ ပြောခြင်းဖြစ်သည်။ တင်ထိုက်က ရယ်ကာ...

"အတည်ပြောမှာပါ"

"ပြော..."

"ဒီလိုနေရင်တော့ မကြာခဏ ထိပ်တိုက်တွေ တွေ့နေမှာပဲ"

"ဟုတ်တယ် ဒီတော့..."

"ဒီတော့ ဒီလိုထိပ်တိုက်ခဏခဏ မတွေ့ရအောင် လုပ်စရာ တစ်ခုပဲ ရှိတယ်"

"ဘာလဲ"

"မင်း ကျောင်းမတက်နဲ့၊ ဒါမှမဟုတ် မေဂျာပြောင်း မိသေးတယ်၊ တစ်ပတ်အတွင်း ပြောင်းလို့ရသေးတယ်"

တင်ထိုက်စကားက နောက်တာလိုလို၊ အတည်လိုလိုနှင့် အားလုံးပင် ဇဝေဇဝါ ဖြစ်သွားကြသည်။

"ဟုတ်တော့ ဟုတ်တယ်နော်"

မြကာ မရဲတရဲ ခပ်တိုးတိုးဝင်ထောက်ခံ၏။

"ဟင်...ဘာလဲဟ သော်က,က Physics လိုချင်လို့ယူတာ မေဂျာပြောင်းပေးရမှာတဲ့လား၊ အဓိပ္ပာယ်မရှိ"

တိုင်းမြင့်က ဝင်ပြော၏။ တင်ထိုက်က လက်ဝင်ကာရင်း...



www.burmeseclassic.com

www.burmeseclassic.com



“ဟိုး…ငါကစကားကျန်သွားတယ်၊ အဲဒါ သော်က မလုပ်နိုင်ရင် မိုးမခလုပ်လို့လည်း ရတယ်၊ ဘယ်သူလုပ်လုပ် အဆင်ပြေမှာပဲ၊ အဲနှစ်ယောက်လုံး လုပ်ရင်တော့ အကောင်းဆုံးပေါ့ကွာ၊ နားအေး မျက်စိအေး”

အားလုံးရယ်ဖြစ်ကြ၏။

“ကဲ…အချိန်မရှိတော့ဘူး၊ ဒီနေ့ ပရက်တီကယ်စမယ့်နေ့လေ၊ ဘာမှတော့ မလုပ်ရသေးဘူးပြောတယ်၊ ဒါပေမဲ့ လူစုခွဲ Intro လုပ်မယ်တဲ့၊ သွားကြရအောင်”

မြက နာရီကိုမြှောက်ကြည့်ကာ အထိတ်တလန့်လောဆော်သဖြင့် ထိုင်ရာမှထဖြစ်ကာ လူစုခွဲဖြစ်ကြသည်။

လက်တွေ့ခန်းထဲဝင်တော့ ခုံနံပါတ်တစ်မှ တစ်ဆယ်အထိက တစ်စားပွဲ။ ထိုခုံတွင် သော်က၊ ကိုင်းမြင့်၊ မိုးမခ၊ မြနှင့်နွေနွေနှင့် တခြား(၅)ယောက် ထိုင်ကြရသည်။ အစဉ်အလိုက်ထိုင်ရတာ မဟုတ်ပေလို့၊ ဟုတ်လို့ကတော့ ပြဿနာက ထပ်ဝင်လာနိုင်သည်။ ဆရာဆိုလို့ နှစ်ယောက်တည်းပါ၏။ သက်ဆိုင်ရာစားပွဲများဆီ လူခွဲရပ်လိုက်ပြီးကြပြီး စတိတ်ပေါ်တွင် ဆရာတစ်ယောက် ကျန်ခဲ့သည်။

ထိုဆရာက အကြီးဆုံးဖြစ်ပုံရ၏။ ဆရာကပင် လက်တွေ့ခန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ပြောပြ၏။ လုပ်ဆောင်ရမယ့် လက်တွေ့ဘာသာရပ် အကြမ်းဖျဉ်းများကိုလည်း ရှင်းပြသည်။ ခဏနေတော့…

“ဟုတ်ပြီ… အားလုံးရှင်းပြီဆိုရင် လက်တွေ့မှတ်တမ်းတွေ၊ လိုအပ်တဲ့စာရွက်စာတမ်းတွေ ရောင်းမယ်။ ဆရာ၊ ဆရာမတွေက ရိုးလ်နံပါတ်အလိုက်ခေါ်ရင် တစ်ယောက်ချင်းစီ လာဝယ်ပါ။ အားလုံး လေးရာ့နှစ်ဆယ် ကျလိမ့်မယ်”

ဆရာ၏စကားအဆုံးမှာ ဆရာ/မတွေက စာအုပ်ပုံတွေ စားပွဲဆီသယ်ကြ၊ ရွှေ့ကြ။ ကျောင်းသူကျောင်းသားတွေက ပိုက်ဆံပါမပါစစ်ကြ၊ မပါသူက ပါသူထံမှာ ချေးငှားကြနှင့် ဆူညံသွားတော့သည်။

အတော်ကြာမှ သူတို့ဝိုင်းမှ ဆရာမ၏အသံ ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ရှိုးလ်နံပါတ်တစ်ခုချင်း ခေါ်မယ်၊ သေချာစိုက်နားထောင်၊ စာအုပ်လာယူမယ် လက်မှတ်ထိုးမယ် ဟုတ်ပြီလား"

ဆရာမစင်ရုပ်လိုက်သည်က မိုးမနှင့် နွေနွေတို့ကြားတွင်ဖြစ်၏။

"ရှိုးလ်နံပါတ်ဝမ်း သော်က"

သော်ကက ထကာ ဆရာမဆီ သွားလိုက်သည်။ တစ်ပါတည်း အသင့်ထုတ်ထားသော လေးရာ့နှစ်ဆယ်ကိုပေးကာ ရှိုးလ်ရှီ(တ)တွင် လက်မှတ်ထိုးလိုက်၏။ ပြီး...စာအုပ်များကို လှမ်းအယူ ဆရာမက

"သားက ရှိုးလ်ဝမ်းလား"

"ဟုတ်ကဲ့"

တစ်ဦးတည်းကျန်သောဆရာကပါ အနားရောက်လာကာ...

"ရှိုးလ်ဝမ်း 'ကင်း'ဆိုတာလား"

"ဟုတ်ပါတယ် ဆရာ"

"တော်တယ်နော်"

"ဟုတ်တယ်...ကျွန်မတော့ ကျွန်မသားလေးကို ဒီလို ပညာတော်တဲ့၊ လိမ္မာတဲ့ သားသမီးလေးပဲ ဖြစ်စေချင်တယ် ဆရာ"

"ဒါပေါ့ ဆရာမရယ်၊ ဘယ်သူမဆို ကိုယ့်သားသမီးကိုကိုယ် အမြဲ'တစ်'ဖြစ်စေချင်တာပေါ့"

ဆရာနှင့် ဆရာမ အချီအချပြောနေသဖြင့် ဆရာမက သူမလက်ထဲမှစာအုပ်များ ကမ်းမပေးသေး။ သူတို့စကားပြောတာကို စောင့်နေရသေးသည်။

"ကဲ...သား ဘယ်နေရာမဆို၊ ဘာပဲလုပ်လုပ် အမြဲတစ်ဖြစ်ပါစေလို့ ဆရာမ ဆုတောင်းပေးတယ် သိလား၊ တစ်ဖြစ်ပြီးမှတော့ 'နှစ်'ဆိုတာတော့ မဖြစ်စေနဲ့တော့"

ဆရာမ စကားကြောင့် သော်က'ဟိုက်'ခနဲမဖြစ်အောင် ထိန်းထားလိုက်၏။ ဆရာကတော့...

"ဟုတ်တယ်" ဟုခပ်သွက်သွက်ထောက်ခံ၏။ ခေါင်းကို ငုံ့ချလိုက်ရင်း အံကို တင်းတင်းကြိတ်လိုက်သည့် မိုးမကို သော်က ဖော်မပြတတ်အောင် အားနာသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတော့ လေဟုန်စီးပြီး ရောက်လာပြန်လေပြီ။ ဆရာမ လက်ထဲမှ စာအုပ်ကို ဖြတ်ခနဲဆွဲယူလိုက်ရင်း "ကျေးဇူးပဲ ဆရာမ" ဟု ဘာမဆိုင်ညာမဆိုင် ဝေါဟာရတစ်ခုကိုပြောပြီး လှည့်ထွက်ခဲ့လိုက်သည်။

"ရှီးလ်နံ့ပါတ်တူး မိုးမခ"

မိုးမခက ထိုင်ရာမှမထ။ ငွေလေးရာနှစ်ဆယ်ကို ထိုးပေးရင်း စာအုပ်ကို ဆွဲယူ၏။ ဆရာမလည်း ထိုအခါမှ မိုးမခကို တအံ့တဩ ကြည့်ကာ သူမဘာသာ သူမ တစ်ခုခုမှားနေခဲ့ပြီဆိုတာ သိလိုက်ပုံရ သည်။

သို့သော် ဆရာမက နပ်သည်၊ ဘာမှမပြော။ တစ်ယောက်ပြီး တစ်ယောက် ဆက်ခေါ်နေလိုက်သည်။

လူကုန်တော့ နောက်တစ်ပတ် ပရက်တီကယ်လ်အတွက် တေဘလ်နံပါတ်ကို ပြောကြားပြီး အတန်းဆင်းပေးလိုက်တော့သည်။ သော်ကက အားတုံ့အားနာနှင့် မိုးမခကို လိုက်ကြည့်မိသော်လည်း မိုးမခကတော့ သူ့ကို တစ်စက်ကလေးမှပင် လှည့်မကြည့်။ ကျောပိုး အိတ်အနက်ကလေးကို ဆွဲကာ အတန်းထဲမှ ထွက်သွားလေပြီ။

တိုင်းမြင့်က...

"တင်ထိုက်ပြောတာ မှန်တယ်၊ အမှန်နှစ်ခုကြားမှာ ငါတို့လည်း စိတ်ညစ်တယ်၊ မင်းဘက်က ကြည့်တော့လည်း မင်း မှန်တယ်၊ မိုးမခဘက်ကကြည့်တော့လည်း မှန်တာပဲ၊ သူစိတ်ပျက်မှာပေါ့၊ ဒီတော့... တစ်ယောက်ယောက်က ရှောင်မှ ရတော့မယ်"

"မဖြစ်နိုင်တာကွာ"

"အေးလေ...မဖြစ်နိုင်လို့ပေါ့ကွ၊ ဖြစ်နိုင်မှတော့ ဂုတ်ကိုဆွဲပြီး ပြောင်းပေးလိုက်တာ ကြာပြီ"

"အေးကွာ...မနက်ဖြန်ကျရင် နွေနွေ့ဆီက ဘာကြားရဦးမလဲ မသိဘူး"

သော်ကတို့ ကျောင်းရှေ့ရောက်တော့ နွေနွေ့ကို တွေ့ရ၏။ တစ်ယောက်တည်း။

"နွေနွေ မိုးမခရော"

www.burmeseclassic.com



သော်က,က မေးတော့ နွေနွေက ရယ်၏။

"တည့်ရှာတယ်လေ၊ တွေ့တိုင်း မေးနေရအောင်"

တိုင်းမြင့်ရော သော်ကပါ ရယ်မိ၏။ ပြီးမှ နွေနွေက ဖြေသည်။

"ပြန်သွားပြီ တော်သေးတာပေါ့၊ သူ့အိမ်က ကားလာကြိုလို့ မဟုတ်ရင် ဒီမှာ သော်ကနဲ့ ဆုံနေဦးမယ်"

"သူ ဘာတွေဖြစ်သွားသေးလဲ နွေ"

သော်က မရဲတရဲ မေးမိသည်။

"ဘာဖြစ်သွားတယ် ထင်လို့လဲ"

"မထင်တတ်လို့ မေးတာပေါ့၊ သေချာတာကတော့ ကျွန်တော့် အပြစ် မလွတ်လောက်ဘူးဆိုတာပဲ"

နွေနွေက တစ်ချက်ရယ်၏။

"အဲလိုလဲ မဟုတ်ပါဘူး"

"ဒါဖြင့် အပြစ်လွတ်တယ်ပေါ့"

"အဲဒီလိုလဲ မပြောရပါလား"

"ဟာ...ဒါဖြင့် ဘာလဲ သေချာပြောပါ"

နွေနွေက ကားလမ်းဘက်ကို မျှော်သလိုနှင့် တစ်ချက်ကြည့်၏။ ပြီး "နေက ခုထိပူတုန်း"ဟု ညည်းသည်။ ပြီး...ဟိုလှည့်ဒီလှည့်နှင့် အူကြောင်ကြောင်လုပ်နေသဖြင့် သော်က စိတ်မရှည်တော့။

"ဘာလဲ နွေနွေရာ ပြောမှာ ပြောတာမဟုတ်ဘူး"

နွေနွေ ခေါင်းတစ်ချက်ကုတ်၏။

"ဘာပြောရမလဲဟာ၊ ပြောစရာမှ မရှိတာ"

"နင်မညစ်နဲ့၊ မိုးမခ ဘာပြောသွားလဲမေးတာ"

"ဘာမှ မပြောသွားဘူး"

"ဘာမှ မပြောသွားဘူး"

သော်က သံယောင်လိုက်မိ၏။ နွေက ပြီးမှစကားဆက်၏။ မျက်နှာလေးက ငြိမ်သက်လျက်...။

"ဘာမှတော့ မပြောဘူးဟ၊ ဒါပေမဲ့ သူ့မျက်ရည်တွေ ဝဲနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်တက္ကသိုလ်လမ်းမကြီးသည် တဒင်္ဂတိတ်ဆိတ်သွားသလို ခံစားလိုက်ရ၏။

❁❁❁

[၃]

"ဖြစ်နိုင်ရင် အစကပြန်စလို့ရရင် ကောင်းမှာပဲ"

"ဘယ်နားလောက်က စချင်လဲ ပြော"

"မင်းက ဘာလုပ်ပေးနိုင်မှာမို့လဲ"

"စချင်တဲ့နေရာကို ပြောလေ၊ ငါပြင်ပေးမယ်၊ ဒီဂရက်ဖ်က ခဲတံနဲ့ ဆွဲတဲ့ဟာပဲ"

"... ..."

တိုင်းမြင့်ကို သော်က အသံတိတ်ဆဲရေးပစ်လိုက်၏။ သူ ဘာကိုဆိုလိုပြီး ပြောနေမှန်းသိသိကြီးနှင့် ဘယ်တုန်းကမှ ဆွဲမနေသော ဂရပ်ဖ်စာရွက်ကို ကိုင်ကာ သူ့ကို အူကြောင်ကြောင်လုပ်နေသည်။

"အော်...သော်က...သော်က"

"ဘာလဲ"

"မင်းကို ခေါ်တာမှမဟုတ်တာ၊ ထူးစရာမလိုဘူး။ ငါ့ဘာသာ ရေရွတ်တာ"

"ဒါဖြင့်လည်း ပြီးရော"

"မပြီးဘူး။ မင်းကတော့ ဒါနဲ့ပဲသေမှာပဲလို့ ပြောမလို့"

"သေ...အေးတာပဲကွာ"

ဒီတစ်ခါ သော်က စိတ်ပေါက်ပေါက်နှင့် တကယ်ပြောလိုက်ခြင်း ဖြစ်သည်။ စိတ်ထဲတွင်လည်း ရှုပ်ထွေးနောက်ကျိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သော်ကစကားကြောင့် တိုင်းမြင့်က ရယ်၏။ ပြီး…

"အရုပ်လည်း သေပေးမနေနဲ့ဦး။ မင်းသေသွားလို့ အကောင်းပြောရင် တော်ရဲ့၊ တော်ကြာ သေလည်းသေပေးရသေးတယ် အနိုင်နဲ့ ပိုင်းသွားတယ်လို့လဲ ပြောခံရသေးတယ်ဆိုရင် မမိုက်ဘူးကွ"

သော်ကပါ စိတ်ရှုပ်ရှုပ်နှင့် ရောရယ်မိတော့သည်။ ဟုတ်တော့ ဟုတ်သည်။ ဒီကောင်မလေးကိုက ဘာလုပ်ပေးပေး မကျေနပ်နိုင်တာ။ သော်ကသေသွားလို့လည်း ကျေနပ်ချင်မှ ကျေနပ်မည့်သူဖြစ်၏။

တကယ်တမ်း အစကပြန်စဆိုလျှင်လည်း သော်က ဘယ်နားက ပြန်စရမှန်းမသိပါ။ အဖေနှင့်အမေကို သူ့ကို မိုးမခထက် တစ်နှစ်စော၊ ဒါမှမဟုတ် တစ်နှစ်နောက်ကျမွေးခိုင်းတာက စရမှာလား။ နာမည်ပေးတာကို 'သော်က' အစား 'သော်ခ'လို့ ပေးခိုင်းရင်ကောင်းမည်လား။ ဘယ်ဟာက ဘယ်လိုအဆင်ပြေပြေ အကောင်းမြင်နိုင်ဖို့က မသေချာ။

"ဒီထက်ကောင်းတဲ့နည်းကို စဉ်းစားနေတာလား"

ငြိမ်သက်သွားသော သော်ကကို တိုင်းမြင့်က မေးလိုက်ခြင်းဖြစ်၏။

"အေး…ဇွဲခေါင်းနဲ့တော့ လိုက်မမီတော့ဘူး၊ ကံကြမ္မာပဲ"

"မစီတာက နောက်ထား။ ဟိုမှာ မင်းရဲ့ ကံကြမ္မာဆူကလေး"

ရှုရှုကြဲကြဲပြောသော တိုင်းမြင့်ရဲ့စကားကြောင့် သော်ကပင် ပြုံးမိ၏။ သူများတကာတွေအတွက်က 'ကံကြမ္မာပေးတဲ့ဆု'၊ သော်ကအတွက်ကတော့ တိုင်းမြင့်ပြောသလိုပင် ကံကြမ္မာကပေးတဲ့ဆူးကလေး မဟုတ်ပါလား။

မိုးမခက ပန်းပွားလွယ်အိတ်စိမ်းစိမ်းလေးကို လက်ဆွဲကာ ကော်ရစ်ဒါအတိုင်း လျှောက်လာနေ၏။ တစ်ကိုယ်လုံးလည်း အစိမ်းရောင်များဖြင့် ဆင်မြန်းထား၏။ တမင်တကာ ဝတ်ဆင်ထားသလားပင် ထင်ရသည်။

သော်ကနှင့်တိုင်းမြင့်ကို မြင်တော့ တိုင်းမြင့်ကိုရွေးကာ မသိအမှတ်ပြုနှုတ်ဆက်သွား၏။ သော်ကကိုတော့ တမင်တကာပင် မသိချင်၊ မမြင်ချင်ယောင်ဆောင်ကာ အတန်းထဲ ဝင်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲမှာရော၊ မေဂျာ၊ မိုင်နာလက်တွေ့ခန်းတွေမှာပါ ဘာပြဿနာမှ မဖြစ်တာ သုံးရက်ခန့်ပင်ရှိပြီ။ ရှေ့လျှောက် ဒီလိုအမြဲတမ်း ငြိမ်းချမ်းသွားလျှင် ကောင်းမည်ဟု သော်ကတွေးမိ၏။ သို့သော် သော်က ဆန္ဒမပြည့်လိုက်ပါ။ ပြဿနာက ပတ်ဗလစ်ကာ အမိုးဖွင့် အဖြူရောင်ကားကလေးစီးကာ သူတို့ဆီ ရောက်လာ၏။

"ဟေး"

ကားပေါ်မှ ကောင်လေး၊ ကောင်မလေး ရှစ်ယောက်ခန့် တဖြုတ်ဖြုတ် ခုန်ဆင်းလာ၏။ ဖြစ်ချင်တော့ သော်ကတို့အတန်းက ကားရပ်လို့ရသည့်နေရာနှင့် ကပ်လျက်။

"သော်ကရေ..."

"ဟေး...ရိုးလ်ဝမ်းကြီး"

"ဘယ်ကောင်လဲကွ ကင်းဆိုတာ"

သူတို့အခန်းတဝိုက် ထိုအုပ်စုအသံဖြင့် ဆူညံသွားတော့သည်။ ဆေးနှင့် စက်မှုသို့ ရောက်သွားသော သော်က၏သူငယ်ချင်းများဖြစ်၏။ မိန်းကလေးသုံးယောက်က ဆေး(၁)မှဖြစ်ပြီး ယောကျ်ားလေး ငါးယောက်တာ စက်မှုမှဖြစ်၏။ ဘယ်လိုဘယ်လို စုလာကြမှန်းပင် မသိ။

သော်ကကိုမြင်တော့ ဝမ်းသာအားရနှင့်...

"ဟော့ကောင်ကြီး မင်းရဲ့ကွင်းကလေးရော၊ သတင်းတွေကြားတယ်နော်"

"ဟုတ်တယ် သော်က၊ ဘယ်မှာလဲ မင်းရဲ့ပါတနာကလေး"

"ရိုးလ်ဝမ်းနဲ့တူးဆိုတော့ နေနဲ့လ ရွှေနဲ့မြနေမှာပဲ"

"နင်က ဒီအကြံတွေနဲ့ Physics ရအောင် လျှောက်တာ မဟုတ်လား"

သော်က တားချိန်ပင်မရလိုက်ပါ။ ပါးစပ်ရှစ်ပေါက်မှ ခုန်ဆင်းလာသောစကားလုံးများက ပျံ့လွင့်ကာ အတန်းထဲတွင် ထိုင်နေသော မီးမခဆီရောက်မှာ အသေအချာ။

"တိုးတိုးပြောပါဟ"

"ဘာကို တိုးတိုးပြောရမှာလဲ"

www.burmeseclassic.com



"အေးလေ..."

"အမေ့ထဲ တားမြစ်ချက်တွေနဲ့ ဘာလဲ ပါမစ် မရထားဘူးလား"

ပြောကာမှ ထပ်ဆိုးလာ၏။ ထို့ကြောင့် တိုင်းမြင့်ကပါ အတန်းထဲကို ခြေဟန်လက်ဟန်ဖြင့်ပြကာ မျက်စိမှိတ်ပြလိုက်ရ၏။ ထိုအခါကျမှ သကောင့်သား၊ သကောင့်သမီးရှစ်ယောက် ခဏငြိမ်သက်သွား၏။

တကယ်ခဏလေးပါပဲ။ ပွစိပွစိအသံများက ပြန်ထွက်လာကြ၏။

"ဗီရိယကောင်းလိုက်တာ၊ အစောကြီး ကျောင်းကိုရောက်နေတယ်"

"အေးလေ...ငါတို့ဒီလောက် စောစောလာတာတောင်မှ"

"သော်က နင်နဲ့ ချိန်းထားလို့လား"

"ဟာ...သေတော့မှာပဲ၊ လာခဲ့ အားလုံးကင်တင်းသွားမယ်"

ပြောပြောဆိုဆို အားလုံးကို ကင်တင်းဘက် ဦးဆောင်ခေါ်လာခဲ့ရသည်။ အတန်းထဲမှာတော့ ဒေါ်မိုးမခ ပုလဲခရင်း ကျန်ခဲ့မည်လားမသိ။ သေချာတာကတော့ သော်ကတစ်ယောက် စက်ကွင်းလွတ်မှာ မဟုတ်တာပါပဲ။

ကင်တင်းရောက်တော့ မှာကြ၊ သောက်ကြနှင့် အခြေကျပြီး လောက်ချိန်တွင် တစ်ယောက်က...

"သော်က"

"ဘာလဲ"

"ခုတည်းက ဒီလောက်ကြောက်နေရပြီဘား"

"အေးလေ့ နောက်ပြောင်တာပဲ၊ နင်တို့က သည်းနေတာပါ"

"ဟုတ်ပ"

မိန်းကလေးသုံးယောက်ထဲမှ ထွက်လာခြင်းဖြစ်၏။

"နင်တို့ နားမလည်ပါဘူးဟာ"

"ဟုတ်တယ် နားမလည်ဘူး၊ နားလည်အောင်ရှင်းစမ်းပါဦး"

"ဒီလိုဟာ"

သော်ကက ဇာတ်စုံကိုခင်းပြတော့ အားလုံးတိတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခတ်ရှည်လည်သွားပြန်တော့လည်း သော်က မသက်သာပြန်ပါ။

မိန်းကလေးသုံးယောက်က…

"ငါသာဆိုလည်း မိုးမခလိုပဲ ဖြစ်မှာပဲ"

"အေးလေ…အတူတူချင်းကို တစ်မူးပိုအရှုံးမခံနိုင်ပါဘူး"

"ဟုတ်ပ"

ယောက်ျားလေးများကတော့…

"သော်ကာဘဝကတော့ သွားပြီ"

"အေးလေ…ဘာဆိုင်လို့လဲ၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်လာတဲ့ဥစ္စာ"

"မနာလိုဖြစ်နေလို့ ရမလား"

ထိုစကားကြောင့် တိုင်းမြင့်က ဝင်ပြော၏။

"မနာလိုတာတော့ မဟုတ်ဘူးတဲ့"

"မဟုတ်ရင် ဘာလဲ"

"သူပြောတာကတော့ ရှင်းပါတယ်၊ မနာလိုဘူးဆိုတာက ကိုယ်ထက်သာတဲ့သူကို ကိုယ်ကလည်း လိုက်မမီလို့ ဖြစ်တဲ့ကိစ္စဖြစ်တဲ့ ခုဟာကျတော့ သူက သော်ကကို မမီတာမဟုတ်လို့ မနာလိုစရာမရှိဘူး တဲ့ ကြည့်လို့ကို မရတာတဲ့"

"ရေစက်ပဲ"

တိုင်းမြင့်စကားကြောင့် တစ်ယောက်က ဝင်နောက်သဖြင့် အားလုံး ရယ်ဖြစ်ကြသည်။ ခုလောက်ဆို အတန်းကစပြီ။ သော်ကတို့ အတန်းမတက်ဖြစ်တော့။ တစ်ခုတော့ ကောင်းပါသည်။ တစ်ချိန်စာ ပြဿနာအတွက် ရင်ထိတ်နေခြင်းမှ ငြိမ်းဝေးမည်မဟုတ်လား။

ခဏနေတော့ တိုင်းမြင့်က သတိပေး၏။

"သော်က"

"ပြော"

"နေ့လည် ပရယ်တီကယ်လ် အချိန်ရှိတယ်နော်"

"Chemistry မဟုတ်လား ငါသိပါတယ်"

"ဒီကောင်တွေ ပြန်မှဖြစ်မှာ"

"မပူနဲ့ သူတို့လည်း ဒီလောက်မအားဘူး။ ပြန်ကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင်၊ ခဏနေတော့ ရှစ်ယောက်အုပ်စု နှုတ် ပြန်သွားတော့၏။

"ဘာမှလည်း မဟုတ်ပါဘူး"

သော်က,က မကျေမနပ်ရေရွတ်သဖြင့် တိုင်းမြင့်က…

"ဘာကိုလဲ…ဘာပြောတာလဲ"

"ဩော်…ဟိုအုပ်စုကို ပြောပါတယ်၊ ဘာမှဟုတ်တာလဲ မဟုတ်ဘဲနဲ့ သက်သက်လာပြီး ပြဿနာပေးသွားတယ်"

"အလဲ့…ခုတော့လည်း ဒီစကားပြောပြီပေါ့"

တိုင်းမြင့်က မထိတထိကလိ၏။

"မဟုတ်ပါဘူးဟာ၊ ငါနဲ့မိုးမခကြားက ပြဿနာကို မင်းလည်း သိသားပဲ"

"မင်းရဲ့ အဲဒီ Care တွေကို နည်းနည်းလျော့လို့မရဘူးလား"

သော်က ပြုံးမိ၏။ တစ်ခါမှ လျှော့ချကြည့်ဖို့ မကြိုးစားခဲ့ဘူး သလို၊ ဘယ်တုန်းက လာရောက်ဖြစ်တည် တိုးပွားနေမှန်းလဲ မသိပါ။ လျှော့ချလို့ရမည်လို့လည်း သူမထင်။ ဒါ တိုင်းမြင့်တို့အုပ်စု သူ့ကို ပြောနေကျစကားနှင့် ပြောရလျှင် 'လုပ်ယူလို့မရဘူး'ဟုပဲ ပြောရလိမ့်မည် ထင်သည်။

"မင်း ဘာပြုံးတာလဲ"

တိုင်းမြင့်က နားမလည်သလို မေး၏။

"ဩော်…မဟုတ်ပါဘူးကွာ၊ မင်းပြောတဲ့ Care တွေ ဘယ် လောက်များနေပြီလဲလို့ ငါဘာသာ စဉ်းစားကြည့်နေတာ"

လက်တွေ့ခန်းထဲရောက်တော့ ထုံးစံအတိုင်း တေဘယ်လ်တစ်ခု တည်း ထိုင်ကြရ၏။ မြစိမ်းရောင် မိုးမခမင်းသမီးလေးက တချွင်ချွင်မြည် နေသော မြစိမ်းရောင်လက်ကောက်များနှင့်အတူ အခန်းထဲသို့ နောက်ဆုံး မှ ရောက်လာ၏။

ထိုနေ့လုပ်ရမည့် အိုင်အိုဒင်းဓာတုချက်လုပ်ရသည့် စမ်းသပ်ချက် အတွက် လူစုခွဲတော့ (၅)ယောက်ကို တစ်အုပ်စုခွဲ၍ ခုံနံပါတ်(၁) မှ (၅)အထိတွင် နွေနွေရော တိုင်းမြင့်ပါ မပါ။ '(၅)ကတော့ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မြ'က ခုံနံပါတ်(၅)ဖြစ်၏။

လူစုခွဲ၊ ပစ္စည်းတွေခွဲ၊ ရှင်းလင်းပြပြီးတော့ အလုပ်စလုပ်ကြရသည်။ လက်တွေ့ပစ္စည်းများကို သွက်လက်စွာ ကောက်ကိုင်ဖျော်စပ်၊ စစ်ချအပူပေးနှင့် မိုးမခကချည်း ဦးဆောင်ကာ လုပ်သွား၏။ မြနှင့်တခြား မိန်းကလေးတစ်ယောက်က ကူသည်။

သော်ကနှင့် တခြားကျောင်းသားတစ်ယောက်မှာတော့ မိန်းကလေးတွေနဲ့ လုပြီး မလုပ်လိုက်ရ၍ ယောင်နနရပ်နေကြရသည်။ ပိုဆိုးသည်က သော်ကပါ။ ဝင်လုပ်ချင်ပါလျက် မိုးမခကြောင့် မလုပ်ဖြစ်။ ဝင်ကူချင်ပါလျက်နှင့် မကူဖြစ်။

တက်ညီလက်ညီရှိပြီး သွက်လက်သောကြောင့် သော်ကတို့အုပ်စု အရင်ပြီးသွားသည်။ ထို့ကြောင့် ငါးယောက်သား တောဘယ်လ်တာဝန်ကျ ဆရာမဆီရောက်သွားတော့ ဆရာမက တအံ့တသြနှင့်…

"ဟဲ့…ပြီးကြပြီလား"

"ဟုတ်ကဲ့…တီချယ်"

မိုးမခ မျက်နှာလေးမြူးတူးတက်ကြွနေ၏။ 'မြ'လည်း ထို့အတူပင်။

"အေး အေး…လာကြည့်ရအောင်"

ဆားလုံးကို ယူကြည့်၏။ ပြီး….

"အိုကေ…ကောင်းတယ် ရိုးလ်နံပါတ် ပြောပါဦး"

"ဝမ်းတူဖိုက် တီချယ်"

မြက ခပ်သွက်သွက်ဖြေ၏။

"ဩော်…ဒါကြောင့်ကိုး ရိုးလ်ဝမ်းပါတဲ့အုပ်စုဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့"

မြက မျက်နှာလေးတစ်မျိုးဖြစ်ကာ သော်ကကိုတစ်လှည့် မိုးမခကိုတစ်လှည့် ခိုးကြည့်၏။ မိုးမခကတော့ မျက်နှာလေး မသိမသာတင်းသွားပြီး ခေါင်းကို ဆတ်ခနဲ မော့ပစ်လိုက်သည်။

ဆရာမကတော့ ဘာမှမသိလိုက်။ ထို့ကြောင့် သူ့ဘာသာသူ တစ်ယောက်ချင်းကို Viva မေး၏။ အမှတ်ပေး၏။ ပြီး သူတို့အုပ်စုကို



www.burmeseclassic.com

www.burmeseclassic.com



အတန်းမှ လွှတ်ပေးလိုက်တော့၏။

သာယာနာပျော်ဖွယ်ကောင်းသော လက်ကောက်သံတချွင်ချွင်နှင့်အတူ ငါးမလေး တရွေ့ရွေ့ဝေးကာ ထွက်သွားရာသို့ သော်က သိမှတ်မဲ့စွာ လိုက်ကြည့်နေမိသည်။

သူ့ကို မိုးမပြောခဲ့သည့်စကားက မှန်သည်။ တစ်နှစ်လုံးသူမအတွက်တော့ တစ်ထစ်ရှိုးနေတော့မှာဆိုသည့် စကား...။ သော်ကသက်ပြင်းကို ခပ်ဖွဖွချမိသည်။ မလှမ်းမကမ်းတွင် ရပ်နေသော မြကသူ့ကို အားပေးသလိုပြုံးပြ၏။

ခဏကြာတော့ နွေနွေထွက်လာ၏။

"မြ"

"ဟင်"

"မိုးမရော..."

"ပြန်သွားတယ် ထင်တာပဲ"

"ဟင်...ပြန်သွားတယ် ဟုတ်လား"

"ထင်တာပြောတာ ဟိုဘက်ထွက်သွားတာပဲ"

"ဘာဖြစ်ရပြန်တာလဲ မသိဘူး၊ ပရက်တီကယ်လ်ပြီးရင်အတန်းမရှိတော့ဘူး၊ မိန်းထဲ ခဏသွားရအောင်လို့ သူပဲပြောထားဖြီးဘယ်ရောက်သွားရပြန်တာလဲ မသိဘူး"

နွေနွေက ခေါင်းကို ပွသွားအောင် ဖွကုတ်ပစ်လိုက်၏။ 'မြ'ကပြုံးကာ...

"ဟိုလေ နွေ"

"ဘာလဲ မြ"

"ပြန်သွားတယ်လို့ ထင်တယ်လို့ပြောရတာက..."

မြ စကားတွေရှုပ်ထွေးနေ၏။ ပြီး...စကားစကို ခဏဖြတ်ကာသော်ကဘက်ကို တစ်ချက်ကြည့်လိုက်သဖြင့် နွေနွေက သဘောပေါက်သွားဟန်ဖြင့်...

"သြော် သော်ကနဲ့ ပြဿနာတက်ကြပြန်ပြီလား"

ခပ်တိုးတိုးမေး၏။ 'မြ'က...



www.burmeseclassic.com

www.burmeseclassic.com



"သော်ကနဲ့ပြဿနာတက်တယ်ရယ်လို့တော့ မဟုတ်ပါဘူး ထုံးစံအတိုင်း ငြိုကြတာပေါ့"

ဇာတ်စုံခင်းပြ၏။ နွေသဘောပေါက်သွားပြီး…

"ဒါဖြင့်လည်း နွေခဏသွားကြည့်လိုက်ဦးမယ်၊ ကားရပ်ထားတဲ့ အကိမှာများ ရှိမလားလို့"

နွေက ပြောပြောဆိုဆို သော်ကကိုပါလှမ်းနှုတ်ဆက်ကာ ထွက်သွားတော့သည်။

ထိုနေ့က နွေနွေနှင့်မိုးမခ ဆုံမဆုံတော့မသိ။ သော်ကနှင့်ကတော့ ထိုနေ့ကတည်းက မဆုံကြတော့။ ခုဆိုလျှင် ခြောက်လခန့်ပင် ရှိတော့မည်။

ကံကြမ္မာကပဲ သူတို့အတွက် ဖန်တီးပေးသလားမသိ၊ ကျောင်းပိတ်ရက်က ရောက်လာသဖြင့် မတွေ့ဖြစ်ကြတော့ချေ။ နွေနွေနှင့် တိုင်းမြင့်တို့ ရံဖန်ရံခါ တွေ့ကြသော်လည်း မိုးမခအကြောင်းကိုတော့ စကားမစပ်မိခဲ့ကြ။

သို့နှင့်…။

❁❁❁

[၈]

"တီ…တီ…တီ"

"ဟဲလို"

"သော်ကလား"

"အေး…တိုင်းမြင့်လား။ ပြော…ဘာကိစ္စ"

"ဟား…ကိစ္စရှိမှ ဖုန်းဆက်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့တောင် လာရွှေမနေနဲ့ ငါ နွေနွေမဟုတ်ဘူး။ ကိစ္စမရှိရင် ဘယ်တုန်းကများ ဖုန်းဆက်ဖူးလို့လဲ ပြော"

ဟုတ်တော့ ဟုတ်ပါသည်။ တိုင်းမြင့်သာ မဟုတ်ပါ။ သော်က အပါအဝင် ကျွန်လူများအားလုံး၌ ဖုန်းရှိကြသော်လည်း အကြောင်းကိစ္စ မရှိဘဲ မဆက်ဖြစ်ကြ။ ညနေဘက် လက်ဖက်ရည်ဆိုင်တွင်ဆုံမှသာ ပြောဆိုကြတာများ၏။

"ဒီလိုကွာ"

"အင်း…ပြော"

"ဖေဖေက ငါ့ကို ကွန်ပျူတာသင်တန်း တက်ခိုင်းနေတယ်"

"ဟ ကောင်းတာပေါ့၊ ဘယ်မှာလဲ MCC မှာလား"

"MCC မှာဆိုရင် မင်းကိုတောင်မှ လှမ်းအကြောင်းကြားမနေဘူး။ ကိုယ့်ဘာသာကိုယ် သွားတက်လိုက်ပြီ"

အဓိပ္ပါယ်ပါသောစကားမို့ သော်က မေတ္တာပို့လိုက်မိ၏။

"ဒွေးမသား"

"နာမည်အရင်းတွေမခေါ်ကြေးကွာ"

"အေးပေါ်…လိုရင်းကို ပြောပါ"

"တက်ရမှာက ဖေဖေ့သူငယ်ချင်းဆီမှာတဲ့"

"အလကားလား"

"အင်း…ထင်တာပဲ နာမည်က ဦးကျော်စွာတဲ့၊ သူက Computer Age ဆိုပြီး သင်တန်းကလေးဖွင့်ထားတယ်၊ ရွှေတိဂုံဘုရားလမ်း မှာပဲ၊ အဲဒီမှာတက်မှာ"

"ဒီတော့"

"အဖော်လိုတယ်လေကွာ"

"နွေနွေ့ကို ပြောပေးရမှာလား"

"သော်က မညစ်နဲ့ကွာ၊ မင်းကို ခေါ်နေတာ"

"ငါ့မှာ အလုပ်တစ်ဖက်နဲ့မအားတာ မင်းလည်းသိသားပဲ"

"အဲဒီအလုပ်က မင်းအမေ မင်းကို စိတ်ငြိမ်အောင်ထားတာပဲ ကွာ၊ မင်း ဒီသင်တန်းကို တက်မယ်ဆိုရင် အဲဒီအလုပ်ကို မင်းအမေက



www.burmeseclassic.com

www.burmeseclassic.com



နားခိုင်းမှာပါ မယုံရင် မေးကြည့်လိုက်”

မေးစရာမလိုပါ။ စပီကာဖုန်းမို့ မေမေက ကြားနေပြီးသားဖြစ်၏။ မေမေကပါ သဘောတူခေါင်းညိတ်ပြသဖြင့်…

“အေးလေ…ဒါဆိုလည်းမင်းသဘောပဲ၊ အကျိုးယုတ်မယ့် ကိစ္စမှ မဟုတ်တာ”

“အိုကေ…ဒါဆို အခုလာခေါ်မယ်”

“အမ်… အခု ဟုတ်လား”

“ဟုတ်တယ်”

“ဟာ…မင်းကလဲ ဘာကြီးလဲဟ ချက်ချင်းကြီး”

“ဟုတ်တယ်၊ ချက်ချင်းကြီးဆိုတာကတော့ ဟုတ်တယ်…၊ ဒါပေမဲ့ ငါ့ဟာဆိုတာတော့ မဟုတ်ဘူး။ ငါ့အဖေဟာ၊ ဟဲဟဲ…ဒီတော့ ငါခုလာခေါ်မယ် အသင့်စောင့်နေ ဒါပဲ”

ပြောပြောဆိုဆိုဖုန်းချသွားသဖြင့် သော်က စိတ်ပျက်ပျက်နှင့် ထိုင်ရာမှထကာ ရေချိုးရတော့၏။

အဝတ်အစားလဲပြီးပြန်ထွက်လာတော့ တိုင်းမြင့်က ဧည့်ခန်းထဲမှာ သူ့အဖေနှင့် အတူထိုင်နေ၏။

“ဟင်…ရောက်နေကြပြီလား”

“အေးကွ ပြီးပြီလား။ ပြီးရင်သွားကြရအောင် အန်ကယ်လ် အားတုန်း လိုက်အပ်ပေးရမှာ”

တိုင်းမြင့်အဖေက ဝင်ဖြေပြီး ကမန်းကတန်းကားသော့ဆွဲကာ ထိုင်ရာမှထ၏။ တစ်စုံတစ်ခုကို သတိရမိသဖြင့် သော်ကမျက်နှာပြုံးစိစိ ဖြစ်သွားသောကြောင့် တိုင်းမြင့်က ကြိတ်မေး၏။

“ဘာပြုံးတာလဲ”

“ဩော်…မင်းပြောဖူးတာလေး သွားသတိရလို့ပါ”

“ဘာလဲ”

“မင်းအဖေကို တင်ထိုက်နဲ့တူတယ်လို့ ပြောဖူးတာလေ”

တိုင်းမြင့်ခေါင်းညိတ်ကာ ရယ်၏။ ထာဝစဉ် ပျော်ရွှင်နေတတ်တာချင်း တူခြင်းဖြစ်၏။ တိုင်းမြင့်အဖေက တင်ထိုက်

www.burmeseclassic.com



လိုတော့ ခွတ်နောက်နောက်မရှိချေ။ အတော်လေးကို တည်ကြည်၏။

**Computer Age** ကိုရောက်တော့ ဦးကျော်စွာဆိုသူနှင့် တွေ့ရသည်။ ဆရာဦးကျော်စွာသည် မျက်မှန်နှင့် အသားဖြူသူဖြစ်၏။ မျက်နှာမှာပင် ထက်မြက်မှု ကြိုးစားအားထုတ်မှုများကို တွေ့နေရသလို ခံစားရ၏။

"ကျော်စွာ…ဒါ ငါ့သားတိုင်းမြင့်၊ ဒါကတော့ တိုင်းမြင့်သူငယ်ချင်း သော်ကတဲ့"

"အတော်ပဲ…မနေ့ကမှစတက်တဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ သူနဲ့အတူတူပဲ စလိုက်ကြတာပေါ့"

"အဆင်ပြေသလို လုပ်လိုက်ပါ၊ ကဲ…အချိန်မရလို့ ငါသွားဦးမယ်"

လိုရင်းကို ပြောပြီးသားမို့ထင်သည်။ တိုင်းမြင့်အဖေက ထုံးစံအတိုင်း ကပျာကယာပြန်ဆင်းသွားတော့၏။ တိုင်းမြင့် အဖေပြန်သွားမှ ဆရာက…

"ဟိုချာတိတ်မက နောက်ဆယ်ငါးမိနစ်လောက်နေမှ ရောက်လိမ့်မယ်၊ သူက သိပ်တော်တာ၊ ဪ…ဒါနဲ့ မင်းတို့လည်း ပထမနှစ်တွေနော်"

"ဟုတ်"

"ဘယ်မေဂျာကလဲ"

"**Physics** ကပါ"

"ဟင်…တိုင်းမြင့်အဖေကပြောတော့ သူ့သားက အမှတ်မြင့်တယ်ဆို **Physics** ပဲရတာလား၊ တမင်လျှောက်တာလား"

"တမင်လျှောက်တာပါ၊ သူရော ကျွန်တော်ရော ဝါသနာပါလို့လျှောက်တာပါ သူက ရိုးလ်ဝမ်းလေ၊ ကျွန်တော်က ဆဲဗင်း"

"ဪ…ဪ"

ထိုစဉ် အတွင်းခန်းထဲမှ ကျောင်းသူကျောင်းသား တစ်ဖိုထွက်လာ၏။

"ဆရာ ပြန်လို့ရပြီလား"

"အေး…ပြီးရင်ပြန်လေ၊ နောက်နေ့တွေကျရင်တော့ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



စက်ချိန်မှာ ပြန်ပြပေးမယ်"

"ဟုတ်ကဲ့"

ပြီး....တိုင်းမြင့်တို့တက် လည့်ကာ ဆရာက မိတ်ဆက်ပေး၏။

"ဒါက ဆရာ့တပည့်တွေ၊ သူတို့က သင်တန်းတောင် ပြီးတော့မယ်၊ ဒီမှာတော့ ဒီလိုအဆင့်ဆင့်ပြန်ပေးတဲ့စနစ်ကို ကျင့်သုံးတယ်၊ ဒါမှ ကိုယ်ရထားတာတွေလည်း မမေ့တော့ဘူး"

"ဟုတ်ကဲ့"

"ဒါက မင်းသော်တဲ့၊ သူက ဝတ်မှုံတဲ့၊ နောက်တစ်ယောက်ကတော့ ရှိုးပေ၊ ဒီနှစ်ယောက်ကတော့ သော်ကနဲ့ တိုင်းမြင့်တဲ့၊ မနေ့ကတစ်ယောက်တော့ တွေ့ပြီးပြီမဟုတ်လား"

"ဟုတ်"

"ဒါဆို သွားကြတော့"

ထိုအုပ်စု ဆင်းသွားပြီး မကြာမီမှာပဲ တံခါးဝကခြေသံကို ကြားရ၏။ နောက် 'ချွင်'ခနဲ လှုပ်ခတ်သံ။ သော်ကပဲ နားစွဲနေလို့လား မသိ။

မသိမသာခေါင်းထောင်ကြည့်မိတော့ သူနဲ့တိုင်းမြင့်ကို ရယ်ကြည့် မင်သက်နေသော မိုးမခကို တွေ့လိုက်ရ၏။

အမှတ်မထင်မှ အမှတ်မထင်ပါပဲ။ မိုးမခသည် သူတို့နောက်ဆုံး တွေ့ခဲ့ရသောနေ့ကလိုပင် မြစိမ်းရောင်ရင့်ရင့်ကို ဆင်မြန်းထား၏။ တိုင်းမြင့်ကလည်း တအံ့တသြနှင့်။

"မိုးမခ"

"တိုင်းမြင့်"

သူတို့ချင်း အပြုံးငွေ့ငွေ့ဖြင့် နှုတ်ဆက်ကြ၏။ သော်ကတော့ မပါချေ။ သော်ကကို ရှိတယ်ဟုပင် မထင်သောပုံနှင့် မိုးမခက စားပွဲမှာ ဝင်ထိုင်၏။ စားပွဲခုံတန်းကအရှည်မို့ သော်ကနှင့် သူမကြားမှာ တိုင်းမြင့် ခြားနေပြီး အစွန်းတစ်ဖက်စီလည်း ဖြစ်နေ၍ ပို၍အဆင်ပြေသွားသည်။

ခဏနေတော့ ဆရာဝင်လာကာ...

"ဟော...သမီးရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ ဆရာ"

"အဲ…ဒီမှာ သမီးအဖော်တွေရပြီ၊ မိတ်ဆက်ပေးမယ်၊ ဒါက သော်တာတဲ့ သူကတိုင်းမြင့်၊ ဒီကသမီးက မိုးမခတဲ့…၊ သမီးမိုးမခတော့ မြင့်ခက်ရပြီ သော်တာက အမှတ်တွေအများကြီး၊ ဂုဏ်ထူးတွေအများကြီး နဲ့ Physics မှာ ရိုးလ်နံပါတ်ဝမ်းရထားတာ"

သေစမ်း…။ သော်က သူ့နဖူးသူ မရိုက်မိအောင် မနည်းထိန်း လိုက်ရ၏။ မိုးမခကတော့ သူ့ကို ခပ်ရှုရှုတစ်ချက်ကြည့်ကာ အကြည့်ကို လွှဲပစ်လိုက်သည်။

ပြန့်တွေ့တွေ့ချင်း ပုဆိန်နှင့်အထွင်းခံရလိုပဲဟု သော်က တွေး နေမိ၏။ တိုင်းမြင့်ကိုပဲ အပြစ်တင်ရမလား။ ကိုယ့်ကိုယ်ကိုပဲ အပြစ် တင်ရမလား။ ဆတ်ဆတ်ခဲ့ဆော့ ဒီနေရာကိုရွေးပို့တဲ့ တိုင်းမြင့် အဖေကြီးကိုပဲ အပြစ်တင်ရမလား။ သူ မတွေးတတ်တော့ပါ။

"ကံကြမ္မာပေါ် ပုံရမလား အချစ်ရေ့…မင်းနဲ့ငါ"ဟုသာ စိတ်ပေါက်ပေါက်နှင့် အော်ဆိုပစ်လိုက်ချင်တော့သည်။

သို့သော်…ထိုတစ်ခွန်းကလွဲလျှင် ဆရာ့ထံတွင် ဘာမှ ထပ်မငြီ ကြ။ ပြေလည်နေခဲ့သည်။ ဆရာစာမေးလျှင် သုံးယောက်အတူတူ ဖြေသည်။ တိုင်းမြင့်ကို အလယ်ထား၍ တိုင်ပင်စရာရှိတာတိုင်ပင် ဖြေဆိုကြသည်။

ဆရာကတော့ သူတို့သုံးယောက်ကို အတွဲညီသည်ဟု အသိ အမှတ်ပြုကာ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်မဆုံးဖြစ်နေလေသည်။

သင်တန်းချိန်ပြီးတော့ ဆရာက…

"သမီး ကားလာပြီလား"

"ဟင့်အင်း ဆရာ"

"ဒါဆို စောင့်လေ"

"မစောင့်တော့ဘူးပါဘူး ဆရာ"

"အားနာစရာမလိုဘူး။ စောင့်"

ဆရာက Software တစ်ခုကို ဖွင့်ကြည့်နေရင်း ပြန်ရန် ဟန်ပြင်နေသော မိုးမခကို လှည့်မကြည့်ဘဲ တား၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဆရာ၊ ဒီနေ့လာမကြိုဘူး။ သမီးဘာသာပြန်ရမှာ"

"ဟော…ဖြစ်လား"

ဆရာကလှည့်မေး၏။ မိုးမခကို ဘယ်တုန်းကမှ ကိုယ့်ဘာသာကိုယ်ပြန်တာ ကျောင်းမှာတည်းက မတွေ့ဘူးခဲ့။

"ဖြစ်ပါတယ် ဆရာ၊ ပျော်စရာကြီး သမီးလိုင်းကားစီးပြန်မှာ"

"အေး ဖြစ်ရင်ပြီးရော၊ တိုင်းမြင့်တို့"

"ဗျာ…ဆရာ"

"မိုးမခကို ကားကူစောင့်ပေးလိုက်"

"ဟုတ်"

"ရပါတယ် ဆရာ"

မိုးမခက မလိုအပ်သလိုငြင်းကာ ကပျာကယာ ပြေးဆင်းသွားတော့သည်။ တိုင်းမြင့်နှင့် သော်ကလည်း ဆရာ ဘာမှထပ်မပြောမိလိုက်ဆင်းခဲ့လိုက်ကြ၏။

သူတို့အောက်ရောက်တော့ မိုးမခက တော်တော်ပင်လှမ်းနေပြီ။

"တွေ့လား မောင်သော်က"

"ဘာကိုတွေ့ရမှာလဲ"

"ဟိုမှာလေ…မင်းကို ကြောက်လို့ပြေးတာ တန်းနေတာပဲ"

"ကြောက်တာတော့ ဟုတ်မှာမဟုတ်ဘူးကွ"

"အေး…ရှုံ့တာပဲနေမှာ"

"ဟားဟားဟား"

သူတို့ မဆီမဆိုင်ရယ်မောလိုက်မိကြ၏။ မိုးမခကတော့ ဖြည်းဖြည်းဝေးသွားကြပြီ။ သူတို့နောက်က ဖြည်းဖြည်းပင် လျှောက်လိုက်သွားလိုက်၏။ စီးရမည့်ကားဂိတ်က တူတူကိုး။

"ထူးတော့ ထူးဆန်းတယ်"

"ဘာလဲ"

သော်ကက တွေးဆဆပြောသော တိုင်းမြင့်၏စကားကို နားလည်သလို ပြန်မေးလိုက်၏။

www.burmeseclassic.com



"အေးကွာ...မင်းနဲ့ မိုးမခနဲ့ကို ပြောတာပါ"

"ဘာထူးလို့လဲ၊ ဘာမှမထူးဘူး"

"ဘာလို့ မထူးရမှာလဲ"

"ကဲ...ပြောစမ်းပါဦး"

"မင်းတို့နှစ်ယောက်က တွေ့ဖို့မသင့်တဲ့ သူတွေ"

"ဟုတ်တယ်လေ"

"ခုတော့ ကျောင်းပိတ်ထားလို့ အားလုံးဝေးနေချိန်မှာတောင် မင်းတို့နှစ်ယောက်က ကြုံကြုံဖန်ဖန်လာဆုံနေတယ်"

"အင်း...ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါက မင်းကြောင့်"

"ဒါလည်း ဘယ်ထင်ပါ့မလဲ၊ တစ်ယောက်တည်း သင်တန်း မတက်ချင်လို့ မင်းကို ခေါ်မိတာ"

"မြင့်ဆောင်တို့ကို ခေါ်ပါလား"

"မသိပါဘူးကွာ၊ လက်က မင်းဖုန်းနံပါတ်ပဲ နှိပ်မိတယ်၊ မင်းကိုချစ်လွန်းလို့ ခေါ်တာမှ မဟုတ်ဘဲ၊ ဒါကြောင့် ထူးဆန်းတယ်လို့ ပြောတာပေါ့ကွ"

ပြောရာစကား ကုန်သွားကြသူများပမာ ငြိမ်သက်စွာဆက် လျှောက်လာမိကြသည်။ ကားဂိတ်ရောက်တော့ မိုးမခ မရှိတော့ ဘာကားကို ဘယ်လိုတက်စီးသွားမှန်းပင် မသိလိုက်ကြ။

သူတို့နှစ်ယောက်လည်း ရရာကားကို တိုးဝှေ့တက်လိုက်ကြ၏ ကားထဲတွင်တော့ အသက်ရှူစရာ လေပင်မရှိချင်။ ခဏပဲလေဟု ဆိုကာ တွေးလိုက်ပြီး လိုက်ခဲ့ရ၏။

"ဟာ မီးပွိုင့်ကမိပြန်ပြီ၊ အရေးထဲ"

တစ်ယောက်က စိတ်ပျက်လက်ပျက်ရေရွတ်၏။ ကံကောင်းချင် တော့ ထိုမီးပွိုင့် သိပ်မကြာလိုက်ရလို့၊ ချက်ချင်းပင် ပြန်ထွက်ခွင့်ရ အားလုံးက"ဟင်း"ခနဲ သက်ပြင်းချသံကို ကြားလိုက်ရသလို။

"ကျွိ..."

"ဟာ မီးပွိုင့်မိပြန်ပြီလား"

"မဟုတ်ဘူး ရှေ့မှာ ဘာဖြစ်တာလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ကားချင်းတိုက်တာ"

"လိုင်းကားအသေးနဲ့ ဂျစ်ကားတစ်စင်း ခေါင်းချင်းဆိုင်တိုက်တာ"

"အဲဒါမှ ဒုက္ခ"

"ကြာဦးမယ် ထင်တယ်"

"လူတွေများ ထိသွားသေးလားဟဲ့၊ ဘုရား...ဘုရား"

ကားပေါ်တွင် ဆူညံသံများ ထွက်လာ၏။ သော်ကလည်း အသက်ရှူ ကြပ်လှပြီ။ တိုင်းမြင့်က သော်ကကို အချက်ပြကာ 'ဆင်းမယ်' ဟုဆိုသဖြင့် သော်ကလည်း တိုးဝှေ့ဆင်းလိုက်သည်။

"ဟူး...ခုမှပဲ အသက်ရှူရတော့တယ်"

"ဟုတ်ပါရဲ့"

"ကဲ...ဆင်းတော့လာပြီ ဘာဆက်လုပ်ကြမလဲ"

သော်က ပတ်ဝန်းကျင်ကို ကြည့်ရင်း...

"ရှေ့ဆက်လျှောက်လည်း ကားတိုက်ထားတော့ ထူးမှာ မဟုတ်ဘူး။ ဒီတော့ ဒီလမ်းက ဖြတ်ချမယ်၊ ပြီး...ဟိုဘက်ကနေ ကားပြန်စီးမယ်ကွာ"

"အိုကေ"

ကားတိုက်သောနေရာကို ရှောင်ကွင်းခဲ့ရသဖြင့် သူတို့ ခရီးဖင့်သွားရသောကြောင့် အိမ်ပြန်နောက်ကျခဲ့ရသည်။ လမ်းမှာ တိုင်းမြင့်က ရယ်ရင်းပြော၏။

"မိုးမခနေရာမှာ တခြားကောင်မလေးတစ်ယောက်သာဆို ကောင်းမှာနော်"

"ဘာဖြစ်လို့လဲ"

"ဩော်...ပျင်းစရာကောင်းလို့ပါ"

"ပျင်းစရာကောင်းတယ်...ဟုတ်လား"

"ဟုတ်တာပေါ့။ ခုတော့ မင်းတို့ကြား ငါက ကန့်လန့်ကန့်လန့်နဲ့ မင်းတို့နှစ်ယောက် တစ်ယောက်ယောက် သင်တန်းဆက်မတက်နဲ့ကွာ ဒါမှ နောက်တစ်ယောက် ထပ်ရောက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com


"ချွေးကောင်"

သော်က တိုင်းမြင့်ကို ဆဲရေးပစ်လိုက်သည်။ သူကရော၊ သူကတော့ မိုးမခနေရာမှာ တခြားဘယ်သူ့ကိုမှ မရှိစေချင်လှပါ။

ဒီသင်တန်းကို အစက စိတ်မပါလှသော်လည်း ခုတော့စိတ်ပါသွားခဲ့ရပြီ။


www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com



[၁]

လေခါးထစ်ပေါင်းမည်မျှကို မည်သို့ဖြတ်သန်းခဲ့သည်မသိ။ ဆေးရာဦးကျော်စွာ ညွှန်လိုက်သော အခန်းရှေ့ရောက်တော့ အတော်လေး ပင် မောဟိုက်နေကြပြီ။

"ခေါက်...ခေါက်"

တိုင်းမြင့်က တံခါးကို အသာခေါက်တော့ တံခါးချပ်ကလေး ညင်သာစွာပွင့်လာသည်။ လာဖွင့်သူက နွေနွေ။

"ဟယ်"

သူမ တအံ့တသြဖြစ်သွားပုံရ၏။

"ဝင်လေ"

သူတို့ဝင်လိုက်တော့ တံခါးကို အသာပြန်ပိတ်လိုက်၏။ အတွင်း ဘက်တွင် လေအေးစက်၏ အငွေ့အသက်များ လွှမ်းခြုံထား၏။ ခုတင် ပေါ်တွင်ငြိမ်သက်နေသူ မိုးမခ။ သူမဘေးတွင် အမေဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ဦးနှင့် အဖြူအပြာဝတ် သူနာပြုဆရာမတစ်ဦး။

"သူ အိပ်နေတာလား"

သော်က နွေနွေ့ကို မေးမိ၏။

"ဟုတ်တယ်၊ သားတို့က မိုးမ သူငယ်ချင်းတွေလား"

နွေနွေ့ကိုယ်စား မိုးမခ၏မိခင်က ဝင်ဖြေသည်။

"ဟုတ်ကဲ့ အန်တီ"

"အန်တီ၊ သူက သော်က"

"ဪ"

"သူက တိုင်းမြင့်"

"အေး...အေး ထိုင်ကြ"



www.burmeseclassic.com

www.burmeseclassic.com



နွေနွေက ဝင်မိတ်ဆက်ပေး၏။ သော်ကနှင့် မိတ်ဆက်ပေးတုန်းက ထွက်ကျလာသော 'ဩော်' ဟူသည့်စကားလုံးက နည်းနည်းတော့ထူးခြားနေသည်ဟု သော်က ထင်သည်။

"ဘယ်လိုဖြစ်တာလဲ အန်တီ၊ ကျွန်တော်တို့လည်း ဆရာ့ဆီရောက်မှ သိရတာ"

တိုင်းမြင့်က ပဋိသာရ စကားဆို၏။

"မနေ့ကညနေက ကိုကျော်စွာဆီကအပြန်မှာ ကားချင်းတိုက်တာ...၊ သမီးက ခေါင်းခန်းကလေ"

"ဗျာ"

တိုင်းမြင့်နှင့်သော်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။ အဓိပ္ပါယ်များစွာနှင့်။

မနေ့ညနေကပဲ သူတို့ ကားတိုက်ရာကို ရှောင်ကွင်းရင်း တိုင်းမြင့်က "မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်သင်တန်းမတက်ရင်ကောင်းမယ်ကွာ"ဟု ပြောခဲ့သေးသည်မဟုတ်လား။

"အခု"

"အခု စိုးရိမ်စရာတော့ မရှိပါဘူး၊ သတိရနေပါပြီ။ ဆရာဝန်ကြီးတာတော့ မကြာခင် နိုးလာမှာပါတဲ့"

သော်က နိုးသည်အထိပင် ထိုင်စောင့်ချင်မိ၏။ ရင်ထဲတွင်လည်း ပူနေသည်။ ဘာလို့ပူတာလည်းဟု လာမမေးနှင့်။ ဖြေစရာမရှိ။ ပူတာပဲ သိသည်။ သို့သော် အခြေအနေအရပ်ရပ်က ရှိသေးသည်။

နွေနွေက...

"ဟဲ့...နင်တို့က ဘယ်လိုသိတာလဲ"

"ဆရာပြောတာ"

"ဆရာ...ဟုတ်လား၊ ဘယ်ကဆရာလဲ"

"ဩော်...မနေ့ကမှ တိုင်းမြင့်လာခေါ်လို့ ကွန်ပျူတာသင်တန်းတက်ဖြစ်တယ်၊ အဲဒီမှာ မိုးမခလည်း တက်တယ်လေ"

"ဩော်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နွေနွေက တအံ့တသြနှင့် 'ဟုတ်လား'ဟု မရေရွတ်ခင်မှာပင် မိုးမခမိခင်က 'သြော်' ဟုဆို၏။ ပြီးမှ တိုင်းမြင့်ဘက်လှည့်ကာ မေး၏။

"သင်တန်းအတူတူတက်တာ...ဟုတ်လား"

"သြော်...အန်တီမသိလို့နေ၅။ သမီးက ဘာမဆိုအမြဲပြန်ပြော နေကျ။ ဒီက သားသော်က အကြောင်းကအစ"

"ခင်ဗျာ"

သော်က အံ့သြသွားရ၏။ မိုးမခ၏မိခင်က ညင်သာနူးညံ့စွာ ပြုံး၏။

"သြော်...ဘာရယ်မဟုတ်ပါဘူး။ သူနဲ့သားနဲ့ အမှတ်တူကို ခုံနံပါတ်ကွဲသွားရလို့တဲ့လေ၊ ကျောင်းမှာ သမီးနဲ့ ဆက်ဆံရတာရော အဆင်ပြေလား"

"ဟုတ်...ဟုတ် ပြေပါတယ်"

နွေနွေနှင့်တိုင်းမြင့်ကို မလုံမလဲ ခိုးကြည့်မိရင်း အထစ်ထစ် အငေါ့ငေါ့ ဖြေမိသည်။

"ပြေရင် ကောင်းပါတယ်ကွယ်၊ သမီးကစိတ်တစ်မျိုး။ သူစိတ် ကြိုးမိရင် မလွယ်ဘူး။ ကောင်းရင်လည်း အကောင်းလွန်နေပြန်ရော။ ဒါကြောင့် အန်တီက စိုးရိမ်လို့ မေးရတာပါ"

"ဟုတ်ကဲ့ ရပါတယ်"

သူတို့နှစ်ယောက် အချီအချပြောနေကြတာကို နွေနွေနှင့် တိုင်းမြင့်က ပြုံးစစနှင့် ကြည့်နေကြ၏။ အန်တီကတော့ ဘာမှမသိ။ သော်ကမှာသာ မလုံမလဲခံစားနေရသည်။ သူနှင့် မိုးမခက ဘယ်တုန်း ကမှ အဆင်မပြေခဲ့။ မပြေပါဟုလည်း မဖြေချင်မိ။ ဘာကြောင့်မှန်းလဲ မသိ။ ကြာတော့ သော်က အနေပင် ခက်လာသလို။

မိုးမခကို တစ်ချက်လှမ်းကြည့်မိသည်။ ငြိမ်သက်စွာအိပ်ပျော် နေဆဲ။ စင်းရှည်ရှည် မျက်တောင်များကို မျက်ဝန်းအစုံကို မှိတ်ထား သဖြင့် ပို၍ထင်ရှားစွာ တွေ့မြင်နေရသည်။

ဒီလောက်ငြိမ်းအေးစွာ အိပ်စက်နေသော အပြစ်ကင်းစင်သည့် မျက်နှာလေးနှင့် ကောင်မလေးသည် သော်ကကို အပြုံးလေး ပြုံးနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ ဘာကြောင့်များလဲ။ 'ကံ'ကိုပဲ ပုံရပေတော့မည်။

တဒင်္ဂတိတ်ဆိတ်သွားကြပြီးမှ တိုင်းမြင့်အသံကို ကြားရ၏။

"အန်တီ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"အေး…အေး ကောင်းပါပြီ"

"ဆရာ့ဆီရော ဘာမှာဦးမလဲ"

"ကိုကျော်စွာကို ပြောလိုက်ပါ၊ သမီးလေးနေကောင်းရင် သင်တန်းပြန်တက်ခိုင်းပါမယ်လို့"

"ဟုတ်ကဲ့ အန်တီ၊ ဆရာက ခုနကတည်းက ပြောပါတယ်၊ မိုးမခ အခြေအနေကောင်းလို့ အမြန်ဆုံးပြန်ကောင်းလာမယ်ဆိုရင် အဲဒီတော့မှ သင်တန်းပြန်စဖို့ ပြောပါတယ်"

"အေးကွယ်…အဲဒါလည်းကောင်းတာပဲ၊ ကျေးဇူးတင်တယ်လို့ ကိုကျော်စွာကို ပြောလိုက်ပါ၊ သားတို့ကိုလည်း ကျေးဇူးတင်တယ်နော်"

သော်ကနှင့်တိုင်းမြင့် ထွက်လာတော့ နွေနွေပါ အောက်အထိ ဆင်းလိုက်လာ၏။

"ကျေးဇူးတင်တယ်တဲ့၊ ဘာအတွက်လည်း မသိဘူးနော်"

တိုင်းမြင့်ကပြော၏။ နွေနွေက…

"ဟဲ့…သတင်းလာမေးလို့ နေမှာပေါ့"

"မဟုတ်ဘူးဟ"

"ဘာမဟုတ်တာလဲ"

"သူ့သမီးကို ငါတို့က စောင့်ပြီးတက်ရလို့ ဖြစ်လိမ့်မယ် ထင်တယ်"

"မဟုတ်ဘူး"

ဘာမှမဟုတ်တာကို ကပ်ငြင်းနေကြပြန်သဖြင့် တိုင်းမြင့်ကပဲ…

"တော်ပါတော့ဟာ၊ ခု နွေနွေက ဘယ်သွားမှာလဲ"

"ဘယ်ကိုမှ မသွားဘူး၊ အောက်ကို သက်သက်လိုက်ပို့တာ ငါက မိုးမ အိပ်ရာကနိုးတဲ့အထိ စောင့်မလို့"

"သတိရတာ သေချာရဲ့လား"

သော်ကအမေးကြောင့် နွေနွေက ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်။ အခုဟာက ဆေးအရှိန်နဲ့ အိပ်နေတာပါ။ ဒါမှ ဒဏ်ရာတချို့ အနာသက်သာမှာပေါ့။ နင်တို့ကရော ဘယ်သွားကြမှာလဲ"

"မေမေ့ဆိုင်ကို သွားမလားလို့"

"မသွားဘူးကွာ…ပျင်းတယ်"

တိုင်းမြင့်က ကန့်ကွက်၏။

"မင်းကတော့ အလကားနေ ပျင်းနေတာပဲ"

"မပျင်းတဲ့နေရာတွေ ရှိပါသေးတယ်ကွာ"

တိုင်းမြင့်စကားကြောင့် နွေနွေက ရယ်၏။ ပြီး…

"တော်ပြီ နင်တို့ဟာနင်တို့ သွားချင်တဲ့နေရာသွားကြ၊ ငါပြန်တက်တော့မယ် တာ့တာ"

"ဟဲ့ နေဦး"

တိုင်းမြင့်က လှမ်းတား၏။

"ဘာလဲ"

"မိုးမခသတိရရင်…"

"ဟာ သတိရပါပြီ၊ နိုး( ပြောပါ"

"အေး…နိုးရင်"

"နိုးရင် ဘာဖြစ်လဲ"

"သော်ကဆီ ဖုန်းဆက်လိုက်"

"အမ်"

"ဟာ"

နွေနွေက 'အမ်'ခနဲဖြစ်သွားပြီး တိုင်းမြင့်ကို အူကြောင်ကြောင်ကြည့်၏။ သော်ကက 'ဟာ'ဟု ထအော်တော့မှ သဘောပေါက်သွားဟန်ဖြင့်…

"အိုကေ စိတ်ချ"

ပြောပြောဆိုဆို ဆေးရုံထဲ ပြန်ဝင်သွားတော့၏။ ဒီတော့ တိုင်းမြင့်က…

"ဟော့ကောင် မင်း ငါ့ကို ကျေးဇူးတင်တယ်မဟုတ်လား"

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"ကျေးဇူးတင်ရင် လက်ဖက်ရည်တိုက်၊ ဒီထက်ကောင်းတဲ့ အစီအစဉ်တွေ ရှိရင် ရှိလာဦးမှာ"

"ဟင်...ဘာလဲဟ"

"ဩော်...ဘာရမလဲ ခုဆို မိုးမခမားသားကြီးက မင်းနဲ့ အိုကေတာပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့...မင်းလာကြည့်သွားကြောင်း သူ့အမေက သူ့ကို ပြောမယ်လေ"

"အဲဒီတော့မှ ပိုဆိုးမှာ"

"ပိုမဆိုးဘဲ ကောင်းရင်ကောင်းသွားမှာ...၊ လာကွာ လက်ဖက် ရည် သွားသောက်ရအောင်"

"ဒီအတိုင်းလည်း လက်ဖက်ရည်ဆိုင်က ရောက်နေတာပဲ၊ အပိုတွေ လာမပြောနဲ့"

"မပိုပါဘူး။ မင်းကို ပြစရာအသစ်အဆန်းတစ်ခုလည်း ရှိတယ် လာ...သွားရအောင်"

"တော်စမ်းပါ တိုင်းမြင့်ရာ"

"တကယ်ပါ၊ ဒါကတော့ အတည်ပြောတာ၊ ငါ့ရဲ့ကျောပိုးအိတ် ထဲမှာ မင်းရဲ့အနာဂါတ် လှမလှ ပြောပြနိုင်မယ့် အရာတစ်ခုပါတယ်"

"အလို့...တယ်ဟုတ်ပါလား၊ Crystal ball များလားကွာ"

သော်က တိုင်းမြင့်ကျောပိုးအိတ်ကို လှမ်းပုတ်ပြီး ရိလိုက်သည်။ သို့သော် တိုင်းမြင့်က ခပ်တည်တည်ပင်။

"Crystal ball ကမှ ပညာလိုသေးတယ်၊ ခုဟာက မလိုဘူး မောင်"

"ဟုတ်လား"

သော်ကအသံက ခုထိ မယုံကြည်သံဖြစ်နေ၍ တိုင်းမြင့်က...

"တော်ပြီ...ဟိုကျမှ ပြောမယ်၊ မယုံချင်လည်းနေ"

ပြောပြောဆိုဆို နီးရာလူရှင်းသော လက်ဖက်ရည်ဆိုင်ထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်၏။ နှစ်ယောက်စာ လက်ဖက်ရည်ကျဆိမ့်နှစ်ခွက်မှာအပြီး တိုင်းမြင့်က သူ့ကျောပိုးအိတ်ကို ဖွင့်၏။ ပြီး…တစ်စုံတစ်ခုကိုရှာဖွေကာ ဆွဲထုတ်လိုက်၏။

"အဲဒါဘာလဲ ဖဲထုတ်၊ အဲ…တားရော့ဟုတ်လား၊ တားရော့လား"

"ဟုတ်တယ် မင်းကို စိတ်ပျက်တာ အဲဒါပဲ၊ မင်းက ဘယ်လိုလုပ် တားရော့ကို သိနေရပြန်တာလဲ"

"ဟာ…သိတာပေါ့ကွ စာဖတ်တဲ့ကောင်ပဲ"

တိုင်းမြင့် မချိတချိရယ်၏။ ပြီး လက်မလျှော့သေးဟန်ဖြင့်..

"ကဲ…သိရင်ပြောစမ်းပါဦး၊ တားရော့အကြောင်း"

သော်က အမြင်ကတ်စရာကောင်းလောက်အောင် (မလိုအပ်တဲ့) ရယ်မောလိုက်၏။ ပြီးမှ…

"ဟားဟား…ပြောရတာပေါ့ကွာ"

"ပြောစမ်းပါဦး"

"အဲဒီကတ်တွေက ဂျစ်ပစီတွေရဲ့ အထွတ်အမြတ်ပဲ"

"ဟုတ်ပြီ"

"ခုနစ်ဆယ့်ရှစ်ကတ် ရှိတယ်"

"ဟုတ်ပြီ"

"မေဂျာက ၂၂ ကတ်၊ '၀'ကနေ '၂၁'အထိ၊ မိုင်နာက ၅၆ ချပ်"

"ဒါပဲလား…၊ ဒါပဲ သိတာလား"

တိုင်းမြင့်က ဖဲထုပ်ကို ခပ်ဆဆကိုင်ရင်း မျက်လုံးကို တမင်မှေးစင်းကာ မေး၏။

"ဘာပြောရဦးမှာလဲ"

"မိုင်နာ ၅၆ ကတ်အကြောင်း"

"သြော်…ဒါလား ရပါတယ်"

"ရရင်ပြော"

"အဲဒီထဲမှာ တုတ်၊ ခွက်၊ ဓား၊ ကြယ် အဲ… အငီဆိုပါတော့

www.burmeseclassic.com



ဆိုပြီး လေးမျိုးလေးစား ရှိတယ်။ တစ်မျိုးကို ဆယ်ကာတ်စီနဲ့ ကာတ်(၄၀)၊ ကျန်တဲ့ (၁၆)ကာတ်က....

တိုင်းမြင့် သော်ကကို မျက်လုံးပြူးကြည့်၏။ သော်ကက မသိချင်ယောင်ဆောင်ကာ ရေနွေးကြမ်းတစ်ခွက်ပင် မော့သောက်လိုက်သေးသည်။

"တုတ်၊ ခွက်၊ ဓား၊ ဒင်္ဂါး စတာတွေကို ကိုင်ထားတဲ့ ဘုရင်၊ ဘုရင်မ၊ စစ်ကဲ၊ လုလင် လေးကာတ်စီပါတော့ (၁၆)ကာတ်၊ ဟိုက(၄၀)နဲ့ပေါင်း (၅၆)ကာတ်၊ ဟုတ်ပြီလား"

တိုင်းမြင့်စိတ်ပျက်လက်ပျက်နှင့် ခေါင်းကို ခါ၏။

"ဘာလဲ...မှားနေလို့လား"

"မမှားပါဘူး"

"မမှားရင် ဘာလို့ခေါင်းခါတာလဲ"

"ဩော်...မင်းကို မိုးမခ သောက်မြင်ကတ်တာတောင် နည်းသေးတယ်လို့"

"ဟား...ဟား"

ထိုအခါမှ သော်ကရယ်မိ၏။ ပြီးမှ...

"ကဲ...ကဲ အမြင်ကတ်တယ်ဆိုတာက မိန်းကလေးတွေအလုပ်ကွ မင်းနဲ့မဆိုင်ပါဘူး။ ဒါ ဒါတွေကိုသိတယ်ဆိုတာကလည်း စာဖတ်လို့ပါ၊ တကယ်တမ်းကာတ်အစစ်ကိုတော့ ခုမှ မြင်ဖူးမှာပါ၊ ဒီနေရာမှာတော့ ငါရှုံးတာ ဝန်ခံပါတယ်"

ထိုသို့ဆိုလိုက်မှ တိုင်းမြင့်မျက်နှာကြီး ပြုံးဖြီးဖြီး ဖြစ်လာ၏။ လက်ထဲမှ တားရော့ဖ်ထုပ်ကို ဖွင့်လိုက်ရင်း...

"ဒါ...ရှားပါးတဲ့ ကာတ်"

"ဘယ်လို"

"ဩော်...တားရော့မှာ များသောအားဖြင့် အနောက်တိုင်းကာတ်တွေများတယ်"

"ဟုတ်တယ်လေ"

"ခုဟာက အရှေ့တိုင်းကာတ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ ယခု တိုင်းမြင့်ပြသောကတ်ကို သော်က မမြင်ဘူးပါ။ စာအုပ်တွေထဲမှာ တွေ့ရတတ်သောကတ်မျိုးမဟုတ်။

"ဒါက"

"ဒါက ဂျပန်ကတ်တွေလေ…ဘုရားဆင်းတုပုံတွေ၊ ဘုန်းကြီးပုံတွေကအစပါတယ်"

"ဒီတော့ ဟိုကတ်တွေနဲ့ အစိပ္ပါယ်ကျ ဘယ်လိုကွာသွားလဲ"

"အတူတူပါပဲ"

"ကဲ…အဲဒါထားပါ ခု မင်းကို ငါတစ်ခုခုမေးမယ်ဆိုရင် မင်းဟောတတ်မလား"

"ရတာပေါ့"

"မင်း ဒီကတ်ကို ဘယ်ကရသလဲ၊ ဒီပညာကို ဘယ်တုန်းက စလေ့လာဖူးသလဲ"

"မင်းမေးခွန်းက ဒါလား"

"မဟုတ်ပါဘူး၊ ဒါက နိဒါန်း"

တိုင်းမြင့်က သော်ကကို ရှုတည်တည်ပြန်ကြည့်၏။ ပြီးမှ မဖြေချင့် ဖြေချင်နှင့်…

"ဒီကတ်ကို ငါ့အစ်ကိုတစ်ယောက်ဆီကတစ်ဆင့် ခါတ်ပုံနဲ့ရိုက်ပြီး ပြန်ကူးထားတာ"

"ပြီးတော့ရော…"

"လေ့လာတာ၊ လေ့ကျင့်လိုက်စားဖြစ်တာကတော့ တစ်လခွဲလောက်ရှိပြီ… ဘာလဲကွ မင်းဟာက သမ္ဘာလာစစ်တာ ကျနေတာပဲ မင်းနဲ့မိုးမခ မတည့်တာတောင်နည်းသေးတယ်၊ ဘယ်တော့မှလည်း တည့်မှာမဟုတ်ဘူး၊ စိတ်ချသာနေ"

မျက်နှာကြီးပုတ်ကာ စူပွပွပြောနေသော တိုင်းမြင့်ကိုကြည့်ကာ ရယ်ချင်မိသော်လည်း မရယ်ရဲ။

"အဲ…အဲဒါပဲ၊ အဲဒီဘယ်တော့တည့်မှာလဲ မေးချင်တာ"

တိုင်းမြင့်က သော်ကကို သေချာစူးစိုက်ကြည့်၏။ ပြီး… ဖဲထုပ်ကို ကုလားဖန်ထိုးလိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ယုံရင်မေး"တဲ့။

"ယုံလို့မေးတာပါကွာ"

"ကဲ...ချိုး"

"ချိုးပြီကွာ ဘယ်နဲ့မဟုတ်လား"

"သိရင် အေးအေးဆေးဆေးနေကွာ၊ ဆရာကို ဆရာပြန်မလုပ်နဲ့"

တိုင်းမြင့်က သူချိုးသောဖဲချပ်ကို ဆွဲယူလိုက်၏။ ပြီး...မကြည့်သေးဘဲ 'ထူးမှာလည်းမဟုတ်ဘဲနဲ့' ဟုရေရွတ်သည်။ ထို့နောက် ကတ်ကို ကြည့်၏။

"အင်.."

"ဘာဖြစ်တာလဲ၊ မျှော်လင့်ချက်မရှိတော့ဘူးလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"တစ်ခုခုပြောင်းလဲသွားနိုင်တယ်"

"ဘယ်လို"

"ဗေဒင် အခု မင်းတို့အခြေအနေက မကောင်းတော့ ကောင်းလာနိုင်တယ်လို့ ပြောတာပါ"

"တကယ်လား"

"တကယ်ပါ ဒီမှာလေ"

သူပြသောကတ်ကို သော်ကကြည့်လိုက်တော့... တာရော့၏ နံပါတ်(၁၀)ကတ်။ "ကံကြမ္မာလှည့်ဘီး" (သို့မဟုတ်) Change ...။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



[၂]

"ဘာမှအရေးမပါဘူး"

"အရေးမပါတာတော့ ဘယ်ဟုတ်မလဲဟ၊ ဖြစ်လာတဲ့ဟာကို တတ်မှ မတတ်နိုင်တာ"

"မင်းတောင်မတတ်နိုင်ရင် ငါလည်း မတတ်နိုင်ဘူးဆိုပြီး နေရုံပေါ့"

"ဟာ...အဲလိုတော့မကောင်းဘူးလေ"

"ဘာလို့မကောင်းရမှာလဲ၊ ငါကတစ်နွယ်ငင်တစ်စင်ပါ ပါရတာ ဘာမှ မကောင်းစရာမရှိဘူး"

"ဟို...အားနာစရာ"

"မင်းအဖေ အားနာလိမ့်မယ်"

"ဒါက ဘာဖြစ်နေကြပြန်တာလဲ"

သော်ကနှင့်တိုင်းမြင့် အချီအချစကားများနေရာသို့ တင်ထိုက်နှင့် မြင့်ဆောင်တို့ ရောက်လာပြီး မေးလိုက်ခြင်းဖြစ်သည်။ သော်ကက မြင့်ဆောင်တို့ထိုင်ရန် ထိုင်ခုံဆွဲပေးရင်း...

"ဒီကောင်လေ ထုံးစံအတိုင်း အရေးမပါတာတွေ လုပ်နေလို့"

"ဘာလို့ အရေးမပါရမှာလဲ၊ ခုဟာက ခါတိုင်းလိုမဟုတ်ဘူး။ ငါ့ဦးလေး တကယ့်ကို နေမကောင်းလို့"

တိုင်းမြင့်စကားကြောင့် မြင့်ဆောင်က ဘုမသိဘမသိနှင့်

"အဲဒါကတော့ အရေးပါသားပဲ"

"ငါကလည်း အဲဒါကို အရေးမပါဘူးလို့ မပြောပါဘူး။ အရေး မပါတာက တခြားပါ"

"ဟိုး"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆောင်က လက်ကာကာတား၏။

"နေဦး...အစကနေရှင်းမယ်၊ ဒီမှာပါလာတဲ့ ကိစ္စဘေးထားပြီး မင်းတို့ကိစ္စ အရင်ရှင်းရမှာ၊ ကဲ...ပြော ဘာဖြစ်တာလဲ"

"ဒီကောင်လေ တိုင်းမြင့်"

"ဟိုကောင်လေ သော်က"

တစ်ပြိုင်တည်းထွက်လာသောကြောင့် မြင့်ဆောင်က ဝင်တားရပြန်သည်။

"ကဲ...တစ်ယောက်စီပြောမယ် တိုင်းမြင့်က စ,မလား။သော်ကက စ,မလား"

"ငါ...စ,မယ်"

"ငါ...စ,မယ်"

တင်ထိုက်က တခွီးခွီးထရယ်၏။ ပြီးမှ....

"ထုံးစံအတိုင်းပေါ့ကွာ...၊ သော်က,က (က)ကြီးနဲ့ဆုံးတယ်၊ တိုင်းမြင့်က 'မ'နဲ့ဆုံးတယ်၊ ဒီတော့ သော်က,က စပြော"

"အေး...ဟုတ်တယ် တင်ထိုက်က တော်လာပြီ၊ ဒါအမှန်တရားပဲ"

BURMESE CLASSIC

သော်ကက ဝင်ထောက်ခံလိုက်သဖြင့် တိုင်းမြင့်က ခပ်တိုးတိုးရေရွတ်လိုက်၏။

"မိုးမခ သောက်မြင်ကတ်တာလဲ မပြောနဲ့"

"ဒီလိုကွ"

"အင်း...ပြောပါ နိဒါန်းဖြတ်ခဲ့၊ 'လိုရင်းပြော"

"ဒီကောင် တိုင်းမြင့်လေ"

"အေး"

"ငါ့ကို ကွန်ပျူတာတက်ဖို့ အဖော်ခေါ်တယ်"

"အေး...သိတယ်"

"ခုလည်းကျရော သူက မတက်တော့ဘူး၊ ဦးလေးနေမကောင်းလို့ လားရှိုးက သူ့အဖေနဲ့စပ်တူလုပ်တဲ့ အလုပ်တွေ သူသွားလုပ်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပစေပေါ့"

"လုပ်တာက ဟုတ်တယ်၊ သူက သင်တန်းဆက်မတက်တော့ သူ့ခေါ်လို့တက်ရတဲ့ ငါကရော ဆက်တက်ချင်ပါတော့မလား"

"အေးလေ..."

မြင့်ဆောင်က ထောက်ခံသဖြင့် တိုင်းမြင့်က

"ဟိုမှာ ပြောဆိုထားတာ အားနာစရာကြီး"

"မင်းအားနာရင် မင်းဆက်တက်၊ လားရှိုးကို သော်ကသွားပေးလိုမ့်မယ်"

BURMESE CLASSIC

တင်ထိုက်က ဝင်နှောက်သဖြင့် ရယ်ကြရသေးသည်။

"အေးလေ...မင်းမှ မတက်တဲ့နောက် သော်ကရောဆက်တက်ချင်ပါ့မလား"

ထိုအခါ တိုင်းမြင့်က အကြံတစ်ခုရသွားဟန်ဖြင့်

"သော်ကက မတက်လို့မဖြစ်ဘူး"

"ဘာလဲဟ ဘာလို့မဖြစ်ရမှာလဲ၊ ဦးကျော်စွာက ငါ့အဖေ သူငယ်ချင်းလည်း မဟုတ်ဘူး။ မင်းအဖေသူငယ်ချင်း။ အပ်တာကလည်း မင်းအဖေအပ်ထားတာ၊ ငါ့အဖေအပ်တာ မဟုတ်ဘူး။ မဖြစ်ချင်းမဖြစ် မင်းဘဲ မဖြစ်ရမှာ"

"ဒါတွေနဲ့ မဆိုင်ပါဘူး"

"ဟော...ဖြစ်ရပြန်ပြီ မင်းကတော့နော်"

သော်ကစိတ်တိုလာပြီမို့ တိုင်းမြင့်ကို လက်သီးကြည့် ကြည့်မိသည်။

"မင်းဆက်မတက်ရင် ဒုက္ခရောက်မှာ"

"ဘာဆိုင်လို့လဲ"

"မိုးမခက မင်းကို အထင်လွဲဦးမှာ"

"အမ်"

"ဘာ...မိုးမခ ဟုတ်လား"

"ဇာတ်လမ်းက ပါလာပြန်ပြီ"

'အမ်'သွားရသူက သော်က။ အံ့သြတကြီးနဲ့ ရေရွတ်သူများ



www.burmeseclassic.com

www.burmeseclassic.com


က တင်ထိုက်နဲ့ မြင့်ဆောင်၊ အသံမထွက်နိုင်သော သော်ကကို ကြည့်ကာ မြင့်ဆောင်က ရယ်၏။ တင်ထိုက်က...

"ဘယ်လိုကဘယ်လို မိုးမခက ပါပြန်ရတာလဲ"

"အဲဒါ တိုင်းမြင့်လေ"

"မဟုတ်ဘူးကွ အဲဒါ ဒီကောင့်ကံပဲ"

အရေးထဲ သော်ကနှင့်တိုင်းမြင့်က စကားကို လုပြောနေသေးသဖြင့် တားရသေးသည်။

"ကဲ...တော်ပါတော့"

ပြီးမှ မြင့်ဆောင်က...

"ဒါတော့ ငါယုံတယ်သော်က မင်းကံပဲ၊ ကျောင်းပိတ်ထားလို့ မင်းတို့ငါတို့တောင် နေ့တိုင်းမတွေ့ကြတာ ခု မင်းနဲ့ မိုးမခက နေ့တိုင်း နီးပါးတွေ့ဖို့ အခွင့်ကြုံလာရတယ်"

"ဒါ...တိုင်းမြင့်ကြောင့်"

"ထားပါ anyway မင်းကျေနပ်တယ် မဟုတ်လား"

"ဘာကိုကျေနပ်ရမှာလဲ၊ ခုတောင် ပြဿနာက စခဲ့ပြီးပြီ"

"ဒါပေမဲ့ အဲဒီပြဿနာတွေက မကြာခင်ပြေလည်သွားတော့ မှာလေ၊ ပြောင်းလဲကုန်မှာလို့ ငါ မင်းကိုပြောခဲ့ပြီပဲ"

တိုင်းမြင့်က ဝင်ပြောခြင်းဖြစ်သည်။ မြင့်ဆောင်က မျက်မှောင် တစ်ချက်ကြုတ်ကာ...

"နေဦးကွ"

"ဘာလဲ"

"ငါတို့မေးစရာရှိနေတယ်"

"အင်း...ပြော"

"မိုးမခ အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံတက်ရတယ်ဆို"

"ဟုတ်တယ် မင်းက ဘယ်လိုသိလဲ"

"မနေ့က ငါနဲ့တင်ထိုက် ကရာတေးကလပ်ကပြန်လာတော့ 'မြ' ဆိုတဲ့ကောင်မလေးနဲ့ တွေ့တယ်၊ ဘယ်ကပြန်လာတာလဲလို့ နှုတ်ဆက်တော့ 'ဆေးရုံက၊ မသိဘူးလား၊ မိုးမခ ဆေးရုံတက်နေရတယ်၊


www.burmeseclassic.com

www.burmeseclassic.com



အက်ဆီးဒင့်ဖြစ်တာ’လို့ ပြောတယ်။ ဒါကြောင့်သိတာ”

“အဲဒါဘာဖြစ်လဲ”

“ဟ…ဘာဖြစ်ရမလဲ၊ အက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်နေတဲ့ လူနဲ့ မင်းတို့နဲ့ သင်တန်းအတူတူတက်ဖို့တွေ၊ တက်ခဲ့တာတွေ ပြောနေတော့”

“ဩော်…ဒါလား”

“အေး…အဲဒါပဲ”

“ရှင်းမယ်လေ”ဟုဆိုကာ တိုင်းမြင့်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြ၏။

BURMESE CLASSIC

“……ခုဆိုရင် မိုးမခ ဆေးရုံရောက်နေတာ သုံးရက်တောင် ရှိပြီ၊ ငါတို့သင်တန်း မစဖြစ်တော့တာလည်း သုံးရက်ရှိပြီ၊ အဲ…ဒီနေ့ မနက်ပဲ ဦးလေးဆီက ဖုန်းဝင်လာလို့ လားရှိုးသွားရမယ့်ကိစ္စက ပေါ်လာရော၊ အဲဒါနဲ့ သော်ကကို မင်းပဲဆက်တက်လို့ပြောတာကို ဒီကောင်က ပြဿနာရှာနေတာ”

တိုင်းမြင့်စကားဆုံးတော့ တင်ထိုက်ကရယ်၏။ ပြီး…

“ပြဿနာက မင်းရှာတာ၊သင်တန်းကိုခေါ်တာ မင်းပဲ၊ မိုးမခနဲ့ ဆုံအောင်လုပ်တာ မင်းပဲ…၊ ခု လာရှိုးသွားရမှာလည်း မင်းပဲ”

“မဟုတ်သေးပါဘူး ဒီမှာ လားရှိုးမှာက ကြာချင်မှကြာမှာ၊ ဦးလေးနေကောင်းရင် ပြန်လာရမှာ တစ်သက်လုံးနေရမှာမှ မဟုတ်တာ၊ ပြီးတော့ မိုးမခ ဆေးရုံက ဆင်းဆင်းချင်း သင်တန်းပြန်တက်နိုင်ဦးမှ ငါအထင်တော့ ကြားထဲမှာ ကြာဦးမှာပါ”

“ဒါဆိုလည်း ပြီးရော”

“မပြီးဘူး ငါက သော်ကကို စေတနာနဲ့ ငါမပြန်လာခင် တက်မထားမှာစိုးလို့ တော်ကြာ…မိုးမခက အထင်လွဲပြီး ပြဿနာရှာနေ ဦးမယ်”

ထိုစကားကြောင့် သော်ကက…

“နေပါဦး၊ ဆက်တက်တော့ရော မဖွေမိုးမခက ကျွန်တော့်မိုး ကို ပြဿနာမရှာဘဲ နေမယ်လို့ အာမခံနိုင်လို့လား”



www.burmeseclassic.com

www.burmeseclassic.com



"အဲ…အဲ အဲဒါတော့"

"အဲ မနေနဲ့ကိုယ့်လူ ငါတို့ရော လူမမာသွားမေးသင့်လား"

မြင့်ဆောင်အမေးကြောင့် သော်ကနှင့်တိုင်းမြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ဘယ်လိုဖြေရမလဲ မသိ။ မေးသူတွေကရော ဘာလို့ မေးရတာလဲ။ သူတို့ဘဝမှာ လူမမာသတင်းမေးတို့ ဘာတို့ သာရေး နာရေး လူမှုရေးအလုပ်တွေ တစ်ခါမှ မလုပ်ခဲ့ဘူး။ ဒါ လူကြီးတွေ အလုပ်ဟုသာ ထင်ထားခဲ့တာကိုး။

"နေပါဦး၊ မင်းတို့က ဘာလို့ အဲလိုမေးရတာလဲ"

"ဩော်…မြတို့ကလည်း လူနာမေးသွားတယ်၊ မင်းတို့နှစ်ယောက်ကလည်း ရောက်ပြီးပြီဆိုတော့ ငါတို့များ သွားသင့်သလားလို့ နားမလည်လို့မေးတာ သိပ်အတွေးခေါင်မနေနဲ့"

ထိုအခါကျမှ တိုင်းမြင့်က ရယ်လျက်…

"အေး…ငါတို့လဲ ဘာလို့သွားမေးမိမှန်းတောင်မသိဘူး။ ဖြစ်နိုင်တာက"

"ဘာလဲ ရှင်းစမ်းပါဦး"

"ရှိမှာမဟုတ်ဘူး တကယ်ပါ၊ ငါတို့က အက်ဆီးဒင့်ကို မြင်မြင်နဲ့ ရှောင်သွားတဲ့လူတွေလေ။ ပြီးတော့…ဆရာကိုယ်တိုင်က ကားဂိတ်ကို ပို့ပါလို့မှာထားခဲ့တာ၊ ပြီးတော့ ဆရာကပဲ ဆေးရုံနဲ့အခန်းတွေ ပြောပြပြီး သွားကြည့်လိုက်ဦးဆိုလို့ ပြီးတော့…"

"ဟိုး ရပြီ ဒီလောက်ဆိုရပြီ ငါတို့လည်းသွားစရာမလိုတော့ဘူးဆိုတာ သေချာသွားပြီ"

"တစ်ခုတော့ရှိတယ်"

"ဘာလဲကွ"

သော်က,က ဝင်ပြောသဖြင့် တိုင်းမြင့်က ဘုဆတ်ဆတ်ပြန်မေးလေ၏။

"ဩော်…သက်သာသလား။ ဘာညာတော့ နွေနွေးသီသတင်း သွားမေးရင် ကောင်းမလားလို့"

"ဟားဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး ဝိုင်းရယ်သဖြင့် သော်က ကြောင်သွားရ၏။

"ဘာရယ်တာလဲကွ"

"ဩော်...အတော်စိုးရိမ်နေရှာလို့ပါ"

တင်ထိုက်က ရယ်ရင်းပြော၏။

"ဒါ...ရယ်စရာမဟုတ်ဘူး"

"ဩော်...ဩော် ဒါဆိုလည်း မရယ်တော့ပါဘူး သော်ကလေး ရယ်"

တိုင်းမြင့်က....

"ဟော့ကောင် ဟိုနေ့က နွေနွေ ဖုန်းဆက်သေးလား"

"မဆက်ပါဘူးကွာ"

"ဘာလို့မဆက်တာလဲ သေချာမှာခဲ့ရက်နဲ့"

တိုင်းမြင့် မကျေမနပ်ရေရွတ်၏။ သော်က,က စဉ်းစဉ်းစားစား ဟန်ဖြင့်...

"နေပါဦး သူဆက်ရအောင် သူ့မှာ ငါ့ဖုန်းနံပါတ်ကောရှိလို့လား"

"အဲ...ဟုတ်သားပဲ"

ထိုအခါမှ တိုင်းမြင့်က ထုံးစံအတိုင်း 'အဲ'သွားတော့ရတော့၏။ ပြီးမှ...

"ဒါဆို နွေနွေ့ဆီ သွားကြတာပေါ့"

"နွားငတ်ရေထဲကျသွားပြန်ပြီ"

"... ... ..."

တင်ထိုက်စကားကြောင့် တိုင်းမြင့် အသံတိတ်လှမ်းဆဲ၏။ တင်ထိုက်ကတော့ ထုံးစံအတိုင်း မနာ၊ အရယ်ပင်မပျက်။ ထုံးစံအတိုင်း နွေနွေနှင့် 'မော်ဒန်'မှာ ဆုံကြ၏။

"ဟဲ့ နောက်ကျလိုက်တာ"

သူတို့အုပ်စုရောက်ပြီး (၁၅)မိနစ်ခန့်ကြာမှ နွေနွေရောက်လာ၍ တိုင်းမြင့်က ဆီးကာ ပြောလိုက်ခြင်းဖြစ်၏။

"အောင်မယ် နင်တို့ကြောင့် နောက်ကျတာ"

"ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့"

"ဆိုင်ရင် ပြောစမ်းပါဦး၊ ဟုတ်ရင် ဟုတ်ပေါ့ဟာ"

"အောင်မာ ငါ့ကိုသတိရလို့ လာတွေ့ကြတာမှ မဟုတ်တာ၊ မိုးမခသတင်း လာမေးကြတာပဲ"

"အဲ...ဒါကတော့"

"အဲ...ဒါကတော့မနေနဲ့၊ အဲဒီတော့ငါက မိုးမခရဲ့နောက်ဆုံး အခြေအနေကို ဆေးရုံကို ဖုန်းဆက်မေးရသေးတယ်၊ ဒီနေ့ ငါ မရောက်သေးဘူး၊ ဖုန်းခေါ်ရခက်တော့ ရတဲ့အထိစောင့်ခေါ်ရင်း ကြာသွားတာ"

နွေနွေစကားဆုံးတော့ အားလုံးက...

"လွတ်စေ"

ဟု ပြိုင်တူဆိုမိ၍ ရယ်ကြရသေးသည်။

"လက်ဖက်ရည်ပေါ့ကျတစ်ခွက်"

အနားသို့ရောက်လာသော စားပွဲထိုးကို နွေနွေက လှမ်းမှာ၏။ ပြီး...ရေနွေးပန်းကန်ကို ကောက်ကိုင်ကာ သေသေချာချာစစ်ဆေးနေ၏။ ပြီးပြန်တော့လည်း လက်ဖက်ရည်ခွက်က ရောက်လာပြန်သဖြင့် အကျအနမွှေသည်။ မြည်းကြည့်သည်။

"ပြီးပြီလား"

သော်ကက နွေနွေလုပ်သမျှကို လိုက်ကြည့်ပြီး မေးလိုက်ခြင်းဖြစ်၏။ နွေနွေက ခပ်တည်တည်ပင် ခေါင်းညိတ်၏။

"ပြီးပြီလေ"

"ဒါဖြင့်ပြော"

"မိုးမခလား...ကောင်းပါတယ် နောက်တစ်ပတ်လောက်နားပြီးရင် ဆေးရုံကဆင်းရမယ်လို့ ပြောတယ်"

နွေနွေ့စကားကြောင့် မြင့်ဆောင်က မျက်မှောင်ကြုတ်ကြည့်ကာ ဆရာကြီးဝင်လုပ်၏။

"နင့်ဟာကလည်း ကောင်းပါတယ်လဲဆိုသေးတယ်၊ နောက်တစ်ပတ်နေရဦးမယ်လည်း ပြောသေးတယ် ဘာလို့လဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ...ကောင်းတာက ကောင်းပါတယ်၊ ဒါပေမဲ့.."

နွေနွေက စကားစကို ခဏဖြတ်ကာ သော်ကဘက်ကို တစ်ချက်ဖျတ်ခနဲကြည့်ပြီး သူမ၏ လက်ဖက်ရည်ခွက်ကို ကောက်ကိုင်၏။ ပြီး...

"လက်ဖက်ရည်က မိုက်တယ်"

"ဒါပေမဲ့ ဘာဖြစ်လဲဟ၊ ဒီမှာ သော်က,က လည်ပင်းရှည်နေပြီ၊ ပြီးတော့ ကျုန်တဲ့နှစ်ကောင်ကလည်း သတင်းသွားမမေးချင်လို့ နှင့်ဆီမေးတာ"

"မမေးချင်တာ မဟုတ်ပါဘူး၊ ရင်းမှ မရင်းနှီးဘဲ"

စိတ်မရှည်ချင်သလို တိုင်းမြင့်က ဝင်ပြောသောစကားကြောင့် မြင့်ဆောင်က ကန့်ကွက်ခြင်းဖြစ်သည်။

"အေး...အဲဒီလိုပဲထားပါ၊ ကဲ...ပြော မိနွေ"

"ဒီလိုဟ"

"... ..."

"သူက ခေါင်းကို ကားရှေ့မှန်နဲ့ အရှိန်ပြင်းပြင်းဆောင့်ထားတာ မှန်မကွဲပေမယ့် ခေါင်းကို ထိထားလို့ ဆရာဝန်က ဦးနှောက်နဲ့အာရုံကြောကို ထိမထိ စောင့်ကြည့်နေကြတယ်"

"အဲဒါ ဘယ်လိုအခြေအနေရှိလဲ"

နွေနွေက ရယ်ကာ...

"ကောင်းပါတယ်ဟ၊ အကောင်းအတိုင်းပါပဲ...ငါနဲ့လည်း နှစ်ခွန်းစကားပြောနေကြတာပဲ၊ ပြီးတော့ မနေ့က 'မြ'လာတော့လည်း စကားတွေ ပြောနေတာပဲ"

"မြနဲ့အတူ ကောင်မလေးတစ်ယောက်ပါတယ်၊ အဲဒါဘယ်သူလဲ"

တင်ထိုက်က ဝင်မေးသဖြင့် နွေနွေက...

"အရေးထဲ"

"ပြောပြလိုက်ပါဟာ"

တိုင်းမြင့်က စပ်ဖြဲဖြဲဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါတို့ဆီက Roll 3 လေ၊ မိုးမခနောက်က ဖြူဖွေးတဲ့"

"ဟုတ်လား"

တင်ထိုက်က ရွှတ်နောက်နောက်နှင့် ပြောသဖြင့် နွေနွေ မျက်စောင်းထိုးသည်။

"ဟုတ်လား မမေးနဲ့"

"ဘာလို့လဲဟ"

"ဘာလို့လဲ မသိဘူး၊ သူ့ကို မိုးမက စကားဟဟ မပြောဘူး"

"ဟင်…ဘာဖြစ်လို့လဲ အရင်က တစ်ခုခုဖြစ်ခဲ့လို့လား"

နွေနွေက စဉ်းစားဟန်ဖြင့် ခေတ္တငြိမ်နေပြီးမှ…

"မိုးမနဲ့ ဘာမှ ဖြစ်တယ်လို့ မကြားဘူးပါဘူး၊ အို…ဖြူဖွေးက ဘယ်သူနဲ့မှ ဘာမှမဖြစ်မယ့် ကောင်မလေးမျိုးပါ၊ အားလုံးကို ချိုချို သာသာ ရင်းရင်းနှီးနှီး ဆက်ဆံတယ်"

"စဉ်းစားစရာပဲ"

သော်က ထိုသို့မှတ်ချက်ချလိုက်၏။ တိုင်းမြင့်ကတော့

"သူ့မျက်စိထဲမှာ ဖြူဖွေးကို သော်ကနဲ့ မှားသလားမှမသိတာ"

သော်က ရယ်မိ၏။ ပြီး…

"ကောင်းတာပေါ့၊ အဲလိုမှားရင် ငါ့ကို ဖြူဖွေးအမှတ်နဲ့ ရင်းရင်း နှီးနှီး ဆက်ဆံလိမ့်မယ်"

"အိပ်မက်ပဲ"

တင်ထိုက်က ပြုံးစိစိလုပ်ရင်း ထိုသို့ မှတ်ချက်ချလေ၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



[၃]

"ဖုန်းခေါ်နေတာ အတော်ကြီးကြာပြီ ခုထိ မရသေးဘူး"

သော်ကာစကားကြောင့် ခုမှ အိမ်ထဲဝင်လာသော မြင့်ဆောင်က အူကြောင်ကြောင်ကြည့်၏။

"ဘယ်ကိုခေါ်တာလဲ"

"လားရှိုးလေ"

"ဘာလုပ်ဖို့လဲ၊ သိပ်သတိရရင် လိုက်သွား"

မြင့်ဆောင်က သူ့ကိုကြည့်ကာ အငေါ်တူး၏။

"ဟာ...မင်းကလည်း အရေးထဲ ကိစ္စရှိလို့ ဆက်တာကွ"

"ဘာကိစ္စလဲ"

"ရှေ့တစ်ပတ်ထဲမှာ သင်တန်းပြန်စတော့မယ်တဲ့၊ မနေ့ကပဲ ဦးကျော်စွာ ဖုန်းဆက်တယ်"

မြင့်ဆောင်က ပြုံးကာ...

"မထင်ပါဘူးကွာ၊ ပြန်လာမယ်ဆိုရင် အကြောင်းကြားမှာပေါ့ကွ မလာနိုင်သေးလို့သာ အဆဲခံရမှာစိုးပြီး Contact မလုပ်တာပေါ့"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အကြောင်းကြားရမယ့်တာဝန် ရှိတယ်လေကွာ၊ တော်ကြာ ငါက အကြောင်းမကြားလို့ပါဆိုတာမျိုး ဖြစ်နေဦးမယ်"

မြင့်ဆောင်က တစ်ချက်မျက်မှောင်ကြုတ်ကာ...

"ဪ"

"ဘာလဲ"

မြင့်ဆောင်က သော်ကာစကားကြောင့် စိတ်ဝင်တစားနေသည်။

"ဆရာပြောတယ်လေ...အစက အကုန်ပြန်သင်မှာတဲ့၊ သင်



www.burmeseclassic.com

www.burmeseclassic.com



တန်းသူတစ်ယောက် သင်တန်းသားတစ်ယောက် ထပ်တိုးတယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ တိုင်းမြင့်က ဒါမျိုးစောင့်နေတာလေ"

"ဒီကောင့်ကံပေါ့ကွာ ဟား...ဟား.."

မြင့်ဆောင်က တဟားဟားထရယ်၏။ ထိုစဉ်မှာပဲ...

"တူ...တူ...တူ"

ဖုန်းသံမြည်လာသဖြင့် သော်က ထကိုင်လိုက်သည်။

"ဟဲလို သော်က ပြောနေပါတယ်"

"သိတယ်၊ မရှည်နဲ့"

ရယ်ဟာဟာ အသံတစ်သံကို ကြားလိုက်ရ၏။

"ဟာ...ခွေးကောင် တိုင်းမြင့်"

"မင်း တော်သားပဲ"

သော်က စကားပြောခွက်ကိုချကာ စပီကာကို ဖွင့်လိုက်၏။

"ခွေးကောင် မင်းဆီငါဖုန်းခေါ်နေတာ မရလို့ ခုပဲ မြင့်ဆောင်ကိုတောင် ပြောနေရသေးတယ်"

"မြင့်ဆောင် ရောက်နေတာလား"

"အေး"

"မင်းက ဘာကိစ္စ ငါ့ဆီ ဖုန်းဆက်တာလဲ"

"ငါအရင်မေးတာ"

"မင်းအရင်ဖြေ"

ထုံးစံအတိုင်းဖြစ်ကြပြန်သဖြင့် မြင့်ဆောင်ပဲ ဝင်အော်ရသည်။

"အရေးထဲ ကိုက်ကြပြန်ပြီ၊ သင်တန်းပြန်စမှာမို့ အသိပေးမလို့တဲ့ဟေ့"

"ငါလည်း အဲဒါဆက်တာ"

သော်က,က တအံ့တသြဖြင့်...

"မင်းက ဘယ်လိုသိရပြန်တာလဲ"

"ဒီလိုပေါ့ဟာ"

"အလကားပါကွာ၊ သူ့အဖေကို ဦးကျော်[illegible] ဖုန်းဆက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက သူ့ကို လှမ်းအကြောင်းကြားမှာပေါ့၊ ဒါများ သော်ကရာ”

မြင့်ဆောင်က ဝင်ပြော၏။ တိုင်းမြင့်က တဟဲဟဲရယ်နေသဖြင့် သောက အမြင်ကတ်ကတ်နှင့် ပြောလိုက်သည်။

“မင်း မလာနိုင်ဘူး မဟုတ်လား”

“အေးကွာ”

“ကောင်းတယ်”

“ဘာကောင်းတာလဲ”

“တခြားသင်တန်းသူ…”

သော်က စကားမဆုံးလိုက်ရ၊ တိုင်းမြင့်က တဟားဟားထရယ်သည်။ ပြီးမှ…

“ဒါများကွာ…ဆရာပြောပြလို့ သိပြီးပါပြီ”

“ဟင် ဒါဆို မင်း ဦးကျော်စွာဆီ ဆက်တယ်ပေါ့”

“Right, ပြီးတော့ ပြောရဦးမယ်၊ ဒီမှာလည်း စိတ်ဝင်စားစရာ လေးတွေ ရှိပါတယ်။ မလွမ်းလောက်ဘူးဆိုတဲ့အကြောင်း”

“နွေနွေ့ကိုရော မလွမ်းဘူးလား”

အချိုးအစားပြောင်းနေသော တိုင်းမြင့်ကို ခပ်ချဉ်ချဉ်နှင့်ပြောပစ်လိုက်မိသည်။ ဒီလိုကျတော့လည်း တိုင်းမြင့် လူလည်။

“သူငယ်ချင်းတွေကိုတော့ သတိရတာပေါ့ကွာ”

“ Drop Dead ”

သော်က စိတ်တိုတိုနှင့် ဆဲရေးမိသည်။ ပြီးတော့လည်း ဘာမှ မဟုတ်သလို ရောက်တတ်ရာရာတွေကို ဖုန်းဖိုးအတက်ခံပြီး ပြောနေကြပြန်သည်။

ထို့ကြောင့် ‘မြင့်ဆောင်’က ဝင်ဟန့်ရသည်။ ထိုအခါကျမှ ဖုန်းချကြတော့သည်။

“နေစမ်းပါဦး”

“အေးပါ နေပါတယ် ပြော”

“ငါဘာကိစ္စနဲ့ လာတယ်လို့များ နည်းနည်းလေးမှ မေးဖို့ စိတ်ကူးမရှိဘူးလား၊ မင်းမျက်နှာ လာဖူးတယ်လို့များ မင်းထင်နေလား”



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အပြစ်နဲ့ကိုယ်မို့ သော်က မျက်နှာချိုသွေးလိုက်ရသည်။

"ကဲ…ပြော. ငါလည်းသင်တန်းကိစ္စနဲ့ ရှုပ်သွားလို့ ပြောပါဦး။ မင်းမှာ ဘာကိစ္စများပါလာလို့လဲ"

မြင့်ဆောင်စိတ်ရှုပ်ဟန်နှင့် ခေါင်းမှဆံပင်များကို ဖွပစ်လိုက်၏။ ပြီးမှ…

"အလှူသွားရမယ်တဲ့ကွာ"

"အလှူ…ဟုတ်လား"

"အေးလေ"

"အသုဘမှ မဟုတ်တာကွာ၊ အသုဘတောင် ငါတို့ ပို့ကြသေးတာပဲ၊ အလှူက သွားကောင်းပါတယ်"

အရေးထဲ…ဟူသောအမူအရာနှင့် မြင့်ဆောင် ယောက်ျား မဆန်စွာ မျက်စောင်းထိုး၏။ ခပ်တည်တည်နှင့် ရွဲ့နေမိသော သော်ကပင် ရယ်ချင်သွားရလေသည်။

"ဟဲ…ဟဲ…အေးပါ၊ အဲဒါဘာဖြစ်လဲ၊ ငါ အဖော်လိုက်ပေး ရမှာလား"

"အေးပါ"

"ဒါများကွာ တင်ထိုက်ရော မခေါ်ခဲ့ဘူးလား"

"မခေါ်ဖြစ်ဘူး၊ ဒီကောင်က ဒီနေ့ သူ့အမျိုးတွေနဲ့ ပဲခူးသွား မှာ"

"ဪ"

"ဪမနေနဲ့၊ မြန်မြန်အဝတ်လဲ"

သော်က အဝတ်လဲရန်လှည့်ထွက်ပြီးမှ သတိရသွားဟန်ဖြင့်

"ဟေ့ကောင်"

"ဘာလဲ"

"တိုက်ပုံလေး ဘာလေး ဝတ်ခဲ့ရဦးမှာလား"

"မလိုပါဘူးကွာ၊ မင်းမှာလည်း ရှိတာမဟုတ်ဘဲနဲ့၊ မင်းအဖေဆီ က ယူဝတ်ရမှာမဟုတ်လား၊ တော်ကြာ အလှူအလကားလိုက်စားတဲ့ လူလို့ ထင်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဥပဓိရုပ် ရှိသေးတယ်ကွ၊ မြင့်ဆောင်မဟုတ်ဘူး ကာင်းကွ၊ ကင်း သော်ကတဲ့"

"အေး...ပြောထားဦးပေါ့ကွာ"

ပြောရင်းဆိုရင်း၊ ရန်ဖြစ်ရင်းနှင့်ပင် သူတို့ အလှူလုပ်ရာ ဘုန်းကြီးကျောင်းဝန်းလေးအထဲ ရောက်ခဲ့ကြသည်။

အလှူက အတော်စည်၏။ လူလည်းများ၏။ အဝတွင် သူတို့ ကို ကျွတ်ကျွတ်အိတ်တစ်လုံးစီပေး၏။

"အဲဒါ ဘာလုပ်ဖို့လဲ"

"ဖိနပ်ထည့်လေကွာ၊ ဟိုမှာ သူများတွေထည့်တာမတွေ့ဘူး လား"

"အေး...ငါကအလှူတွေဘာတွေ သွားဖူးတာမဟုတ်ဘူးကွ၊ ဒီနေ့မှ ဖေဖေနဲ့မေမေတောင် အလှူနဲ့မင်္ဂလာဆောင်ကို တစ်ယောက်စီ ခွဲသွားရတာ၊ ငါ့ကိုလည်း အတင်းလွှတ်တယ်၊ မသွားရင်မကောင်းဘူးတဲ့ လူမှုရေးများ အတော့်ကို ဒုက္ခရောက်တာပဲနော်"

မြင့်ဆောင်က သူ့ကိုယ်သူ လူကြီးသူမကလေးတစ်ယောက်လို မှတ်ချက်တွေ ချနေ၏။

"ဟော...သား မြင့်ဆောင် ဖေဖေနဲ့မေမေရော"

အသက်ငါးဆယ်ခန့်ရှိမည်ထင်ရသော ပုဂ္ဂိုလ်ကြီးတစ်ဦးက မြင့်ဆောင်ကို ဆွဲခေါ်နှုတ်ဆက်ကာ နေရာပေး၏။

မြင့်ဆောင်ကလည်း အလှူတွေအချိန်ကပ်နေ၍ သူကမဲကျရောက် လာခဲ့ရကြောင်း (သူ့အဖေအမေ သင်လိုက်သည့်အတိုင်း) သေသေချာ ချာ ရှင်းပြနေ၏။ ပုဂ္ဂိုလ်ကြီးကလည်း ခေါင်းတညိတ်ညိတ်နားထောင်နေ ရှာပါသည်။ ပြီး...သူတို့ကို တစ်ဝိုင်း သီးသန့်နေရာချပေးကာ အခြားဝိုင်း များသို့ ထွက်သွားတော့၏။

"တော်တော်တော့ ညှော်ဝတ်ကျေတယ်နော်"

"အေး"

"မင်းမိဘတွေ မလာတာတောင် စိတ်မဆိုးဘူး"

"အေးလေ...အဲဒီလိုလူမျိုးမို့လည်း မေမေတို့က တကြားအလှူကို

www.burmeseclassic.com



ဦးစားပေးရဲတာပေါ့"

"အေးကွာ...မင်း စောစောကပြောတာ မှန်တယ်"

"ဘာလဲ"

"လူမှုရေးဆိုတာကြီးလေ၊ ခု ငါတို့ စ,တွေ့နေပြီ၊ နောက်ဆို ပိုဆိုးဦးမယ်"

"ဟုတ်တယ်...အား"

မြင့်ဆောင် မဆီမဆိုင်ထအော်လိုက်သဖြင့် ကြည့်မိတော့ သူ့ခြေထောက် အနင်းခံရ၍ ဖြစ်နေသည်။ နင်းသောကောင်မလေးက ဖျတ်ခနဲ ပြန်လှည့်ကာ တောင်းပန်၏။

"ဆောရီးနော်"

"ဟင်"

ကောင်မလေးက အပြုံးနှင့်တောင်းပန်လိုက်ပြီး သူ့ရှေ့မှလူကြီး နှစ်ယောက်နောက် အမိပြန်လိုက်သွား၏။ သူတို့မှာသာ...

"မိုးမခကွ"

"အေး"

"ငါ့ကို တောင်းတော့ တောင်းပန်သွားပါရဲ့၊ နှုတ်လည်းမဆက် သွားဘူး။ တစ်မိမ်းတစ်ယောက်ကို လူမှုရေးအရ တောင်းပန်သွားသလိုပဲ"

ပါလာပြန်ပြီ ဒီလူမှုရေး။ သော်က စိတ်ပျက်လက်ပျက်ဖြစ်သွား ရ၏။ မြင့်ဆောင်ကတော့ မျက်မှောင်ကြုတ်ကာ...

"မဟုတ်ပါဘူး၊ မင်းကို နှုတ်မဆက်တောင် ငါ့တော့ ခေါ်သင့် ပါတယ်"

"မင်းနဲ့ကလည်း အရမ်းရင်းနှီးတာမှ မဟုတ်တာကွာ ပြီးတော့"

"ပြီးတော့...ဘာဖြစ်မလဲ ပြော"

"မတွေ့တာလည်း ကြာပြီလေ"

မြင့်ဆောင် မျက်မှောင်ကို ပိုကြုတ်လိုက်ရင်း...

"နေစမ်းပါဦး၊ ဒါက ရှေ့နေလိုက်တာလား ဟိုကဘာယ်သော်က ပေးထားလို့လဲ"

"ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာမနေနဲ့ ဒီမှာ"

"အင်း"

"ငါက နှုတ်ဆက်စေချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး။ ထူးဆန်းသလို ခံစားရလို့၊ သူ ဆောရီးနော်လို့ ပြုံးပြီးပြောသွားတဲ့ထဲ မင်းပါ၊ ပါလို့"

"ဒါကတော့ကွာ မကောင်းတတ်လို့ နေမှာပေါ့ကွ"

"တော်ပြီ၊ မင်းကိုမပြောတော့ဘူး မိုးမခရဲ့ရှေ့နေလား မှတ်ရတယ်"

သူတို့ ထမင်းသာငုံ့စားနေလိုက်ကြတော့သည်။ ဘာစကားမှ မဆိုဖြစ်ကြတော့။ အလှူရှင်များကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။

လမ်းကျမှ သော်ကက…

"လက်ဖက်ရည်သောက်ရဦးမယ်"

မြင့်ဆောင်က ခုထိ မကျေနပ်သေးဟန်ဖြင့်…

"သောက်ပေါ့"

"ဘာသောက်ပေါ့လဲ…မင်းတိုက်ရမှာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မင်းခေါ်လို့လည်း လိုက်လာရသေးတယ်"

"အဲဒီအတွက် ထမင်းကျွေးပြီးပြီလေ"

"အောင်မာ ထမင်းက မင်းကျွေးတာလား"

"ငါမပါဘဲ မင်းသွားစားလို့ ရမလား"

သော်က စိတ်တိုချင်လာသည်။

"ငါ့ဘာသာ ငါ့အိမ်မှာ စားလို့ရတယ်လေ၊ ဒီအလှူကို မင်းနဲ့ သွားစားမှ မှ မဟုတ်တာ၊ ခုဟာကျ မင်းမှာ တာဝန်ရှိတယ်"

"မဆိုင်လိုက်တာ"

"ဆိုင်တယ် သောက်မှာပဲ"

"ကိုယ့်ဘာသာသောက်လို့ ပြောပြီးပြီလေ"

"နေကြပါဦး။ ဒါက ကျွန်မကိုတောင် မမြင်နိုင်လောက်အောင် ဘာဖြစ်နေကြတာလဲ"

www.burmeseclassic.com



အသံလာရာသို့ကြည့်လိုက်တော့....

"ဟင်"

"နွေနွေ"

"ဒီကောင်ပေါ့"

"ဒီကောင်ပါ"

"မဟုတ်ဘူး နွေနွေ၊ သော်က"

"ဟုတ်တယ်နွေနွေ မြင့်ဆောင်"

"ကဲ...တော်ကြပါတော့"

နွေနွေက စိတ်ညစ်သလိုအော်၏။

"တိုင်းမြင့်ရော"

"လားရှိုးမှာ"

"ခုထိ ပြန်မလာသေးဘူးလား"

"အေး...ခုနကတောင် ဖုန်းလာသေးတယ်၊ လားရှိုးနဲ့ပြောကြတာ အကြာကြီး"

"ဟာ...ဟုတ်လား"

အံကြွက်စောင့်နေသောသောက,က...

"လာ...နွေနွေ၊ လမ်းမကြီးမှာ မကောင်းဘူး၊ လက်ဖက်ရည်ဆိုင်ထိုင်ရအောင် အချိန်ရတယ်မဟုတ်လား၊ ဒီကောင်တိုက်မှာ"

မြင့်ဆောင်က မကျေနပ်သလို သော်ကကို တစ်ချက်ကြည့်၏။ ဘာမှတော့ မပြော။ သူပါ ဆိုင်ထဲဝင်လိုက်လာသည်။

လက်ဖက်ရည်မှာရင်း မြင့်ဆောင်က...

"ခုနကပဲ နင့်သူငယ်ချင်း မိုးမခနဲ့ တွေ့သေးတယ်"

"ဟာ...ဟုတ်လား၊ ဘယ်မှာလဲ ဘယ်နားမှာလဲ"

နွေက ဝမ်းသာအားရနှင့် မေး၏။

"အလှူမှာလေ...ငါ့ခြေထောက်တောင် တက်နင်းသွားသေးတယ်"

"သြော်...လူတွေရှောင်ရင်း နင်းမိတာ နေမှာပါ"

နွေက ရယ်ကာမောကာ ဝင်ဖြေရှင်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အလကားပါနွေရာ...သူ့ကို ဟိုက တောင်းပန်သွားသားပဲ၊ ဒါကို သူက နှုတ်မဆက်ရကောင်းလားလို့ ပြောနေတာလေ"

သော်က,က ကြားဖြတ်ဝင်ပြောလိုက်သဖြင့် မြင့်ဆောင်က လက်ကာ၏။

"မင်း ဝင်မပြောနဲ့၊ ငါက တစ်မျိုးပဲလို့ ပြောတာ၊ မိုးမခက ငါ့ကို နှုတ်ဆက်စေချင်လွန်းလို့ မဟုတ်ဘူးကွ သိလား"

"ဘယ်လိုတစ်မျိုးလဲ"

"မပြောတတ်ပါဘူး ထားပါတော့၊ လာ...လက်ဖက်ရည်ပဲ သောက်ရအောင်"

သူတို့ရောက်တတ်ရာရာတွေ ဆက်ပြောဖြစ်ကြသည်။

"မိုးမခ ဆေးရုံကဆင်းပြီး နားနေတာ အဆင်ပြေရဲ့လား"

"ဘာ အဆင်ပြေရဲ့လားလဲ"

သော်က,က နွေနွေ့ကို မေးခြင်းဖြစ်သည်။ သို့သော် မြင့်ဆောင်က ဝင်ငေါက်၏။

နွေနွေကရယ်ကာ...

"အဆင်ပြေပါတယ်၊ ဆရာဝန်ကလည်း ကျန်းမာရေးတော်တော်ကောင်းလာလို့ အပြင်ထွက်ခွင့်၊ လုပ်ချင်ရာလုပ်နိုင်ခွင့် ပေးလိုက်ပြီတဲ့"

"ပြီးရောပေါ့"

မြင့်ဆောင်က 'ဘု'ဝင်တောပြန်သဖြင့် သော်ကနှင့်နွေနွေ တစ်ယောက်မျက်နှာတစ်ယောက် ပြုံးစိစိနှင့် ကြည့်လိုက်မိကြကာ ဇက်ပြီး ငြိမ်နေလိုက်ကြ၏။

ခဏနေမှ နွေနွေက...

"ဟယ် မနက်ဖြန် သင်တန်းပြန်စမယ်မဟုတ်လား သော်က"

"အေး"

"ဒါဆို နင်မိုးမခနဲ့တွေ့မှာပေါ့"

"အင်း"

"ဟာ...ဒါဆိုအတော်ပဲ၊ ဒီမှာ မိုးမခမှာထားတဲ့ အ[illegible]ချောင်စုံ



www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်တွေပါတယ် နှင် ပေး့ပေးနော်''

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဟာ၊ ငါနဲ့တွေ့လို့ပေးခိုင်းတယ် ပြောပေါ့ဟာ"

မြင့်ဆောင်က ဝင်၍

"ပဲမနေနဲ့ သော်က၊ သူက လက်ကောက်ခရေစီ မင်းကို ကျေးဇူးတင်ရင် တင်မှာ"

"တော်ပါကွာ မတင်ဘဲ..."

သော်က စကားမဆက်ဖြစ်တော့။ တော်ကြာ ကျေးဇူးမတင်ဘဲ အမုန်းတွေတင်ပေးလိုက်လျှင် မခက်ပါလား။

❖❖❖

[၄]

ထုံးစံအတိုင်း လက်ကောက်သံ တချွင်ချွင်ကို ကြားလိုက်ရသည်။ သော်က လှည့်မကြည့်ဘဲ မိုးမခဝင်လာတာကို သိနေ၏။

"သမီး နေကောင်းလား"

ဆရာက နှုတ်ဆက်၏။

"ဟုတ်ကဲ့ဆရာ"

ပြောပြောဆိုဆို မိုးမခက သူ့ဘေးက လွတ်နေသောခုံတွင် ခပ်တည်တည်ဝင်ထိုင်လိုက်၏။ မထိုင်လို့လည်း မရတော့။ တစ်ဘက်ခုံတန်းတွင် အသစ်ရောက်သော ကျောင်းသူနှစ်ယောက်က ထိုင်နေသည်။ ဒီဘက်ခုံတန်းတွင် သော်ကတစ်ယောက်တည်း မဟုတ်လား။

မိုးမခဝင်ထိုင်အပြီးမှာ ဆရာက စာသင်ရန် ကိုဘာတ်ကို ဖျက်နေရင်းမှ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဆရာ အစကပြန်သင်မယ်နော်၊ ခုမှအသစ်ရောက်တဲ့ သမီးနှစ်ယောက်ရှိတယ်၊ သူက 'သဇင်'တဲ့၊ သူကတော့ 'ပွင့်သီ'တဲ့။ သမီးတို့ ဒီဘက်က သော်ကတဲ့၊ ဟိုဘက်က မိုးမခ"

"ဟုတ်"

"ဟုတ်"

တစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြု ပြုံးပြကြသည်။ ထိုသို့အသိအမှတ်ပြု ပြုံးပြရခြင်းသည် ဆန်းကြယ်သော အရာမဟုတ်။ သို့သော် သော်ကအတွက်တော့ အံ့အားသင့်မှုတွေ ဖြစ်ထွန်းသွားရ၏။

အကြောင်းမှာ မိုးမခကပါ သူ့ကို နှစ်နှစ်လိုလို လှည့်ပြုံးပြလိုက်သောကြောင့်ဖြစ်သည်။ရုတ်တရက်မထင်မှတ်ထားသောကြောင့် သော်က ပင် အယောင်ယောင်အမှားမှားဖြစ်ကာ အချိန်မီ အလုအယက် ပြန်ပြုံးပြလိုက်ရ၏။

ဆရာ စာသင်တော့ မိုးမခက မှတ်စုစာအုပ်အသစ်တစ်အုပ် ဖွင့်ကာလိုက်မှတ်၏။ သော်က,ကတော့ သင်ပြီးသားမို့ အပင်ပန်းခံမနေ တော့။ ဆရာသင်သမျှကိုသာ အာရုံစိုက်မှတ်သားနေလိုက်၏။

သင်တန်းပြီးတော့...

"သမီး မိုးမခ"

"ရှင်"

"ကားလာကြိုမှာလား"

"ဒါဆို လာထိုင်စောင့်လေ"

"ရပါတယ် ဆရာ၊ သမီး အောက်က မုန့်ဆိုင်မှာ မုန့်စားရင်း စောင့်မလို့"

"အေး...အေး"

အပေါက်ဝတွင် ဆရာနှင့် မိုးမခစကားရပ်ပြောနေ၍ သော်က စောင့်နေရသေးသည်။ မိုးမခဆင်းသွားတော့မှ သူလည်း လိုက်ဆင်းခဲ့ ရသည်။

အောက်မှာ ရောက်နှင့်နေသော မိုးမခက နောက်ဆင်းလာသော သူ့ကိုတွေ့တော့ ပြုံးပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲ"

သော်က စောစောကလိုပင် ယောင်နနပြန်ပြုံးလိုက်ရင်း

"မပြန်သေးဘူးလား"

"ဟင့်အင်း၊ ကားက ဆယ့်နှစ်ခွဲမှရောက်မှာ၊ ဒီနားမှာ မုန့်စား မလို့"

ပါးစပ်ထဲရှိရာပြောလိုက်သော စကားကို မိုးမခ ဒီလိုနှစ်နှစ်လိုလို ပြေလိမ့်မည်ဟု လုံးဝထင်မထားခဲ့။ သူ့အိပ်မက်ပင် မက်နေသလားဟုပင် ထင်မိသည်။

သူ့အံ့သြနေမိဆဲ မိုးမခ စကားဆက်၏။

"ဪ…ခင်ဗျားNotes ခဏငှားပါလား မနက်ဖြန်ကျရင် ပြန်ပေးမယ်"

သူ့ကို "ခင်ဗျား"တဲ့။ သူ့ကျောပိုးအိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ပေးလိုက်သည်။ သူမက နာမည်ထိုးမထားသော သူ့စာအုပ်ကို ကြည့်ကာ…

"ခင်ဗျားနာမည်က"

"ခင်ဗျာ"

သော်က 'ခင်ဗျာ'ဟု တအံ့တသြဆိုမိသဖြင့် မိုးမခက သူ့ကို တအံ့တသြပြန်ကြည့်၏။

"ဘာဖြစ်လို့လဲဟင်"

"ဘာ…ဘာမှ မဖြစ်ပါဘူး"

"စောစောက အာရုံတွေ တခြားရောက်နေလို့ ဆရာပြောတာ မမှတ်မိလိုက်ဘူး"

သော်က အံ့သြထူးဆန်းမှု မပြေနိုင်ဖြစ်နေဆဲမှာပင် သူမက ထပ်ဆင့်မေးလာသဖြင့်…

"သော်က ပါ"

"ဟင် ဟုတ်ပဲနဲ့၊ အဲဒါကာတွန်းဆရာနာမည်ကြီးကို အနောက် နဲ့နော်"

မိုးမခက မျက်မှောင်ကြုတ်ကာ ပြော၏။ သော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောရမှန်းမသိတော့။ သူ့ရှေ့မှာ မိုးမခကိုပင် မိုးမခအစစ်ဟုတ်မှ ဟုတ်ရဲ့လားဟု ထင်နေမိသည်။

ထိုအခိုက် နွေနွေပေးလိုက်သော အနုမြူလက်ကောက်များကို သတိရသဖြင့်...

"ဪ...ခုမှသတိရတယ်"

"ဘာလဲဟင်"

"ခင်ဗျားသူငယ်ချင်း နွေနွေဆိုတာ"

သူမက တအံ့တသြဟန်ဖြင့်...

"ဟယ်...နွေနဲ့သိတယ်"

"ခင်ဗျာ"

သော်က 'ခင်ဗျာ'မိပြန်သည်။ ပြီးမှ...

"ဟုတ် အဲ...သူက ခင်ဗျားလက်ကောက်မှာထားတာ ပေးခိုင်းလိုက်တယ်"

ပြောပြောဆိုဆို လွယ်ထားသော ကျောပိုးအိတ်ကိုဖွင့်ကာ လက်ကောက်အထုပ်ကို ထုတ်ပေးလိုက်၏။

"ဟယ်...လှလိုက်တာ"

ပြီးမှ မျက်မှောင်လေးကြုတ်ကာ သော်ကကို ကြည့်၏။

"ဒါဆို ခင်ဗျားက 'ကံကောင်း'ပေါ့ ဟုတ်တယ်မဟုတ်လား"

"အဲ...မ"

"ဟင်း ဒါနဲ့များ သူ့ကိုယ်သူ သော်ကတဲ့ ဟုတ်လည်းမဟုတ်ဘဲနဲ့ မဟုတ်တာကောင်းပါတယ်"

"ဗျာ...ဘာလို့လဲ"

"အဲဒီ 'သော်က'ဆိုတဲ့ နာမည်ကို ကြိုက်မှ မကြိုက်တာ တစ်မျိုးကြီးပဲ"

"အဲ...အင်း...ဟုတ်တယ်နော်၊ တစ်မျိုးကြီးပဲ"

ကိုယ့်နာမည်ကိုယ် တစ်မျိုးကြီးပဲလို့ ပြောရတာလောက် လွှာယားတာ ရှိလိမ့်မည်မထင်။ ခုတော့ သူက အော်ကိုတိုက်တစ် သော်က,ကနေ 'ကံကောင်း' ဖြစ်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ကောင်းပါသည်။ သောကတွေ ဝေနေသော 'သော်က'ကနေ ကံကောင်းမှုတွေများလာသော 'ကံကောင်း'ဖြစ်လာခဲ့ ရင်ပေါ့။ မိုးမခတစ်ဦးတည်းအတွက်လေ။

သို့သော် ဘယ်လိုမှစဉ်းစားမရနိုင်သေးသော အချက်က ရှိနေ သေးသည်။

ဒါ...

မိုးမခအစစ်မှ ဟုတ်ရဲ့လား။

သူ့ကို ဘာလို့ ဒီလိုဆက်ဆံရတာလဲ။

သော်ကကို တကယ်မမုန်းတော့လို့ ဒီလိုဆက်ဆံတာလား။

ခု...အဖြစ်အပျက်ဟာ...တကယ်လား။

ဟန်ဆောင်နေတာလား။ ဆိုတာ...

"ဟဲ့ ပြောတာ မကြားဘူးလား"

"ခင်ဗျာ"

အတွေးတွေဝင်နေ၍ မိုးမခ ဘာပြောသလဲ မကြားလိုက်မိ။ မိုးမခက သူ့ကို ကြည့်ကာ တစ်ချက်ရယ်၏။

"နွေနွေ့သူငယ်ချင်း 'ကံကောင်း'က 'ခင်ဗျာ'တစ်လုံးထဲ တတ်သလားမှတ်ရတယ်။ အစတည်းက တဗျာတည်း ဗျာနေတာ ခုထိ"

"ဪ...အဲ...ဟုတ်တယ် ကျွန်တော် ခုနက ဆရာပြော လိုက်တဲ့ထဲက တချို့ကို ပြန်စဉ်းစားနေမိလို့ မကြားလိုက်တာ၊ ဆောရီး ဗျာ"

မိုးမခ ချစ်စဖွယ်မျက်စောင်းထိုး၏။ ပြီးမှ...

"နောက်မှ စဉ်းစားပါလား ကိုဟိုင်ပါရယ်...ခု ကျွန်မနဲ့အတူ မုန့်လိုက်စားပါလားလို့ ပြောနေတာ လက်ကောက်ယူလာပေးလို့"

"ခ...အဲ...ဟို...ကောင်းသားပဲ"

'ခင်ဗျာ'လို့ တအံ့တဩရေရွတ်မိမလိုဖြစ်ပြီးမှ သတိဟာရ ဘရိတ်အုပ်လိုက်ရသည်။ အံ့ဩမှုတွေ ဆုံးခန်းတိုင်သင့်နေပြီဟု သော်က တွေးလိုက်မိ၏။ မိုးမခကို စောစောကမှ တွေ့သိခွင့်ရသော သူငယ်ချင်း မလေးတစ်ယောက်လို ဆက်ဆံမှ အဆင်ပြေလိမ့်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်…

"ကဲ…မိုးမခ ဘာစားမလဲ"

"ဒီနားက လက်ဖက်ရည်ဆိုင်ပဲ သွားမှာလေ…၊ အဲဒီမှာ ရှမ်းခေါက်ဆွဲတို့၊ ဆီချက်တို့ပါရတယ်၊ ကံကောင်း စားချင်တာစားလေ၊ မိုးမခကတော့ လီမွန်တီး တစ်ခွက်သောက်ရရင်ကို အဆင်ပြေပါတယ်"

နှစ်ယောက်သား ရှမ်းစာနှင့်လက်ဖက်ရည်တွဲရောင်းသော ဆိုင်ကလေးထဲ ဝင်လာခဲ့လိုက်သည်။

"လက်ဖက်ရည်အကျရည်ထဲကို သံပုရာသီးညှစ်၊ သကြားနည်းနည်းထည့်မယ်၊ အဲဒါတစ်ခွက် တိုဟူးကြော်တစ်ပွဲ၊ ကံကောင်းကရော"

သူမကပင် ဦးဆောင်မှာပြီးမေး၏။

"လက်ဖက်ရည်ကျဆိမ့်နဲ့ တိုဟူးနွေး"

အစားအသောက်တွေရောက်လာတော့ မိုးမခက လက်ကောက်များကို တဖန်ပြန်ထုတ်ကြည့်၏။

"လှတော့လှတယ်၊ ညကျမှ ပိုလှမှာနော်၊ အသံချွင်ချွင်တော့ သိပ်မပြည်ဘူး"

"မိုးမခက အသံပြည်မှ ကြိုက်တာလား"

"ဟုတ်ပ…ဪ ကံကောင်းတို့ဆိုင်မှာ အဲလို လက်ကောက်ရောင်စုံတွေ ရှိလားဟင်"

အဲဒါမှပြဿနာ။ ကံကောင်းဆိုတာ သူမသိ။ ဘာဆိုင်ဖွင့်မှန်းလည်းမသိ။ မိုးမခကလည်း ထင်ချင်ရာဖွတ်ထင်နေတော့ ခက်သည်။ မတတ်နိုင်တော့။ ကြည့်ဖြေမှ ဖြစ်လိမ့်မည်ဆုံးဖြတ်ကာ…

"အင်း…ရှိတော့ရှိပါတယ်၊ အရောင်တော့ မစုံတော့ဘူး။ ဒါ အလှဆုံးပဲ"

"ဟုတ်မှာနော်၊ နွေနွေက ကျွန်မအကြိုက်ကို သိတယ်"

ဒီအထိတော့ အဆင်ပြေနေသေးသည်။ နောက် ဆောက်တည်ရာရာတွေလျှောက်ပြောဖြစ်ကြသည်။ ကျောင်းဖွင့်ချိန်၊ စာသင်ချိန်နှင့် သင်ခန်းစာအကြောင်း ပြောဖြစ်ကြတော့ အဆင်တွေချော်ကုန်၏။

"ဒါနဲ့ ကံကောင်းက ဘယ်ကျောင်းကလဲ"

www.burmeseclassic.com



"ဗျာ"

အဲဒါမှ ပြဿနာ။

"ဩော်...လှိုင်ကလား၊ ဗိုလ်တထောင်ကလား၊ အဲဒါမေးတာ"

"လှိုင်...ကပါ"

ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်လျှော့ကာ အမှန်အတိုင်းပင် ဖြေပေးလိုက်၏။

"ဩော်...ကျွန်မတို့ကျောင်းကပဲ၊ ဒါပေမဲ့ ရှင့်ကို တစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်မှာပေါ့၊ ကျွန်တော်က ကျောင်းသိပ်မမှန်သေးဘူး။ ပြီးတော့ ရှိုးလ်နံပါတ်ကလည်း အောက်ရောက်လို့ပါ"

တစ်ခါတည်းကိစ္စပြတ်ကို ဖြေပြစ်လိုက်သည်။ မဟုတ်လျှင် ရှေ့ဆက်မေးခွန်းများကို ဖြေရန်လွယ်လိမ့်မည်မထင်။ သူကသာ စိုးရိမ်စိတ်တွေနှင့် ထူပူနေသည်။ မိုးမခကတော့ ခပ်တည်တည်ပင်။ ဘယ်လိုမှလည်းမနေ။

"ကျောင်းတက်ရက်တွေအကြောင်း သေသေချာချာတောင် မမှတ်မိတော့ပါဘူး၊ ဒါကြောင့် ကံကောင်းကိုလည်း သတိမထားမိတာနေမှာ"

တိုဟူးကြော်ကို လက်ဆီပေမှာစိုး၍ တူနှင့်ညှပ်ကာစားသော မိုးမခကိုကြည့်ကာ သော်က ရယ်ချင်သွားမိသည်။ ခုနက သံပုရာသီးညှစ်တော့လည်း တစ်ရှူးပေပါတစ်ရွက်ခံကိုင်ကာ ညှစ်၏။ အတော်တော့ အသန့်အပြန့်ကြိုက်ပုံရသည်။ တစ်နည်းပြောရလျှင် အတော်လည်း ဇီဇာကြောင်နိုင်သည်။

"တိုဟူးကြော် စားပါလား"

"ဟင့်အင်း...ရတယ်၊ ဒီမှာတောင်မနည်းစားနေရတာ"

တကယ်တော့ ဒီစကားဝိုင်းလေး ဒီမျှထိစိုပြေတာကိုက မိုးမခကြောင့်ဖြစ်သည်။ သော်ကကတော့ နဂိုကတည်းက သွက်သွက်လက်လက်ရှိ သည့်အထဲ ခုလိုအိပ်မက်တစ်ခုမက်နေသလို ခံစားရသည့်အခါ ပြောစရာ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခဏ တိတ်ဆိတ်သွားသော စကားဝိုင်းကို မိုးမခကပင် ပြန်စ၏။

"ကံကောင်း ဘယ်မှာနေတာလဲ"

"ပါရမီမှာ"

"ဟာ…ဟုတ်လား၊ ဘယ်လမ်းလဲ"

"စပါယ်ရုံလမ်း"

"ဟာ…ဒါဆိုသိပ်မဝေးဘူး"

"ဗျာ…အဲ မိုးမခက ဘယ်မှာနေလို့လဲ"

"ကျွန်မလည်း ပါရမီမှာပဲ နေတာ"

"လမ်းက"

သော်က အားတက်သရော မေးမိ၏။

"မဥ္ဇူလမ်း၊ ဘယ်ဘက်အခြမ်းကလမ်း"

"ဪ…နီးသားပဲ၊ ဒါပေမဲ့"

သော်က မျက်မှောင်ကြုတ်ကာ စဉ်းစားနေသဖြင့် မိုးမခကပင် စကားဆက်ပေး၏။

"ဘာ ဒါပေမဲ့လဲ"

"ဪ တစ်ခါမှမတွေ့ဖူးဘူး၊ နေ့နေ့ကလည်း မပြောဘူး"

ဘာစကားများသွားလဲ မသိ။ မိုးမခက သဘောကျစွာ ရယ်သည်။

"နေ့နေ့က ဘာလို့ပြောရမှာလဲ၊ လက်ကောက်မှာတဲ့ ကောင်မလေးက မဥ္ဇူလမ်းထဲမှာလို့ ပြောဖို့ လိုလို့လား"

"အဲ…"

သော်က ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။ ဒါလည်း ဟုတ်တာပဲ၊ ကိုယ်ကသာ အရင်တည်းက အတူရှိခဲ့ဖူးတာကို သတိရနေတာ။ သူမကမှ မသိဘဲ။

မိုးမခရယ်… ကျွန်တော်ပျော်ရမှာလား၊ စိတ်ညစ်ရမှာလား၊ ခုအဖြစ်အပျက်ကရော နတ်ဖန်ဆင်းပေးတဲ့အိပ်မက်လား၊ ဘာလဲတော့ မိုးလင်းမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သော်က အတွေးတွေများစွာနဲ့ ချာလည်လိုက်နေတော့သည်။
"ကံကောင်း"
မိုးမခက သူ့လက်ချာလိုက်သောစာအုပ်ကို ကြည့်ရင်း ခေါ်လိုက်သဖြင့်...
"ပြော"
"ဘယ်ဆိုးလို့လဲ ကံကောင်းရဲ့၊ Notes တွေက Very neat and tidy ပဲ"
"ဟာ...ဒါတောင် အမြန်လိုက်ထားရတာ"
ကံကောင်းက ပြန်နောက်သဖြင့် ရယ်၏။ ပြီးမှ မိုးမခက တွေးတွေးဆဆဟန်ဖြင့်...
"ကံကောင်းဆီမှာ ကွန်ပျူတာရှိလား"
သူတစ်ခါမှ တွေးမထားမိသောအရာဖြစ်သည်။ ကွန်ပျူတာကို အိမ်မှာဝယ်ထားသူက လူနည်းစုမဟုတ်လား။
"ဟင့်အင်း...မရှိပါဘူး"
"ကျွန်မမှာလည်း မရှိပါဘူး။ ဒါပေမဲ့ ကျွန်မအဒေါ်ဆီမှာ ရှိတယ်"
"အင်း...ရှိတော့ ကောင်းတာပေါ့"
"အဲဒါသွားကျင့်ရင် ကောင်းမလားလို့ စဉ်းစားနေတာ"
"ဟာ...စဉ်းစားမနေနဲ့သွားသွား။ ကျွန်တော်တောင် အဲလို အဒေါ်မရှိလို့၊ ရှိရင် သွားမှာပဲ"
သော်က စကားအရပြောလိုက်ခြင်းဖြစ်သော်လည်း မိုးမခက ချက်ချင်းပင်...
"ဟာ...ဒါဆို ကျွန်မနဲ့အတူ ကျင့်ပါလား။ အတတ်မြန်တာပေါ့။ အပြိုင်ရှိတော့ ပိုကြိုးစားချင်မှာ"
"ခင်ဗျာ"
အပြိုင်တဲ့။ ရှိခဲ့တုန်းက သူမနှင့် အမြဲအဆင်မပြေဖြစ်ရသည် မဟုတ်ပါလား။
"ဟင်...လုပ်ပြန်ပြီ၊ ခင်ဗျား တစ်ခါဗျာရင် တစ်ရာလောက်



www.burmeseclassic.com

www.burmeseclassic.com



ဖိုင်းချရမလား မသိဘူး”

မိုးမခအပြောလေးကြောင့် သူ ရယ်လိုက်မိသည်။

“မရယ်နဲ့...အကောင်းပြောတာ”

“စဉ်းစားသေးတာပေါ့”

“အလိုရှင်...ရှင်က စဉ်းစားဦးမယ်..၊ စဉ်းစား...စဉ်းစား ကြိုက်သလောက်စဉ်းစား၊ ကျွန်မသွားတော့မယ် ဟိုမှာ ကားလာနေပြီ”

ပြောပြောဆိုဆို လက်ကောက်များချွင်ချွင်မြည်အောင် ပိုက်ဆံ ထုတ်ပေးရင်း ထထွက်သွားတော့၏။

ဘာပြောရမှန်းမသိ၊ ဘာတွေဖြစ်နေမှန်းမသိ၊ ဘယ်လိုကြီးမှန်း မသိ ဖြစ်ကျန်ခဲ့ရသူက သော်က။

ဒီနေ့အဖြစ်အပျက်တွေကို သူပြန်စဉ်းစားရင်း ပီတိဖြစ်ရမလို၊ ပြုံးရမလို၊ ရယ်ရမလို ဖြစ်နေပြီး၊ တကယ်မှာလည်း ဟုတ်ရဲ့လား ဟုလည်း သံသယဝင်နေမိလေသည်။

သူငယ်ချင်းတွေကို ပြန်ပြောဖို့ကလည်း ယုံမှာမဟုတ်၊ (မင်း ဝတ္ထုတွေလာရေး၊ ဇာတ်ညွှန်းတွေလာခွဲမနေနဲ့ဟု ပြောမှာသေချာသည်) သလို၊ ယုံသည့်တိုင် အသိမပေးချင်သေး။

သူ...ဘာလုပ်ရမလဲ။

မိုးမခကားလေးကတော့ မိုးမခကိုတင်ဆောင်ကာ ထုံးစံအတိုင်း သူ့ကို ကျောခိုင်းထားခဲ့လေပြီ။

သူမှာသာ...

တွေးစရာများစွာနှင့်...။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



[၅]

တင်ထိုက်နှင့်မြင့်ဆောင် ဆိုင်ရှေ့လာရပ်ကတည်းက မေမေက အလိုက်သိစွာ သူ့ဆိုင်ဘက် ကူးလာခဲ့ပြီးသား။ လိုက်ရင်လိုက်သွားဆို သော သဘော။

သော်က သင်တန်းတက်ရမည့်နေ့များမှာတောင် သင်တန်းပြီး သည်နှင့် မေမေက သူ့အတွက် သီးသန့်ဖွင့်ပေးထားသော ဆိုင်ကလေး တွင် ထိုင်တတ်သည်။

"တော်တော်လေးမှ အခြေအနေကောင်းရဲ့လား"

တင်ထိုက်က မချိုမချဉ်မေး၏။

"ဆိုင်လား၊ မဆိုးပါဘူး၊ ငါက ခုမှစဖွင့်ပေမယ့် မေမေ့မိတ်ဆွေ တွေ ရှိတယ်လေ"

တင်ထိုက်က မျက်နှာကို အစွမ်းကုန်မဲ့ပစ်လိုက်ရင်း...

"တော် တော်...လာ လက်ဖက်ရည်ဆိုင်သွားကြမယ်"

ဟုဆိုသဖြင့် မြင့်ဆောင်က ရယ်မောရင်း သူ့ပခုံးဖက်ကာ တင်ထိုက်နောက်မှ လိုက်သွားလိုက်ကြသည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ သော်က စားပွဲထိုးလေးကို လက်သုံးချောင်းထောင်ပြလိုက်ပြီး မနေနိုင်၊ မထိုင်နိုင် မေးလိုက်၏။

"ကဲ...ပြောပါဦး၊ ဘာလဲကွ၊ ဘာအခြေအနေလဲ"

"မိုးမခက မင်းကို ပါးမှ ရိုက်လိုက်ရဲ့လားလို့"

သော်က ထိုစကားကြောင့် ပြုံးလိုက်မိပြီး လွှတ်ခနဲ...

"သော်ကပဲကွာ ဘယ်ရမလဲ"

"ဘာလဲ ဘယ်ရမလဲ ခံလိုက်တာပေါ့လား"

"တော်စမ်းပါ ဝေးသေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့..."

ငြိမ်နေသော မြင့်ဆောင်က ဝင်ထောက်မေး၏။

"ဒီတော့ သော်ကပဲကွာ"

"ကဲ...ပြောစမ်းပါ"

ဘယ်လိုရှိုးရမလဲ အပြေးအလွှားစဉ်းစားပြီး...

"ဘယ်ရမလဲကွ၊ ဆရာ့လက်ထဲထည့်ပြီး ငါပြန်မှ ပေးခိုင်းလိုက်တာပေါ့ကွ"

"တော်တယ်ကွာ"

"သူ့ရဲကောင်းပီသပါပေတယ်"

ချီးမွမ်းထောပနာပြုသံက မခံချိမခံသာစရာကောင်းလောက်သောလေသံဖြင့် တစ်ပြိုင်တည်း ထွက်လာ၏။ သော်ကရေ ခံပေဦးတော့ဟု ကိုယ့်ကိုယ်ကို ပြန်အားပေးရသည်။

"သြော်...ဒါနဲ့"

မြင့်ဆောင်က တစ်စုံတစ်ခုကိုသတိရသလိုပြောသဖြင့် သော်က 'ဘာလဲ'ဟု ဘုကြည့်ကြည့်ပေးလိုက်၏။

"မင်းတို့သင်တန်းက အသစ်ကလေးတွေအကြောင်းပြောလေ"

"ဘာမှပြောစရာမရှိဘူး"

"ဘာလို့လဲကွ"

သော်က ဘယ်လိုပြောရင်ကောင်းမလဲဟု အပြေးအလွှားစဉ်းစားရပြန်သည်။ ပြီးမှ...ပြုံးပြီး

"ဒီလိုကွ၊ အသစ်မိန်းကလေးကတော့ပါတယ်ကွ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ယောက်ျားရှာလေး ဖြစ်နေရှာတယ်"

"ဟာကွာ"

"သေစမ်း"

"နေပါဦး၊ မင်းတို့နှစ်ယောက်က ဝင်ပြီး ဘာဖြစ်နေရတာတဲ့"

"ဘာဖြစ်ဖြစ်ကွာ၊ နောက်တစ်ယောက်ကကောကွ"

"ယောက်ျားစစ်စစ် ရေမရောဘူး နာမည်က ကံကောင်းတဲ့"

www.burmeseclassic.com



နှစ်ကောင်လုံး ပါးစပ်ပိတ်သွားကြသည်။ အကွက်စေ့စေ့ ပိပိရိရိ တော့ လုပ်လိုက်ပြီးပြီ။ အရေးတကြီးက အလိမ်မပေါ်ဖို့ပါဘဲ။

"ဪ...ဒါနဲ့"

မြင့်ဆောင်က လက်ဖက်ရည်ခွက်ကို စိတ်ရှင်စားဟန်ဖြင့် မသဲမကွဲထူး၏။ တင်ထိုက်ကတော့ ရွှေတောင်ခေါက်ဆွဲကို တူဖြင့်ဆွကာ မွှေနေသည်။

"ဟို...နွေနွေ့သူငယ်ချင်း မိုးမခ လက်ကောက်မှာထားတဲ့သူက ဘယ်သူ..."

သော်ကစကားကြောင့် နှစ်ယောက်လုံးသူ့ကို အူကြောင်ကြောင် ကြည့်၏။ ပြီး...

"ဘယ်သိမှာလဲ"

တပြိုင်တည်းဖြေကြ၏။

"ဪ...ဘာမှမဖြစ်ပါဘူး။ ငါ့ရဲ့ညီမဝမ်းကွဲက အဲဒီလက် ကောက်တွေမြင်ပြီး လိုချင်တယ်ဆိုလို့"

"ဒါများကွာ...ငါဝယ်ပေးမှာပေါ့"

မြင့်ဆောင်က ဝင်ရို၏။ ကိစ္စမရှိပါ။ ဘယ်တုန်းကမှ မရှိဘူး သော ညီမဝမ်းကွဲကို သူတို့လက်ကောက်မကလို့ ခြေကောက်ပဲ ဝယ်ပေးဝယ်ပေး သော်က သဝန်တိုမိလိမ့်မည် မဟုတ်တာ သေချာ သည်လေ။

"ဒီနေ့ရော သင်တန်းမရှိဘူးလား"

"ရှိတယ်လေ"

"ဟင်...မသွားဘူးလား"

"သွားမှာပေါ့၊ ညနေသုံးနာရီမှ၊ ဘာလဲ မိုးမခနဲ့ လိုက်တွေ့ချင် လို့လား"

သော်က ရယ်ကျဲကျဲနှင့်မေးလိုက်သဖြင့် သူတို့က မချိုမချိုနှင့် ပြုံးကြ၏။

"တော်ပါသော်ကရာ၊ လိုက်လာလို့ ဟိုက ငါ့ကိုပဲနှုတ်ဆက်၊ စကားပြော၊ မင်းကို ရှိတယ်တောင်မထင်တဲ့ပုံ လုပ်ပြီး မင်းပဲခံစားနေရ

www.burmeseclassic.com



ဦးမယ်''

''ဟုတ်ပ၊ ဒီတော့ မင်းကိုသနားတဲ့အနေနဲ့ မင်းသင်တန်းသွား ရမယ့် အချိန်ကျရင် ငါတို့ ပြန်ပို့မယ်ကွာ''

နှစ်ယောက်သား အရေးထဲ အတိုင်အဖောက်ညီနေကြ၏။ သော်ကလည်း ဘာမှပြန်မပြောချင်တော့၍ ပါးစပ်ကို ပိတ်ထားလိုက်သည်။

စိတ်ထဲမှာတော့ တွေးနေမိသည်။

ဒီနေ့ရော မိုးမခက သူ့ကို မနေ့ကလိုပဲ ဆက်ဆံမှာလား။ ဟိုးအရင်ကလိုပဲ ပြန်ဆက်ဆံမှာလား ဆိုတာကို…

ပြီးတော့ ဆရာ။ ဆရာက သူ့ကို 'သော်က'ဟုသိထားသည် မဟုတ်လား။ ဆရာက နာမည်တော့ ခေါ်လေ့ သိပ်မရှိ။ 'သား' 'သမီး'ဟုသာ ခေါ်တတ်သည်။ သို့သော် တစ်ခါတစ်ရံ လွှတ်ခနဲ ခေါ်မိက ခက်ရချည်ရဲ့။ ဘယ်လိုလုပ်ရပါ့၊ ဆရာ့ကိုသွားပြီး နာမည် ပြောင်းထားတယ်ဆရာလို့ သွားလုပ်ရ ကောင်းမလားဟုပင် စိတ်ပျက် လက်ပျက် တွေးမိသေး၏။

''ဟူး''

သက်ပြင်းမောကြီးကို မှုတ်ထုတ်လိုက်မိ၍ စားသောက်နေသော ကြောင့် ခေတ္တခဏ ပါးစပ်ကို သော်ကအတွက် အလုပ်ပေးမထား ကြသော တင်ထိုက်နှင့်မြင့်ဆောင်က…

''အဲဒီလောက်စိတ်ပင်ပန်းခံမနေပါနဲ့ သော်ကရာ''

''အေးလေ…စိတ်လျှော့ စိတ်လျှော့''

ဘုမသိဘမသိနောက်လိုက်ခြင်းဖြစ်သော်လည်း တိုက်ဆိုင်နေ၍ သော်က ရယ်ချင်သွားရသည်။

''ဘာမှမဟုတ်ပါဘူးကွာ…၊ လော့ဂ်လို့ မြန်မြန်လုပ်၊ ပြီးရင် ဆိုင်မှာပဲ ထိုင်စကားပြောရအောင်''

''အေး…ဟုတ်တယ်''

''ပြီးပါပြီ''

ဒီတစ်ခါပဲ စိတ်လိုလက်ရ ထောက်ခံဖူးသေးသည့် စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ ကျသင့်သမျှရှင်းပြီး ဆိုင်ဘက်ပြန်လာခဲ့ကြသည်။ ဆိုင်ရောက်သောအခါ မေမေနှင့် ခဏစကားပြောကြသေးသည်။ ပြီး…နာရီကို ကြည့်ကာ ပြန်သွားကြတော့၏။

နှစ်နာရီကျော်နေပြီလေ။

ဈေးနှင့်သင်တန်းက နီးနီးလေးမို့ သော်က နှစ်နာရီခွဲမှသာ ထွက်လေ့ရှိသည်။ ဒီနေ့တော့ တင်ထိုက်နှင့်မြင့်ဆောင် ပြန်သွားကတည်းက ဖင်တကြွကြွဖြစ်နေမိ၏။ ထို့ကြောင့် နှစ်နာရီမခွဲမီမှာပင် ဆိုင်က ထွက်လာခဲ့လိုက်တော့၏။

ဈေးနောက်ဘက်က အထွက်မှာပင် ပွင့်သီတို့နှစ်ယောက်နှင့် တိုး၏။ ဟိုနှစ်ယောက်က ဈေးထဲကပင် ထွက်လာပုံရ၏။ လက်ထဲမှာ အထုပ်တွေ အပိုးတွေနှင့်။

"အဟဲ…ကိုသော်က"

နှစ်ယောက်သား သွားဖြဲလေးတွေနှင့် နှုတ်ဆက်သည်။ လူကိုများ 'ကိုသော်က'တဲ့။ သော်ကဖြင့် သော်ကပေါ့။ ရွယ်တူချင်းကို လာလေးစားနေရသေးသည်။

"အဲ…ကျွန်တော့်နာမည် သော်ကမဟုတ်ဘူး အစ်မလေးတို့ရဲ့"

"ဘာ"

နှစ်ယောက်စလုံး ချာခနဲလှည့်ကြည့်ကြ၏။ လေသံကလည်း မာ၏။ ပြီးမှ…

"ဘာအစ်မလေးလဲ"

သဇင်က ရန်တွေ့၏။

"အဲ…မဟုတ်ပါဘူး။ ခင်ဗျားက 'ကို'တပ်ခေါ်တော့ ကျွန်တော်ကလည်း လေးစားသမှုနဲ့"

အမှန်ကတော့ ဘာလေးစားသမှုမှ မပါပါ။ အမြင်ကတ်ကတ်နှင့် ပြန်ပြောလိုက်ခြင်းဖြစ်၏။

"တော်…လာမလေးစားနဲ့၊ ခင်ဗျားကိုလည်း မလေးစားတော့ဘူး။ ဒါနဲ့ နေပါဦး"

"ဟုတ်ကဲ့ နေပါတယ်၊ ပစ္စည်းကူသယ်ပေးဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး…ရှင် ခုနက ပြောလိုက်တယ်လေ၊ ရှင့်နာမည် သော်ကမဟုတ်ဘူးလို့"

"ဟုတ်တယ်လေ"

"သော်က မဟုတ်ရင် ရှင့်ကို ဆရာက မနေ့က သော်ကလို့ မိတ်ဆက်ပေးတော့ ဘာလို့ငြိမ်နေတာလဲ"

မေးခွန်းတွေက စက်သေနတ်ထက်ပင် မြန်ဦးမည်။ အတော်လည်း သွက်ကြပုံရ၏။

"အဲဒါက ဆရာ့ကို အားနာလို့"

ပေါက်သည့်နဖူး မထူးတော့သည်မို့ ဆက်လိမ့်ရတော့၏။

"ဘာအားနာတာလဲ"

"ဆရာက ကျွန်တော့်ကို ကျွန်တော့်သူငယ်ချင်းနဲ့ ခဏခဏမှား ခေါ်တတ်တယ်၊ ဒါကြောင့်ပါ၊ နောက်မှဆရာ့ကို သေချာရှင်းရဦးမယ်"

"အဲဒီလိုလား"

"အဲဒီလို…"

"အဲဒီလိုဆိုလည်း ရှင့်နာမည် ပြောလေ"

ပွင့်သီက ဝင်မေးခြင်းဖြစ်သည်။

"ကျွန်တော့်နာမည်လား၊ ကံကောင်းတဲ့"

"ပြန်ပေါင်း မဟုတ်ရင် ပြီးတာပါပဲ"

သဇင်က ဝင်နောက်ပြန်၏။ ပြီး… သူတို့နှစ်ယောက်သား မုန့်ဆိုင်ဝင်ကာ မုန့်ဝယ်ကြသဖြင့် သော်က ထားခဲ့လိုက်၏။

သင်တန်းရောက်တော့ မိုးမခက ရောက်နေပြီ။ မိုးမခအပြင် နောက်ထပ် ကောင်လေးတစ်ယောက်ကိုလည်း ခုံထပ်တိုးထားသည့် နေရာတွင် တွေ့လိုက်ရ၏။

"ဟော…ကံကောင်း၊ ရော့…ဒီမှာ"

မိုးမခက ဆီးကြိုနှုတ်ဆက်ကာ သူ့စာအုပ်ကို လှမ်းပေးလေ၏ ပြီးမှ ဆက်ပြောသည်။

"ဒါ…အသစ်၊ သူ့နာမည်က 'လွင်နိုင်ဦး' တဲ့ ပါးဆီကတောင်း ပြီးသွားပြီ၊ နင်ပဲ အဲဒါတွေ ရှင်းပြလိုက်တော့ဟာနော်"



www.burmeseclassic.com

www.burmeseclassic.com


မနေ့ကထက်စာလျှင် မိုးမခ၏ဆက်ဆံရေးက ပိုပင်တိုးလာသည်။ 'နှင်' 'ငါ'ဟုပင် ရင်းနှီးသူများပမာ ပြောနေပြီမဟုတ်လား။

လွင်နိုင်ဦးဆိုသော အသစ်ရောက်သည့်သူက အရပ်ရှည်ကိုင်းကိုင်းနှင့် ဖြစ်၏။ ခုံကလေးမှာ သူထိုင်နေပုံက သစ်ကုလားအုပ်ကြီး ဝင်ထိုင်နေသလား မှတ်ရသည်။ သို့သော် ထူးခြားသည်က သူတစ်ခါ အကြမ်းဖျင်းပြောရုံနှင့် ဂဃဏန နားလည်သွားနိုင်သည့် ထက်မြက်သော ဉာဏ်ရည် ရှိနေခြင်းဖြစ်သည်။

တစ်နေ့တစ်ယောက်နှုန်း ဒီလိုသာတိုးနေလျှင် ခက်ရချည့်ဟုလည်း သော်က တွေးနေမိသေးသည်။ ထိုစဉ်မှာပင်....

"အဆင်ပြေလား"

"ဟုတ်"

"......"

ဘယ်သူ့ကို မေးလိုက်လဲမသိ၍ အဖြစ်နိုင်ဆုံး လွင်နိုင်ဦးကသာ ဖြေပြီး ကျန်နှစ်ယောက်က ငြိမ်နေမိသည်။ ဆရာက...

"ပြေရင် ပြီးတာပဲ အားလုံးကိုလည်း ပြောထားပါမယ်၊ ဒီတစ်ယောက်အသစ်ရောက်တာ နောက်ဆုံးပါပဲလို့"

ဆရာက ဟာသနှောကာ ပြော၏။

"နောက်မဆုံးလို့ မရတော့ဘူးလေ၊ ဆရာ့အခန်းက ဒီလောက်ပဲ ဆန့်တယ်၊ ဒါတောင်မှ သားတစ်ယောက်၊ သမီးသုံးယောက်ဖြစ်နေလို့ ဒီကောင်ကြီးကို သနားတာနဲ့"

ဆရာ့စကားကြောင့် ရယ်မိကြသည်။

ဒီနေ့တော့ သော်ကနှင့်လွင်နိုင်ဦးက တစ်ခုံ၊ ပွင့်သီနှင့်သဇင်ကတစ်ခုံ မိုးမခက တစ်ယောက်တည်း တစ်ခုံထိုင်ကြရသည်။ ထို့ကြောင့် မိုးမခနှင့် သင်တန်းပြီးချိန်ထိ စကားမပြောဖြစ်ကြ။

စက်ချိန်ကျတော့မှ သင်ပေးမည့်သူက သုံးယောက်တည်းမို့ ပွင့်သီနှင့်သဇင်တို့အတွဲကို ဝတ်မှုန်က ပြပေးသည်။ မိုးမခက သော်ကနှင့်လာတွဲကာ ကိုမင်းသော်ကို လှမ်းခေါ်သဖြင့် ရှိုးပေနှင့်လွင်နိုင်ဦးတို့ နှစ်ပါးသွားရတော့သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကံကောင်း။ စဥ်းစားပြီးပြီလား"

"ဘာလဲဟင်"

"ဟင်…ငါပြောထားတဲ့ ကိစ္စလေဟာ"

ထိုစကားကြောင့် ကိုမင်းသော်က ရယ်၏။ ပြီး…

"အဖြေကောင်းတာ အဲဒီလိုမတောင်းရဘူးလေ၊ ယောကျ်ား ဆိုတော့ အချိန်ယူစဥ်းစားမှာပေါ့"

"ဟာ"

ကိုမင်းသော်စကားကြောင့် မိုးမခ ရှက်သွားပုံရသည်။ သော်က လည်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားရ၏။ ကိုမင်းသော်ကိုပဲ ဟန့်ရတော့မလို။ မိုးမခကိုပဲ တောင်းပန်ရတော့မလိုနှင့်။

စကားက ထိုမျှနှင့် ပြတ်သွားကြပြီး အလုပ်ကိုသာ အာရုံစိုက် လိုက်ကြသည်။ သင်တန်းပြီး၍ ဆင်းလာတော့ မိုးမခက သူ့ကို မစောင့်။ လှည့်လည်းမကြည့်ဘဲ ဆင်းချသွား၍ နောက်က အမြန်လိုက်ရတော့ သည်။

"မိုးမခ"

"……"

"မိုးမခ"

"……"

"မိုးမခ"

"ဘာလဲ၊ လမ်းမှာ ငါ့နာမည်ကို ကြော်ငြာမနေနဲ့ ကံကောင်း ပေမယ့် စိတ်ထားမကောင်းတဲ့ကောင်ရဲ့"

သော်က မိုးမခ၏ မျက်စောင်းလှလှ၊ နှုတ်ခမ်းစူစူလေးများ ကို ကြည့်ကာ ရယ်ချင်သွား၏။ သို့သော် ထိန်းထားလိုက်ရသည်။

"မဟုတ်ပါဘူးဟာ၊ ရုတ်တရက်ဆိုတော့ ဘာကို မေးမှန်းမသိ ဘူးပေါ့"

"ခုကော သိပြီမို့လို့လား"

"သိပြီ"

"သိရင်ပြော"

www.burmeseclassic.com



"ကွန်ပျူတာကျင့်ဖို့လေ၊ အခေါ်အိမ်မှာဆိုတော့"

မိုးမခက ဒုတိယအကြိမ်မျက်စောင်းထိုးလိုက်၏။ ပြီး...

"တစ်ခါမှ မကြားဖူးဘူး။ ကိုယ်ကလည်းခေါ်ရသေး ပင့်လည်းနေရသေးဆိုတာမျိုး။ နင်မကျင့်ချင်နေ ငါပွင့်သီတို့အတွဲကိုပဲ ခေါ်လိုက်တော့မယ်"

သော်က မျက်နှာချိုသွေးရတော့၏။

"အဲလိုမဟုတ်ပါဘူးဟာ အားနာလို့ပါ"

"ဘာမှ အားနာစရာမလိုဘူး၊ သူ့အိမ်မှာ ကွန်ပျူတာနှစ်လုံးညဘက်မှကိုင်ကြတာ၊ နေ့ဆို အားနေရော"

"အေးလေ သွားကြတာပေါ့... ဘယ်တော့လဲ၊ ဘယ်မှာလဲပြောပါဦး"

"ဒါများ ပဲများနေတယ်၊ ငါစီစဉ်ထားလိုက်ပါ့မယ်၊ ဘယ်မှာလဲဆိုတော့ မိုးလင်းအောင်ကျော်လမ်းမှာ"

ပြန်အဆင်ပြေသွားကြ၏။

"နင်ပြန်မှာလား"

"အင်း...ဒါပေမဲ့.."

"ဘာ ဒါပေမဲ့လဲ"

"ငါ့အမေ ဈေးကစောင့်နေလိမ့်မယ်၊ အဲဒီကို ပြန်ရမှာ"

"ဈေး"

သူမမျက်လုံးကလေး စောင့်ကပ်ကာပြန်မေးခြင်းဖြစ်သည်။

"ဟုတ်တယ်"

"စီဗိုလ်ချုပ်ဈေးလား"

"အင်း"

"ဘာရောင်းလဲ"

"ရွှေလက်ဝတ်လက်စား"

ပြောပြီးမှ စိန်တစ်ပွင့်နှင့် (1)ပုံစံ လော့ကက်ကလေးကိုသွားသတိရကာ နှုတ်က ဆွံ့သွားရသည်။ လော့ကက်ကလေးကသော်က ရှပ်အကျီအတွင်းဘက်မှာ ဆွဲလျက်သားရှိနေသည် မဟုတ်ပါ

www.burmeseclassic.com



လား။

မိုးမခက မျက်မှောင်ကြုတ်ကာ . . .

"နင်က စတိုးဆိုင်မဟုတ်ဘူးလား။ လက်ကောက်တွေမှာတာလေ"

"အင်း...အဲ...အဲဒါက အိမ်နားမှာဖွင့်တာ၊ ခုဟာက ဈေးမှာ"

မတတ်နိုင်တော့၊ မီးစင်ကြည့်ကရတော့၏။

မိုးမခကတော့...

"ဟာ ဒါဆို ကောင်းလိုက်တာ၊ အတော်ပဲ ငါလာခဲ့မယ် ဆိုင်လိပ်စာပြောထား"

ဆိုင်လိပ်စာပေးလိုက်၏။

"နင်က ဘာလုပ်မှာလဲ"

မိုးမခက တစ်မျိုးကလေးပြုံး၏။ ပြီးမှ...

"အင်္ဂလိပ်ကဏန်း (တစ်) ONE ပေါ့ဟာ၊ အဲဒီပုံလေးအပ်မလို့ ဟို...စိန်တစ်ပွင့်နဲ့လေ"

သော်က မင်သက်သွားရတော့သည်။ သူမကတော့ ဘာမှမသိသလိုပင်။ သူ့မှာသာ ဆွဲကြိုးလေးကိုစမ်းကာ မိုးမခကို အားအနာကြီးနာနေမိတော့သည်။

ကံကြမ္မာကတော့ သော်ကကို လှည့်စားနေလေပြီလား။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



[၆]

"ကံကောင်း"

"ဘာလဲ"

"ဒီနေ့ နင်ပြန်ရင် နင့်ဆိုင်လိုက်မယ် သိလား"

ဒီကနေ့ စက်ချိန်တစ်ချိန်တည်းရှိကာ မနက်(၁၀)နာရီမှ (၁၂)နာရီဖြစ်၍ သော်က ဈေးသို့ပြန်ရမည်ဖြစ်သည်။

"ရတယ်လေ"

ပြောပြီးမှ သော်က သတိရကာ…

"အဲ…ဒါပေမဲ့ နေဦး"

"ဘာဖြစ်ရပြန်တာလဲဟ"

"နင်လိုချင်တဲ့ပုံ ငါတို့ဆိုင်မှာ မရှိဘူးနော်"

"ထင်ပြီးသားပါ ငါအပ်မယ်လေ၊ အဲဒါတစ်ခုတည်းမဟုတ်ဘူး ထားပါ…ဟိုကျမှပြောမယ်"

စကားစကို ဖြတ်လိုက်ကာ ကိုယ့်အလုပ်ကိုယ်ပြန်အာရုံစိုက်ထားလိုက်ကြသည်။ သင်တန်းချိန်ပြီးမှ…

"လာ….သွားကြစို့"

"ကံကောင်း…ဘယ်လဲ"

ပွင့်သီက လှမ်းမေးခြင်းဖြစ်၏။

"ဈေး…လိုက်မလား"

"ဟိုတစ်ပတ်ကပဲ ရောက်ပြီးပြီ တော်ပါပြီ"

ခုတော့လည်း ရှိသည့် လူလေး(ငါး)ယောက်သည် ခင်တော်ပင်ရင်းနှီးနေကြပြီ။ အားလုံးကလည်း သော်ကကို 'ကံကောင်း'ဟုပင်ခေါ်ကြသဖြင့် ဆရာကပင်…



www.burmeseclassic.com

www.burmeseclassic.com



'အိုဘယ့် မောင်ကံကောင်း'ဟု နောက်ခေါ်သလို ခေါ်ရင်း နောက်ပိုင်း အတည့်လိုပင် ဖြစ်သွားပြီ။ စာမေးစရာရှိလျှင်ပင်...

'အိုဘယ့် မောင်ကံကောင်း မေးပါဦး'တဲ့...။

လွင်နိုင်ဦးကလည်း သူ့စိတ်ဝင်စားမှုက တခြားမို့ သင်တန်းပြီးတာနှင့် လစ်တော့သည်။ သူစိတ်ဝင်စားသည်က အီလက်ထရောနစ်ဆိုင်ရာများဖြစ်၏။

"ပွင့်သီတို့ဈေးရောက်ရင် နင်တို့ဆိုင်ဝင်လား ကံကောင်း"

"ဟင်...ဝင်ရအောင် ဈေးထဲငါ့ဆိုင်ရှိမှန်းတောင် သူတို့မှ မသိတာ"

"ဟုတ်လား"

"ဒါနဲ့"

"ဘာလဲ"

"နင် နင့်သူငယ်ချင်း နွေနွေနဲ့ မတွေ့ဘူးလား"

"တွေ့တယ်ဟ တွေ့တယ်၊ မနေ့...အဲ...တစ်နေ့က"

သော်က ရင်ထိတ်သွား၏။

"ဘာပြောသေးလဲ"

"ဘာပြောရမှာလဲဟ"

"ဟိုလေ...ဟိုဟာ"

"ဘာလဲ ဘာဟိုဟာလဲ"

မိုးမခက စိတ်မရှည်သလိုမေး၏။

"ငါတို့သင်တန်းအတွေ့အကြုံတွေ မမေးဘူးလားလို့မေးတာပါ"

"မေးတာတော့ မဟုတ်ဘူး၊ ပြောတော့ ပြောဖြစ်တယ်၊ နွေနွေက ပြောတယ်"

"အင်း...ဘာတဲ့လဲ"

"သူလက်ကောက်ဝယ်ပေးတဲ့ဆိုင်က သူငယ်ချင်းက ကံကောင်း မဟုတ်ပါဘူးတဲ့"

မိုးမခက ဘာမှမဖြစ်သလို အေးအေးဆေးဆေးပြောနိုင်တာပင်။ သော်ကမှာတော့ ရင်ထဲမှာ ဖုံးတစ်လုံးပေါက်ကွဲသွားသည့်ထက်ပင်

ကြော့ရှင်းကောင်းဆောင်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွားဏ်။

သို့သော် မျက်နှာကို မပျက်အောင်မနည်းတင်းထားလိုက်ရင်း

"ဘယ်သူတဲ့လဲ"

"အုံ့ကျော်တဲ့"

"ဟဲ…ဟဲ ရုပ်ရှင်မင်းသားလား"

"နှင်မနောက်နဲ့"

သော်ကာပါးစပ်ကို ပိတ်ကာ အပြေးအလွှားစဉ်းစားလိုက်သည်။ ပြီးမှ…

"အဲဒီကောင်နာမည်က အုံ့ကျော်တဲ့လား"

"အဲဒါဘာဖြစ်တာလဲ ငါမေးတာအရင်ဖြေပါ"

မိုးမခက ခုမှ မရမကမေးလာ၏။

"ဪ…အဲဒီနေ့က ဒီအောက်မှာ ယောင်လည်လည်နဲ့ သူငယ်ချင်း လာရှာတာဆိုပြီး ငါ့ကို လာမေးတယ်လေ"

"အုံ့ကျော်လား"

"အင်းပေါ့…အဲဒါနဲ့ ငါက သင်တန်းစခါနီးမှလာခဲ့ အဲဒီတော့မှ လူစုံမှာလို့ ပြောတာ"

"အဲဒီတော့"

"အဲဒီတော့ သူက မအားလို့ မစောင့်နိုင်ဘူးတဲ့ ထားခဲ့ချင်တာရှိတယ်၊ ပေးပေးမလားဆိုပြီး လက်ကောက်တွေ ငါ့ကို ပေးခဲ့တာပဲ"

မိုးမခက သော်ကာစကားကို နားထောင်ကာ ခေါင်းညိတ်၏။ ပြီးမှ…

"အဲဒါများ စောစောတည်းကပြောပါလား။ ငါက 'ကံကောင်း' လားဆိုတော့ ဘာလို့ ဟုတ်တယ်/မဟုတ်ဘူး ချက်ချင်းမဖြေတာလဲ ဆိုတာ ငါ ခုမှ သိတော့တယ်၊ တော်သေးတယ် နှင့်နာမည်က 'ကံကောင်း'ဖြစ်နေတာမို့လို့ မဟုတ်ရင် ရယ်စရာကြီးနေမှာ"

"အဟဲ…အေး….ဟဲဟဲ ဟုတ်တယ်နော်"

ဘာတွေဖြစ်မှန်းကိုမသိ၊ ဇာတ်ရှုပ်ကို သော်က ရှုံ့နေမိလေပြီ။ အလိမ်ပေါ်လို့က သက်သာလိမ့်မည်မဟုတ်ချေ။ မိုးမခကတော့ ခုထိ

www.burmeseclassic.com



ပကာတိရိုးသားပုံလေးပင်။ သူ့ကိုလည်း အတော်ခင်မင်ယုံကြည်ပုံရသည်။

သူစဉ်းစားမရသည်က သူမ ဘာဖြစ်လို့ 'သော်က' ဆိုသည့် အမုန်းဆုံးလူတစ်ယောက်ကို မေ့ထားပြီး 'ကံကောင်း' ဟု သူ့ကို ထင်နေသလဲဆိုတာ။

တကယ်တော့ မိုးမခသာ သေသေချာချာ အမှတ်သညာ ကောင်းသူဆိုလျှင် ဒီဇာတ်က ပြတ်နေပြီ။

စကတည်းက 'သော်က' ပါလို့ ဖြေခဲ့လျက် သူမဘာသာ အတင်း 'ကံကောင်း' လုပ်ခဲ့လို့ သော်ကပါ ရောယောင်ကာ 'ကံကောင်း' ခဲ့တာ။ ခုကျတော့ 'ကံကောင်း' မဟုတ်ပြန်။ အံ့ကျော်တဲ့။

ဒီတော့လည်း သော်က ခပ်တည်တည်ဆက်လိုမ့်တော့ ယုံတာပင်။ မိုးမခသည် သူမမိခင်ပြောသလိုပင် ကောင်းချင်လျှင် အလွန် ကောင်းနေတတ်သော ခင်မင်စရာကောင်မလေးတစ်ယောက် ဖြစ်နေတာ အမှန်။

သော်က အတွေးတွေနှင့် တိတ်ဆိတ်နေမိသည်။

"ဟဲ့ မကြားပြန်ဘူးလား"

"အဲ"

"လုပ်ပြန်ပြီ နင့်ကိုယ်နှင် Philosopher များမှတ်နေသလား အားနေ တွေးနေတာပဲ"

"မဟုတ်ပါဘူးဟာ ကဲပြော နင်ဘာပြောလိုက်တာလဲ"

"နင်တို့ဆိုင်ကဟာတွေ တစ်ခုမှမဝယ်ဘဲနဲ့ ငါလိုချင်တဲ့ပုံရှုပ်အဲ အပ်ရင် ရပ့်မလား။ ငါနားမလည်လို့မေးတာနော်၊ အရင်ကဆို ငါဘာလို ချင်ချင် ဖေဖေပဲ လုပ်ပေးတာ"

"ခုကော"

"ခုလား ဖေဖေကို ခိုင်းထားတာကြာလှပြီ အဲဒီ (ONE)လေး က ရမှမရသေးတာ"

သော်ကစိတ်ထဲ တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။ သူမ ဘာမှမမှတ်မိဘူးလား။ 'သော်က' ဆိုသော 'သူ' နှင့်အတူ သူကျင်လည် ခဲ့ရာ ပတ်ဝန်းကျင်နှင့် အဖြစ်အပျက်တွေကို ဘာတစ်ခုမှ ရှာမမိတော့

www.burmeseclassic.com



ဘူးတဲ့လား။

"နှင့်ဆီမှာ အဲဒီလိုလော့ကက်လေးတစ်ခါမှ မရှိခဲ့ဖူးဘူးလားဟင် မိုးမခ"

"ဟင့်အင်း မရှိလို့ လုပ်ခိုင်းတာပေါ့"

"ဘာဖြစ်လို့ အဲဒီပုံမှ လိုချင်တာလဲဟင်"

"ဟာ…အရေးထဲ စိစစ်စစ်ဆေးနေလိုက်တာ"

မိုးမခ စိတ်မရှည်သလိုညည်း၏။ ပြီးမှ…

"ငါက တစ်ရက်၊ တစ်လပိုင်းမှာမွေးတာ၊ ဒါကြောင့် တစ်ဂဏန်းသမားမို့"

"နှင့်ကျောင်းက ခုံနံပါတ်ကကော"

"အဲ…"

မိုးမခ တစ်ချက်မျက်မှောင်ကြုတ်လိုက်ကာ သူ့လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်၏။ ပြန်ထွက်လာတော့ ကျောင်းသားကတ်တစ်ခုက လက်ထဲမှာ။

"နှစ်…ဟ"

နှာခေါင်းလေးရှုံ့ကာပြော၏။ ပြီး… သော်ကကို ခေါင်းလေးခါပြကာ

" 'နှစ်'ပုံတော့ မလိုချင်ပါဘူးဟာ ကြိုက်လည်းမကြိုက်ဘူးဟ"

"အေးပါ ငါကြုံလို့မေးတာပါ၊ အဲ…ဒါနဲ့ နင်တို့ ငါတို့ရဲ့ **Roll One** ကဘယ်သူလဲ နင်သိလား"

"မသိပါဘူးဟာ"

သော်က တစ်ချက်တစ်ချက်တွေပြီး စဉ်းစားနေရတာ သော်က အပြစ်မဟုတ်မှန်း (မိုးမခသာ ဒီအဖြစ်အပျက်တွေကိုသိလျှင်) နားလည်ပေးလိမ့်မည် ထင်သည်။

ပထမဆုံးပြေလည်ခဲ့ကြသည့်နေ့က ကျောင်းအကြောင်းတွေ ပြောဖြစ်ခဲ့စဉ်ကတည်းက သော်က သတိထားမိသည်။ မိုးမခနှင့်အဆင် ပြေပြေပြောနေရသော်လည်း အပေါ်ယံမျှသာ။ သင်ခန်းစာချို့ကိုသာ မိုးမခ ပြောနိုင်လျက် ကိုယ့်စာသင်ခန်းနံပါတ်ပင် ပြောနိုင်စွမ်းမရှိခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိသည်။

ဒါဟာ အတိတ်မေ့ခြင်းလား။ ဒါ...သော်က ပထမဆုံးတွေးမိခြင်းဖြစ်သည်။ ဖြစ်တော့မဖြစ်နိုင်ဟုလည်း သူ့ဉာဏ်မီသလောက်နှင့် စဉ်းစားမိသည်။ ခု မိုးမခ မေ့နေပုံက သော်က တစ်ဦးတည်းကိုသာ မေ့နေပုံ။ နွေနွေတို့ မြတ်နိုးနှင့်ကျ အဆင်ကိုပြေလို့။

"စျေးရောက်ရင် နင် မုန့်ကျွေးမှာလား"

ဒီတစ်ခါတော့ သော်က မကြားလိုက်မဖြစ်တော့။

"ရပါတယ်ဟ နင်စားချင်တာပြော ငါမှာပေးမယ်"

"အလကားပြောတာပါဟာ"

"အလကားပြောမနေနဲ့၊ ဟိုမှာ ငါတို့ဆိုင်ရောက်ပြီ"

ဆိုင်ပေါ်မှာထိုင်နေသော မေမေက သော်ကတို့ကို အံ့သြတန်လေးတစ်ဝက်နှင့် လှမ်းကြိုနှုတ်ဆက်၏။

"ဟော...သား၊ ညည်းသည်ပါလာတာကိုး"

"ညည်းသည်မဟုတ်ဘူး မေမေ Customer...Customer"

သော်ကစကားကြောင့် မေမေက မိုးမခဘက်လှည့်ကာ

"သမီးက ဘာလိုချင်တာလဲ"

မိုးမခက သော်ကအမေ၏ အမေးကို အဖြေရခက်ဟန်ဖြင့် သော်ကဘက်လှည့်ကာ စစ်ကူတောင်း၏။

"နင်ပြောလိုက်လေ"

သူတို့နှစ်ယောက်ကို ကြည့်ကာ မေမေက တစ်မျိုးပြုံး၏။ သော်က မပြင်ချင်ယောင်ဆောင်လိုက်ကာ...

"ဒီလိုမေမေ သူက လော့ကက်အပ်ချင်တာ"

"လက်စွပ်ရောပဲ"

မိုးမခက ဝင်ဖြည့်စွက်ပေး၏။

"ဘယ်လိုလော့ကက်မျိုးလဲ၊ ရတယ် အန်တီတို့ ပန်းထိမ်မှာပဲ အပ်ပေးမယ်"

"ဒီလိုအန်တီ အင်္ဂလိပ်ဂဏန်း '1' ပုံစံလေး ခေါင်းထိပ်မှာ စိန်တစ်ပွင့်ထည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမခစကားကြောင့် မေမေမျက်လုံးပြူးကာ သားဖြစ်သူ သော်တာကို ကြည့်၏။ သော်တာက မေမေ့ကို 'ဘာမှမပြောနဲ့အသာနေ' ဆိုသောပုံနှင့် မျက်ရိပ်ပြလိုက်မှ…

"ရပါတယ် သမီးရဲ့ သေသေချာချာဒီဇိုင်းလှလှလေး လုပ်ပေးမယ်၊ လက်စွပ်ကရော…"

"အဲလက်စွပ်က ငါးကွင်းအနန်တီ၊ အဲဒီငါးကွင်းကို တဆက်တည်း ကြိုးဆက်နဲ့လုပ်မယ်"

"ဘယ်လို"

"နင့်ဟာက ပြန်ပြောပါဦး"

မေမေရော သော်တာပါ တစ်ပြိုင်တည်း မေးမိကြသဖြင့် ရယ်ရသေးသည်။

"ရွှေနဲ့ချည်းလုပ်မှာ…လက်ငါးချောင်းအတွက် ငါးကွင်း။ အဲဒီငါးကွင်းကို လက်ကားဖြန့်လို့ရတဲ့အနေလောက် Chain လေးတွေနဲ့ တွဲဆက်ထားမယ်"

"ဟုတ်ပြီ လက်စွပ်က ပြောင်လား၊ ကျောက်ပါဦးမှာလား"

မေမေက နားလည်သွားဟန်ဖြင့် ဆက်မေးသဖြင့်

"ကျောက်တော့မပါဘူး အနန်တီ၊ ပြောင်ကွင်းတော့လည်း မဟုတ်ဘူး။ လက်မကွင်းမှာ အင်္ဂလိပ်အက္ခရာ 'T' ပုံထည့်မယ်၊ လက်ညှိုးမှာ 'P' က၊ လက်ခလယ်မှာက 'J'၊ လက်သူကြွယ်မှာက 'R'၊ လက်သန်းမှာက 'S' အဲဒီလို"

"နေပါဦး ခေါ်မိုးမခရယ်၊ ကျွန်တော်စာနဲ့မှတ်ပါ့မယ်"

လွှတ်ခနဲ ထွက်သွားသော 'မိုးမခ'ဆိုသည့်နာမည်ကြောင့် မေမေ သော်တာကို ကြည့်၏။ သော်တာက ရယ်ပြလိုက်တော့ မေမေက မျက်စောင်းထိုးသည်။ ဘာမှတော့မပြော။ သော်တာက ဘောလ်ပင်နှင့် စာရွက်ကို ထုတ်လိုက်ရင်း…

"ကဲ…ပြော"

"အင်း…လက်မမှာက T, လက်ညှိုးမှာက P, လက်ခလယ်မှာ က J, လက်သူကြွယ်မှာက R, လက်သန်းမှာက S, ဒါ…ရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ"

ဘာတွေလဲမသိဘူးဟု တွေးမိသော်လည်း မမေးဖြစ်တော့။ နောက်ကြုံမှ မေးတော့မည်ဟုပဲ တေးထားလိုက်၏။

မိုးမခက သူ့ကိစ္စကို မေမေနှင့်ဆက်ဆွေးနွေး၏။ ခန့်မှန်းခြေ ရွှေချိန်က ဘယ်လောက်၊ ဘယ်နှစ်ရက်ကြာမယ်၊ ရွှေက ဈေးဘယ်ဈေး စသဖြင့် တခြားကလည်း လေပေးဖြောင့်နေကြ၏။

အတော်ကြာမှ...

"ငါပြန်တော့မယ်"

"ဘာနဲ့ပြန်မှာလဲ"

"တက္ကစီနဲ့ပေါ့ဟာ"

"လာ...ငါလိုက်ငှားပေးမယ်"

ပြောပြောဆိုဆို ထလိုက်သွားသဖြင့် မေမေက မချိမချဉ် ပြုံး၏။ မိုးမခကို ဈေးရှေ့မှာ ကားငှားတင်ပေးလိုက်ပြီး ပြန်လာတော့ မေမေက...

"လာပါဦး မေ့သားချောရယ်"

မေမေ့လေသံက ငေါ့တော့တော့။

"ဟုတ် မေမေ"

"ဘယ်လိုဖြစ်တာလဲ၊ ကောင်မလေးလော့ကက်ကို ပြန်ပေးပါ ဆိုတာ မပေးဘူး။ ခု သူ့အသစ်လုပ်ရပြီ၊ လုပ်တော့လည်း မေမေတို့ ဆိုင်မှာ၊ ကောင်းပါ့မလား သားရယ်"

"ဒါတော့ သားလည်းမတတ်နိုင်ဘူးမေမေ"

"ဟဲ့ ဘာမတတ်နိုင်စရာရှိလဲ၊ ကိုယ်က ပေးစရာရှိတာပေးပေါ့ ခု သားနဲ့ကောင်မလေးက ပြေလည်နေပြီပဲ"

သော်က ခေါင်းကို ခါမိ၏။

"ဘာခေါင်းခါတာလဲ သားရဲ့"

"ပြေလည်တာက တကယ်လား ဘာလား မသိဘူးမေမေ"

"ဟင်...ဖြစ်မှဖြစ်ရလေ၊ ပြေလည်တာတောင် တကယ်လား အလကားလားဆိုတော့ မေမေတော့ နားမလည်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သော်က တစ်ချက်စဉ်းစားလိုက်သည်။ ပြီး…

"မထူးပါဘူးမေမေရယ်၊ မေမေက သားအမေအရင်းကြီးပဲ"

"မြတ်စွာဘုရား ဒါက ဘာဖြစ်တာလဲ"

"ဩော်…သား မေမေ့ကို သေချာရှင်းပြတော့မယ်လို့ ပြောမလို့ပါ"

မေမေက ရယ်၏။ ပြီး…သော်ကတို့သားအမိ အမေးတွေအဖြေတွေ လုပ်ကြသည်။ ဇာတ်ရည်လည်သည်အထိ။

"ဒါဆို သူကလေးက သားတစ်ယောက်တည်းကိုပဲ ကွက်မေ့နေတာလား"

"လောလောဆယ်တော့ အဲဒီလိုဖြစ်နေတယ် မေမေ"

"မေမေတော့ တစ်ခါမှ မကြားဖူးပါဘူး သားရယ်၊ မေ့ရင်လည်း အကုန်မေ့ပေါ့၊ ဟိုရုပ်ရှင်တွေထဲက အတိတ်မေ့တယ်ဆိုတာမျိုး"

မေမေရော သော်ကပါ ရယ်ဖြစ်ကြ၏။ ပြီးမှ မေမေက မျက်နှာကို ပြန်တည်ကာ…

"ဘာပဲဖြစ်ဖြစ် သား ခု စိတ်ချမ်းသာတယ် မဟုတ်လား"

"ဟာ မေမေကလဲ…"

မေမေက တစ်ခါတစ်ခါ ဒီလိုပဲအတည်ပေါက်နှင့် နောက်တတ်၏။

"ဒီ့ထက်ပိုပြီး စိတ်ချမ်းသာချင်သလား"

"ဘာဖြစ်လို့လဲ မေမေ"

"သားသူငယ်ချင်းကို သား ခင်တယ်ဆိုရင်ပေါ့"

"ပြောပါ မေမေ"

"သူ ဘာဖြစ်နေတယ်ဆိုတာသိရအောင် သားအရင်လေ့လာစုံစမ်း မေးမြန်းပါ"

"မေးမြန်းစုံစမ်းပြီးတော့"

"သူ ဒီလိုမေ့လျော့တဲ့ ရောဂါတစ်ခုခံစားနေရတယ်ဆိုရင် လိုအပ်တဲ့ဆေးဝါးကုသမှု ခံယူဖို့ပေါ့၊ မေမေနားလည်သလောက် ပြောပြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားဝိုင်းလေး တိတ်သွားဓါ။
သော်ကမှာတော့ အတွေးများစွာနှင့်။

❁❁❁

[၇]

"စောင့်လိုက်ရတာ"

အပြင်က ပြန်လာလာချင်း ဆောင့်ကြီးအောင့်ကြီး ပြောလိုက်သည့်အသံကြောင့် ညွှေ့ခန်းကို ငုံ့ကြည့်မိတော့...

"ဟယ်...နွေနွေ"

"အေးလေ...ရောက်တာ ကစ်နာရီလောက်ရှိတော့မယ်၊ ခဏပါဆိုလို့ စောင့်နေတာ ဘယ်သွားတာလဲ"

"မောရတဲ့အထဲဟာ မဖြေနိုင်သေးဘူး၊ ဒေါ်နုရေ ရေတစ်ခွက်ပေးပါ"

မိုးမခက ဟန်ပန်အပြည့်နှင့် ကုလားထိုင်တွင် ဝင်ထိုင်ရင်းရေပါ မှာနေသဖြင့်...

"ကားနဲ့ ပြန်လာတာ မောသလား"

"မောတာပေါ့ဟ၊ ဟိုမှာစောင့်ရတာ ပိုမောသေး"

"အေးလေ...ဒါကြောင့် ဘယ်သွားတာလဲလို့ မေးနေတာ"

"ဆရာဝန်ဆီ"

"ဆရာဝန်ဆီ...ဟုတ်လား"

နွေနွေက တအံ့တသြသံယောင်လိုက်ဓါ။ ပြီးမှ

"ဟဲ့ ဘာဖြစ်လို့လဲ နေမကောင်းဘူးလား၊ ရှင်ဟာတော့ တစ်စက်ကလေးမှ နေမကောင်းတဲ့ပုံ မပေါက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော မှတ်ချက်လည်းချနေသဖြင့် မိုးမခရယ်မိသည်။

"အလကားပါဟာ၊ ဟိုဦးနှောက်နဲ့အာရုံကြောဆရာဝန်ဆီ သွားရတာလေ"

"ဪ"

"မဪနဲ့ ငါ့မှာတစ်ပတ်တစ်ခါ သူ့ဆီသွားပြီး သူမေးတာတွေ ဖြေနေရတယ်"

"ဘာတွေမေးလဲ"

"ဘယ်လိုနေလဲ၊ ဘာတွေလုပ်ဖြစ်လဲ၊ ဘယ်သူတွေနဲ့ တွေ့လဲ၊ သင်တန်းက သူငယ်ချင်းတွေအကြောင်း ပြောပါဦး၊ အိုး…စုံတကာစေ့ နေတာပဲ"

"ဒါများဟယ်၊ ဘာပင်ပန်းတာလိုက်လို့"

နွေနွေက ရယ်မောနှစ်သိမ့်တော့ မိုးမခက…

"မပင်ပန်းပါဘူး၊ ဒါပေမဲ့ ငါ့ကို ဘာခေါ်ခေါ်လုပ်နေကြတာလဲ ဆိုတာတော့ ငါနားမလည်ဘူး"

"Check-up လုပ်တာပါဟာ၊ ကဲ…ထားပါတော့ တခြားဟာ ပြောရအောင်"

"တခြားဟာ…ဟာ ဟုတ်ပြီ၊ မေ့နေတာ နင့်သူငယ်ချင်း အံ့ကျော်ဆိုတာလေ သင်တန်းမှာ လာစောင့်ရင်း၊ မစောင့်နိုင်လို့ ကံကောင်းကို ပေးခဲ့တာတဲ့၊ ငါက ကံကောင်းကို နင့်သူငယ်ချင်း အံ့ကျော်နဲ့ မှားတာ"

နွေနွေက မျက်မှောင်လေးကြုတ်ကာ…

"လက်ကောက်ဆိုင်က အံ့ကျော်လေ…၊ သွားပေးတာက အံ့ကျော်မှမဟုတ်၊ အဲ…သူပဲနေမှာပါ၊ အဲ အဲဒါဘာဖြစ်လို့လဲ"

"ငါနဲ့ကံကောင်း ပြန်ရှင်းနေကြရလို့"

"ဒါနဲ့ နင်တို့အတန်းထဲမှာ ယောကျ်ားလေးက ဘယ်နှစ်ယောက် လဲ"

"နှစ်ယောက်လေ"

"ကံကောင်းနဲ့ နောက်တစ်ယောက်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အဲဒီ နောက်တစ်ယောက်…"

နောက်ဘက်မှ ဒေါ်နုထွက်လာကာ ရေနွေးအအေးခွက်လာချပေး၍ နွေနွေ့စကား ပြတ်သွားရသည်။

"ဟဲ့ မနွေ့က ငါ ကံကောင်းတို့ဆိုင်ကို ရောက်တယ်သိလား"

"ဘာဆိုင်လဲ"

"ရွှေဆိုင်လေဟာ"

"သြော် နင်ပြောပြောနေတဲ့ လက်စွပ်ကို သွားအပ်တာလား"

"အစစ်ပေါ့"

"အဆင်ပြေလား"

"ပြေပါတယ်"

"ပြေမှပဲ နင်ကိုက စိတ်ကူးကတစ်မျိုး ဘာတွေမှန်းမသိတာကို ကြိုက်တယ်၊ လက်ကောက်ကျတော့ ရွှေကို မနည်းဝတ်ခိုင်းရတယ်၊ စတီးလ်တွေ၊ ကျောက်စိမ်းအတုတွေ၊ ပလတ်စတစ်အကွျတ်တွေ တချွင်ချွင်နဲ့"

"အဲဒါဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ အဲဒီတချွင်ချွင်သံကို ကြိုက်တဲ့သူကလည်း ကြိုက်တယ် အံ့ရော"

နွေနွေ့စကားကြောင့် မိုးမခက မျက်မှောင်လေးကြုတ်ကာ

"ဟဲ့ ဘယ်သူက ကြိုက်နေတာတုန်း"

"နင့် အချစ်တုံးကြီးလေ"

"လာပြီး ပဟေဠိဖွက်မနေနဲ့ ကံကောင်းကတော့ ကြိုက်တာအမှန်ပဲ"

မိုးမခ ပြုံးစစလေးပြောသောကြောင့် နွေနွေ မိုးမခကို သေချာကြည့်ကာ…

"မိုးမ"

"ဘာလဲ"

"နင်လည်း ကံကောင်းကို ပါးစပ်ဖျားက မချေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဖို့ကောင်းတာကိုဟဲ့"

မိုးမခက မခံချင်စရာမျက်နှာပေးလေးနှင့် နွေနွေ့ကို စ၏။

"တော်ပါဟာ"

"မတော်ပါဘူး"

"မတော်ရင်လည်း ပြောစမ်းပါဦး၊ ဘာဖြစ်လို့ နင်က သူ့ကို တွယ်တာနေရတာလဲ"

မိုးမခငြိမ်သွားကာ စဉ်းစားနေ၏။ နွေနွေက စိတ်ရှည်လက်ရှည်နှင့် မိုးမခထံမှထွက်လာမည့်အဖြေကို စောင့်ဆိုင်းနေသည်။ ခဏနေမှ

"သူက ခင်ဖို့ကောင်းတယ်ဟ"

"ဒါပဲ ဘာလို့ခင်ဖို့ကောင်းတာလဲ မေးနေတာ"

"မသိဘူး ခင်စရာကောင်းတယ်၊ ငါ့ကိုလည်း အလိုလိုက်တယ်၊ စကားပြောလို့လည်း ကောင်းတယ်၊ ပြီးတော့... ငါမေ့နေတဲ့စာတွေကိုလည်း ပြန်ရှင်းပြတယ်"

"နင့်ကို စာရှင်းပြတယ်"

"အေးလေ"

"သူက နင့်ထက် တော်လို့လား"

"ထင်တာပဲ"

"ဘုရား ဘုရား၊ နင့်ထက်တော်တယ်လို့ထင်တာ ဒီကမ္ဘာမှာ ကံကောင်းဆိုတဲ့ကောင်ပဲ ရှိဦးမယ်၊ ဒါနဲ့နေပါဦး ကျန်တဲ့လူတွေက မတော်လို့လား"

မိုးမခက မျက်လုံးလေးထောင့်ကပ်ကြည့်ကာ...

"တော်ကြပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကံကောင်းက ပိုတော်တယ်"

"အံမယ်လေး...လေး"

နွေနွေ ရင်ဘတ်ကို ဖိ၏။ ပြီးမှ...

"နင် အဲဒါ ရင်ထဲကအတိုင်း ပြောတာလား၊ ငါ့ကို ရွဲ့တာနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးမခ နွေနွေ့ကိုကြည့်ကာ တခစ်ခစ်ရယ်၏။ ရယ်လျှင်လှသော မိန်းကလေးများထဲမှာ "မိုးမ" ပါတာ နွေနွေသိသည်။ ခုတော့ ခါတိုင်းလို မိုးမခ၏ အရယ်မျက်နှာကို ငေးမနေအား။

"ပြောစမ်းပါ"

"နင့်ကိုရွဲ့တာလည်း ပါတယ်၊ ရင်ထဲကလည်း ပါတယ်၊ ကဲ...နင်ဘာပြောချင်သေးလဲ"

နွေနွေဘာမှမပြောသာတော့။ လာချထားသော အအေးခွက်ကိုသာ ကောက်မော့လိုက်တော့သည်။ ရင်အေးသလောက်ရှိမှ သူ့စကားကို ဆက်၏။

"ဒါနဲ့ နေပါဦး ဒေါ်မိုးမရဲ့"

"အင်း ပြော"

"ကံကောင်းက ချောလို့လား"

"မဆိုးပါဘူး"

"အသားဖြူလား"

"လတ်တယ်"

"ဒီဇိုင်းက"



"အင်း...အကြီအဖြူရောင်တွေ တီရှပ်၊ ရှပ် စသဖြင့်ပေါ့ဟာ အဲဒါတွေကို ပိုးတွဲပုဆိုး အရောင်လွင်လွင်တွေနဲ့ တွဲဝတ်တတ်တယ်"

"ဘုရား ဘုရား"

နွေနွေ ဘုရားတပြန်၏။

"ဟင်...ဘာဖြစ်ရပြန်တာလဲ၊ နင်မေးလို့လည်း ဖြေရသေးတယ်"

"နင် ကံကောင်းကိုများ ကြိုက်နေသလားဟင် မိုးမ၊ ဖြေစမ်းပါဦး"

မိုးမခ ရယ်၏။

"သွားစမ်းပါဟာ၊ အဲဒီလို Observation ကောင်းတဲ့ခေါင်းကို မချီးကျူးဘဲ ဘာတွေ တလွဲဆံပင်ကောင်းနေတာလဲ၊ ကဲ ထားပါတော့ နင့်လာရင်းကိစ္စကို အရင်ပြောဦး"

www.burmeseclassic.com


''ခုမှ မေးသလား''

''အေးလေ ခုမှပဲ နင့်မေးခွန်းတွေက လွတ်တာကိုး''

''Lemon Tea အထုပ်တွေ ဖေဖေဝယ်လာတာအများကြီးပဲ ဘိတ်ကလေ အဲဒါ နင့်ကိုသတိရတာနဲ့ လာပေးတာ''

''ဒါကြောင့် နင့်ကို ချစ်ရတာ''

''သွား...ခွေးမ''

ပြောပြောဆိုဆို နွေနွေ့ကို ထဖက်၍ နွေနွေက မကျေမနပ် ဆဲပါလေတော့သည်။ ပြီး မိုးမခက စပ်ဖြဲဖြဲလေးလုပ်ကာ...

''ကံကောင်းက လက်ဖက်ရည်ကျဆိမ့်သောက်တယ်ဟ''

''ပိုပြမနေနဲ့ ယောကျ်ားလေးတိုင်းသောက်တယ်၊ တော်ပြီ ငါပြန်တော့မယ် ခုလောက်ရှိ ငါ့အမေ မျှော်တော့မယ်''

နွေနွေက ထိုင်ရာမှထကာ ပြန်ရန်ပြင်၏။

''ပြန်ပို့ရမလား''

''ရပါတယ်ဟာ၊ နင်လည်း အခုမှပြန်ရောက်တာ နား၊ ငါ့ဘာသာ ငါပြန်ပါ့မယ်''

နွေနွေထွက်လာတော့ နေပင်အတော်စောင်းနေပြီ။ ကားမှတ်တိုင် ဆီရောက်ရန် အတော်လေးလျှောက်ရဦးမည်။ ကားမရမှသာ ကားငှားသွား ရန်အစီအစဉ်နှင့် နွေနွေ ကားဂိတ်သို့ လျှောက်၏။

''ရွှတ်''

နောက်မှခေါ်သံလိုလို ကြားရ၏။ သို့သော် ဒါမျိုးက မကြာခဏ ကြုံနေရသည်မို့ လှည့်မကြည့်တော့။

''ဟေ့''

ထပ်ခေါ်ပြန်သည်။ ထို့ကြောင့် နွေနွေ ခြေလှမ်းကို သွက်ပစ် လိုက်သည်။

''ဟေ့...ရွှတ်''

အသံက ပိုနီးလာ၏။ နွေနွေကလည်း ခြေလှမ်းကို ပိုသွက် လိုက်၏။

''ဖြေးဖြေးလျှောက်ပါဟာ၊ ဒီမှာ မောလို့သေတော့မယ်''


www.burmeseclassic.com

www.burmeseclassic.com



အသံက ကြားဖူးသလိုလို။ သို့သော် လှည့်တော့မကြည့်ရဲ။ ထိုအခိုက် မျက်နှာချင်းဆိုင်မှာ သော်ကကို ပြုံးခနဲတွေ့လိုက်ရသည်။

"အမယ်လေး သော်ကရယ် ဝမ်းသာလိုက်တာ"

"ဘာလို့လဲဟ"

"ငါ့နောက်မှာ..."

"တင်ထိုက်လေ"

သော်ကစကားကြောင့် နွေနွေလှည့်ကြည့်လိုက်တော့ တင်ထိုက်ကို စပ်ဖြဲဖြဲလေး တွေ့လိုက်ရ၏။

"ခွေးစုတ်...မသာ"

နွေနွေ ဒေါသတကြီး မေတ္တာပို့တော့၏။

"နင့်ကို လက်ဖက်ရည်တိုက်မလို့ခေါ်တာ"

"ဟုတ်တယ်"

တင်ထိုက်၏စကားကို သော်က,က ထောက်ခံပေးလိုက်၏။

"နင့်ကို တင်ထိုက်လိုက်ခေါ်တာကို နင်က ထွက်ပြေးတော့ ငါပါ ထလိုက်လာပြီး ရှေ့က လာခေါ်ရတော့တာပေါ့"

"ခွေးကောင်တွေ နွေနွေလို့ခေါ်လိုက်ရင် သေသွားမှာမို့လား"

နွေနွေက ရှက်ရှက်နှင့် ရန်တွေ့၏။ သို့သော် တင်ထိုက်က မျက်နှာသေကလေးနှင့်...

"ဩော်...စေတနာပါဟာ၊ နင့်နာမည်ကိုအော်ခေါ်ရင် လူတွေကြားမှာစိုးလို့"

"သေလိုက်"

"ကဲ...လာ နောက်မှရန်ဆက်ဖြစ်၊ ဟိုမှာ မြင့်ဆောင် စောင့်နေတယ်"

လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်ကြ၏။ ချော်တွင်းကုန်းထိပ်တွင် ဖြစ်သည်။

မြင့်ဆောင်က...

"ဘယ်က ပြန်လာတာလဲ"

"မိုးမခဆီက"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆောင်အမေးကို နွေနွေက ဖြေခြင်းမဟုတ်ပါ။ သော်ကက ဝင်ဖြေခြင်းဖြစ်၏။

"နင်က ဘယ်လိုလုပ်..."

"မင်းက ဘယ်လိုသိ...."

နွေနွေနှင့်မြင့်ဆောင်အသံက ပြိုင်တူထွက်လာပြီး စကားလည်းမဆုံးလိုက်ကြသဖြင့် ရယ်မိကြသေးသည်။

"ဘယ်လိုသိရမှာလဲ မိုးမခက ဒီနားမှာနေတယ်ဆိုတာ ငါလည်း သိတာပေါ့"

"ဘယ်သူပြောတာလဲ"

နွေနွေက ပြန်မေးသဖြင့် သော်က ဖြေရန်ခက်သွားရ၏။ ပြီးမှ သတိရကာ...

"ကံကောင်း"

"လာပြန်ပြီ ဒီကံကောင်း"

နွေနွေက မျက်နှာကို ရှုံ့မဲ့ကာပြော၏။ မြင့်ဆောင်နှင့် တင်ထိုက်ကပါ နွေနွေ့ကို...

"ဘာလဲဟ ကံကောင်းဆိုတာ သူတို့ကွန်ပျူတာသင်တန်းကကောင်လေ၊ နင်သိလို့လား"

နွေနွေက မျက်နှာကို ပိုမဲ့ပြလိုက်ရင်း...

"မသိဘဲနေမလားဟ၊ မိုးမခက ဒီလောက်တဖွဖွရွတ်နေတာ"

"ဟာ...ဟုတ်လား"

"သော်ကတော့ သွားပြီ"

မြင့်ဆောင်နှင့် တင်ထိုက်က မှတ်ချက်ချ၏။ သော်က ရယ်ရခက် ငိုရခက်ဖြစ်နေရသည်။ ပျော့်ပဲ ပျော်ရတော့မလို၊ စိတ်ပဲညစ်ရတော့မလိုနှင့်။

နွေနွေက စကားကို ဆက်၏။

"ဘယ်လောက်လဲဆိုရင် မိုးမခက ကံကောင်း ဘယ်လိုဝတ်စားတယ်ဆိုတာကအစ ပြောနိုင်နေတယ်"

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်ထိုက်က ဝင်မေးခြင်းဖြစ်သည်။

"တကယ်…သူကတော့ Observation ကောင်းတာပါလို့ ပြောတယ်၊ ဒါပေမဲ့ ငါမယုံပါဘူး"

"နောက်တော့ရော"

မြင့်ဆောင်က ဝင်ထောက်ပေးပြန်သဖြင့်…

"နောက် ရှိသေးတယ်၊ ကံကောင်းက တော်တယ်၊ ခင်ဖို့ ကောင်းတယ် စုံနေတာပဲ၊ သော်ကနဲ့ Roll 1-2 ကိစ္စပြဿနာရှိခဲ့တဲ့ သူက ကံကောင်းကျတော့ ချီးကျူးတော်မူတယ်လေ"

သော်က ကြိတ်ရယ်မိ၏။ သူတို့ဖြစ်နေပုံကို ရယ်ခြင်းပါ။ စိတ်ထဲမှာတော့ ကျေနပ်နေတာအမှန်။ သို့သော် တစ်ချက်တစ်ချက် ဝင်လာသော မေမေ့သတိပေးသံကိုလည်း ကြားယောင်နေမိသေးသဖြင့် သက်ပြင်းခိုးချမိနေပြန်သည်။

"နင်က ဘာငြိမ်နေတာလဲ"

သူတို့ဘာသာ ပြောချင်ရာ ပြောလို့ပြီးသွားတော့ ငြိမ်နေသော သော်ကဘက် လှည့်လာ၏။

"ဘာလဲဟ၊ ငါက မငြိမ်လို့ ထွန့်ထွန့်လူးနေရမှာလား"

"အမှန်က လူးနေတာ၊ ငုံးဆူလူမသိအောင် ဟန်လုပ်နေတာ များ တော်စမ်းပါ သော်ကရာ၊ အဲဒါ မင်းဘယ်လိုလုပ်မလဲပဲပြောပါ"

တင်ထိုက်က မေးလာ၏။

"ဘာလုပ်ရမှာလဲ၊ သင်တန်းမှာ မင်းရယ် ကံကောင်းရယ်ရှိ တယ်။ မင်းကိုကျ မုန်းပြီး ကံကောင်းကျ တကောင်းတည်း ကောင်းနေ တာ မင်း ကြည့်နေနိုင်လား"

'ကြည့်နေနိုင်တယ်'ဟု ရွဲ့မပြောဖြစ်လိုက်ပါ။ သူငယ်ချင်းတွေ က သူ့အတွက်ပြောနေတာမဟုတ်လား။ နည်းနည်းတော့ စည်းသွဲ့နေ သလိုပင်။ ထို့ကြောင့်…

"ဘာတတ်နိုင်မှာလဲကွာ၊ သူ့လွတ်လပ်ခွင့်နဲ့သူ၊ ငါက ဘာသို့ ရမှာမှ မဟုတ်တာ၊ ပြီးတော့ ဘာဆိုင်လို့လဲဟာ"

"မဆိုင်ပေမယ့် မင်းက ဆိုင်ချင်နေတယ် မဟုတ်လား"

www.burmeseclassic.com



"အေးလေ"

မြင့်ဆောင်စကားကို တင်ထိုက်ကာပါ 'အေးလေ'ဟု မိန်းမလို မိန်းမရ ထောက်ခံ၏။ သူတို့စကားကြောင့် သော်ကပင် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရမလို ဖြစ်သွားသည်။

သူ...မိုးမခရဲ့အမုန်းကို မလိုချင်တာ သက်သက်ပဲလား။ မိုးမခရဲ့အချစ်ကိုကော လိုချင်နေသလားဆိုတာ။

သော်က ငြိမ်ကျသွားသဖြင့် အားလုံးလည်းတိတ်သွားကာ သော်ကထံမှ အဖြေတစ်စုံတစ်ရာ ရလိုရငြား ငံ့လင့်နေကြသည်။ အတန်ကြာအောင် သော်ကထံမှ ဘာအဖြေမှမရသဖြင့် မြင့်ဆောင်က စိတ်မရှည်ဟန်ဖြင့်...

"ဘာလဲ 'အမေကယ်သေးတယ်'ဆိုတဲ့ ကားရိုက်နေတာလား"

"ဟင့်အင်း...'စဉ်းစားကာနေရဦးမယ်'ဆိုတဲ့ သီချင်းဆိုရင် ကောင်းမလား စဉ်းစားနေတာ"

ပေါ့ပါးသွားအောင် နောက်လိုက်ခြင်းဖြစ်သော်လည်း ဘယ်သူမှ မရယ်ကြ။ နွေနွေကသာ ရေနွေးကရားကို လှမ်းယူရင်း

"အဲဒါပဲ...မပြောမရှိနဲ့၊ ဟိုက ကံကောင်းဆိုတဲ့အတိုင်း ကံကောင်းပြီးသား၊ နင့်ဘာသာနင်သာ စဉ်းစားနေ"

ဟုဆို၏။

သော်က မချိတရိရယ်လိုက်မိသည်။ သူ ကံကောင်းနေသော "ကံကောင်း"အစစ်လား၊ ကံဆိုးနေသော "သော်က"အတုလား။

ကိုယ့်ကိုယ်ကိုပင် ဝေခွဲရ ခက်နေမိတော့သည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



[၈]

ဒီနေ့ မိုးမခ သင်တန်းမတက်။ ထို့ကြောင့် သော်က ဖျင်းခြောက်ခြောက်ကြီး ခံစားနေရသည်။ စာသင်ရသည်ကိုပင် သိပ်မတက်ကြွလှ။ မိုးမခ ဘာဖြစ်နေလို့လဲဟုသာ စိတ်ပူနေမိတော့သည်။

ပွင့်သီကပင်...

"ဒီနေ့ ကံမကောင်းပါလား"ဟု ဆရာ့အလစ်တွင် ခပ်တိုးတိုးလှမ်းစ၏။ သဇင်က တခစ်ခစ်ရယ်ကာ လွင်နိုင်ဦးကတော့ ထုံးစံအတိုင်း 'ဟေး ဟေး...ဟေး ဟေး'နှင့် ရယ်၏။

သင်တန်းပြီးတော့ ဆရာက သူ့အခန်းထဲမှနေ သော်ကကို လှမ်းကြည့်ကာ ခေါ်၏။

"သော်ကံကောင်းရေ...လာပါဦးကွ"တဲ့။

သော်က ရယ်လည်းရယ်ချင် ထိတ်လည်းထိတ်သွားရ၏။ ဆရာ့ရှေ့ရောက်တော့ ဆရာက

"ကဲ...ပြောပါဦး၊ မင်းနာမည်"

ဘာဖြေရမှန်း(ရှုတ်တရက်မို့) မသိသဖြင့် သော်က ရယ်နေမိသည်။

"ရယ်မနေနဲ့ မင်းနာမည် ကံကောင်းလား၊ သော်ကလား"

"သော်ကပါဆရာ"

"ဒါဖြင့် ဘာလို့ အားလုံးက ကံကောင်းလို့ ခေါ်နေရတာလဲ"

ဒါလည်း ချက်ချင်းမဖြေဖြစ်။ ခေါင်းကိုသာ အတွင်းကုတ်နေမိသဖြင့် ဆရာက...

"မရှက်ပါနဲ့ပြောပါ၊ ဒါတွေက မိုးမခအတွက် ပြောကြတာ"

"ဗျာ...မိုးမခအတွက် ဟုတ်လားဆရာ"

ကြောင်...ကောင်တချက်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြဖြစ်သွားရသော သော်ကကို ဆရာက ခေါင်း တဆတ်ဆတ်ညိတ်ပြကာ…

"ဟုတ်တယ် မိုးမခအတွက်ပဲ၊ ကဲ ပြောပါဦး ဖြစ်ပုံကို…"

သော်က သေသေချာချာရှင်းပြလိုက်၏။ ဆရာက တလေး တနက်ပင် နားထောင်သည်။

"အင်း…မင်းနဲ့မိုးမခနဲ့ အရင်က ရိုးလိန်ပါတ်ချင်းကပ်ရက်၊ မတည့်ကြဘူးဆိုတာ တိုင်းမြင့်ပြောဖူးသားပဲ၊ ငါမေ့နေတာ ခု မင်းနဲ့ မိုးမခက တတွဲတွဲ၊ အားလုံးကလည်း 'သော်က'ကို 'ကံကောင်း' 'ကံကောင်း'နဲ့ တစ်ကောင်းတည်းကောင်းနေကြတော့ စဉ်းစားစရာ ဖြစ်လာရော"

ဆရာက စကားစကို ခဏဖြတ်ကာ ခပ်မတ်မတ်ပြန်ထိုင်၏။ ဆရာက ခါးကုန်း၍ မရပါ။ မတ်မတ်သာ နေ၍ရ၏။ ရောဂါရှာဖွေရန်အတွက် Spinal Cord အတွင်းမှ ချဉ်ဆီကို ထုတ်ယူခဲ့ပြီး Spinal Cord တစ်ဆစ်လည်းဖြုတ်ထားသည်ဟု သိရသည်။

"ဟုတ်ကဲ့ ဆရာ"

"တစ်နေ့ကပဲ မိုးမခအမေနဲ့ တွေ့တယ်"

"ဟုတ်"

"ဘယ်ကပြန်လာတာလဲဆိုတော့ ဆေးခန်းကတဲ့"

"ဟုတ်ကဲ့ ဆရာ"

"ဒါနဲ့ မိုးမခ ဘာဖြစ်လဲလို့မေးတော့…."

ဆရာ့စကားကြောင့် သော်ကပင် စိတ်ဝင်စားသွားရ၏။

"ဦးနောက်နဲ့အာရုံကြောဆရာနဲ့ Check up အပတ်တိုင်းလုပ် နေရတယ်တဲ့"

"ဘာလို့လဲ ဆရာ"

သိထားပါလျက်နှင့် သေချာအောင်မေးမိသည်။

"ကားတိုက်တုန်းက မှန်နဲ့ခေါင်းနဲ့လား ဘေးဘောင်နဲ့ခေါင်းနဲ့ လား မသိပါဘူး အရှိန်နဲ့ဆောင့်ထားလို့တဲ့"

"ဟုတ်တယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကို ဆက်စပ်လိုက်တော့ ဆရာ့မှာ မသင်္ကာစရာ တစ်ခု သွားတွေ့တယ်"

"ပြောပါဆရာ"

"ဒီလောက်မှန်းတယ်၊ မတည့်ဘူးဆိုတဲ့လူကို အရမ်းခင်ပြီး တတွဲတွဲဖြစ်နေတာ၊ ဘာကြောင့်လဲလို့"

သော်က အသံတိတ်သွားရသည်။ ဆရာ့ကိုပင် စကားထောက် မပေးနိုင်တော့။

"အဲဒီမှာသွားတွေ့တာက သူက ငယ်ငယ်တည်းက သိခဲ့ရတဲ့ ဆရာ့ကို သိတယ်၊ ကျန်တဲ့လူတော်တော်များများ အားလုံးလို့ပဲဆိုပါတော့ ကိုလည်း သိတယ်၊ သူမသိတာက မင်းပဲ၊ မင်းတစ်ယောက်တည်းကို သူမေ့နေတာလားဆိုတာ စဉ်းစားစရာဖြစ်လာတယ်"

"ဟုတ်ကဲ့ဆရာ ဒါပေမဲ့"

"ပြော...သား"

"ဟို အဲဒီလို တစ်ယောက်တည်းမေ့တယ်ဆိုတာ ဖြစ်နိုင်လို့ လားဆရာ၊ ကျွန်တော်စာဖတ်ပါတယ် ဝတ္ထုတွေထဲမှာ တွေ့ရတတ်တာ ကတော့ အတိတ်မေ့ရင် အားလုံးကို မေ့တာပဲလေ၊ ခုဟာက ကျွန်တော့် ကိုပဲ မသိတာဆိုတော့"

သော်ကစကားကြောင့် ဆရာက ရယ်၏။

"ဟားဟား...ဘာလဲ၊ မင်းကို စိမ်ပြေငြိမ်းချင်လို့ ဟန်ဆောင် တာလို့ မင်းထင်လို့လား"

"မထင်ပါဘူးဆရာ၊ ဖြစ်စေချင်တာပါ"

"ဟား...ဟား...ဟား"

ဆရာ သဘောကျစွာရယ်၏။ ပြီးမှ...

"မင်းပြောသလို အတိတ်မေ့တယ်ဆိုတာရှိသလို ခု မိုးမ လို တစ်စိပ်တစ်ပိုင်း တစ်စုံတစ်ယောက်ကိုပဲ မေ့သွားတာမျိုးလည်း ရှိတတ်တယ်ကွ"

"ဗျာ"

"တကယ်ပြောတာပါ၊ ဒီလိုရောဂါမျိုးကို 'အင်မ်နီးရှားယား'လို့

www.burmeseclassic.com



ခေါ်တယ်"

"ဟုတ်ကဲ့ ဆရာ"

"အတိအကျပြောရရင်တော့ ခု မိုးမခဖြစ်နေတာက အကန့်အသတ်ရှိနေတယ်၊ ဆရာ့အထင်ပြောရရင် သော်ကကိုသာမဟုတ်ဘူး သော်ကနဲ့အတူ သိခဲ့ရတဲ့သူတောင် သူသိချင်မှသိမယ်၊ ဥပမာ တိုင်းမြင့် အဲဒါမျိုးကို ရက်ထရိုအက်တစ်ဖ် အင်မ်နီးဇီးယားလို့ခေါ်တယ်"

"ကျွန်တော်တို့ စတွေ့ကြတာက ကျောင်းအဖွင့်မှာဆရာ"

ပြောပြီးမှ အလျှုတွင် မြင့်ဆောင်ကို မသိသူတစ်ယောက်လို တောင်းပန်သွားတာကို သတိရသည်။ ပြီးတော့ 'ဖြူဖွေး'။ ထို့ကြောင့်...

"ဖြစ်နိုင်တယ်ဆရာ၊ သူ ကျွန်တော့်ကို မသိသလို နောက်က ရိုးလ်သရိုး 'ဖြူဖွေး'ကိုလည်း မသိသလိုဆက်ဆံတယ်...၊ အဲ သူ့ သူငယ်ချင်း နွေနွေတို့ မြတို့ကျတော့ အရင်လိုပဲဆက်ဆံတယ်၊ ဒါဆို မိုးမခက ရောဂါခံစားနေရတာပေါ့နော်"

"ဒါပေါ့ သော်ကကောင်းရယ်"

ဆရာက အရေးထဲနောက်နေနိုင်သေးသည်။ သော်ကမှာတော့ မနောက်နေနိုင်သလို၊ ရယ်လည်း မရယ်နိုင်ချေ။

"အဲဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲဆရာ"

"ဘာလုပ်ရမလဲဆိုတော့ မင်းကတော့ ဘာမှမလုပ်ပါနဲ့ သူနဲ့ အလိုက်အထိုက် ဆက်ဆံပေးပါ၊ သူ့ကို အတင်းအကြပ် ဟိုလိုမဟုတ်ဘူး ဒီလို၊ ဒါမဟုတ်ဘူး ဟိုဟာဆိုတာမျိုးတွေ သွားမလုပ်ပါနဲ့"

"ဒါတော့ စိတ်ချပါဆရာ"

"အေး...ဆရာကတော့ သူ့အဖေအမေနဲ့တွေ့ပြီး Discuss လုပ်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ ဆရာ"

"ကဲ...မင်းသွားစရာရှိရင် သွားတော့လေ ရပြီ"

"ကျေးဇူးပဲဆရာ"

သော်က ထိုင်ရာမှထလိုက်၏။ ပြီးမှ...သတိရသွားကာ

"ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"အဲဒါ ဘယ်လိုလုပ်ကုရင် ပြန်ကောင်းသွားမှာလဲ ဆရာ၊ ဘယ်လောက်ကြာကြာရော ကုရမှာလဲ၊ ကောင်းရော ကောင်းသွားမှာလား၊ မကောင်းဘဲနေမှာလားဆိုတာ…"

သော်ကအမေးများကြောင့် ဆရာက တဟားဟားထရယ်သည်။ ပြီးမှ…

"မင်းက မကောင်းစေချင်ဘူးမဟုတ်လား"

"အဲလိုလည်း မဟုတ်ပါဘူး"

"ဘယ်လိုကုမလဲဆိုတာကတော့ ဆရာဝန်မှ သိမှာ၊ ကောင်းသွားတတ်ကြသလို မကောင်းဘဲလည်း ရှိတတ်ကြတယ်၊ အဲဒီလိုပဲ အချိန်ခဏလေးနဲ့ ကောင်းသွားနိုင်သလို ကြာရင်လည်း ကြာနိုင်တယ်လို့ ဆရာဖတ်ဖူးတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဆရာ"

သော်က လှည့်ထွက်လာခဲ့သည့်တိုင် မေးချင်နေသေးသော မေးခွန်းများက ဆရာ့နားမှာ ပြန့်ကျဲရစ်ခဲ့ကြသည်။

မမေးဖြစ်တော့။

ဆိုင်ရောက်တော့ မေမေ့ကို ကူညီလုပ်ကိုင်ပေးရင်း

"မေမေ"

"ဘာလဲသား"

"မေမေပြောတာ မှန်တယ်"

"ဘာလဲသားရဲ့၊ အစမရှိ အဆုံးမရှိ"

"ဟိုလေ…မိုးမခကိစ္စ"

မေမေက နားမလည်သလို သော်ကကို ကြည့်တာ

"အင်း…ပြောစမ်းပါဦး"

"မေမေ တစ်ခါကပြောခဲ့တာလေ မှန်နေတယ်၊ မိုးသော ကားတိုက်တုန်းက ဦးနှောက်ကို ထိထားလို့ ဦးနှောက်နဲ့အာရုံကြော ဆရာဝန်တွေက စောင့်ကြည့်နေကြတာတဲ့"

"အင်း ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သားကို မမှတ်မိတာပေါ့"

"အဲဒီတော့ သား ဘာလုပ်လဲ"

"ဘာမှမလုပ်ဘူး မေမေ"

မေမေက သော်ကကို 'ဘာလို့လဲ'ဟူသော အကြည့်နှင့် ကြည့်၏။

"ဆရာလုပ်လိမ့်မယ်၊ ဒါလည်း ဒီနေ့ ဆရာက သားကို ခေါ်မေးရင်း ဆွေးနွေးကြရင်း သိလာတာ၊ ဆရာပဲ သူတို့အိမ်ကို အကြောင်းကြားလိမ့်မယ်"

ပြောစရာရှိတာပြောပြီး သော်က အလုပ်ပဲဆက်လုပ်နေလိုက်သည်။ အလုပ်မရှိ အလုပ်ရှာ၊ ဒီဘက်တန်းက လက်စွပ်ကို ဟိုဘက်တန်း ရွှေ့။ ဟိုဘက်တန်းက လော့ကက်ကို ဒီဘက်တန်းကိုရွှေ့နှင့်။

"ဟဲ့ ကံကောင်း"

"ဟာ မိုးမခ"

"ဟော သမီး"

အသက်ကတော့ ရှည်ဦးမှာ သေချာသည်။ မိုးမခကဆိုင်ရှေ့မှာ ရပ်လျက်သား။

"ဟင် နင်ဘာလို့သင်တန်းကျမတက်တာလဲ၊ ဒီကျလာတယ်"

"အံမယ်"

မိုးမခက မျက်စောင်းလှလှလေးတစ်စင်းကို သူ့ဆီပစ်လွှတ် လိုက်ရင်း...

"နင့်အပူလား၊ ငါ့ဘာသာငါ ကားပျက်လို့ မတက်ဖြစ်တာ ဒီလာတာက ငါ့လက်စွပ်နဲ့ လော့ကက်ရမှာမို့"

"ဟာ...ဟုတ်သားပဲ၊ မေ သားမေ့နေလိုက်တာ"

မေမေက ရယ်သည်။

"သားက မေ့မှာပေါ့၊ မေမေက သတိရပါတယ်၊ သားတို့တွေ နားထောင်နေရတာနဲ့"

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ် ပါပါ ကြည့်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး မေမေက ဗူးထဲမှ မိုးမခ၏ လက်စွပ်တွဲနှင့်လော့ကက်ကို ထုတ်ပေးကာ…

"ရော့…သမီးစွပ်ကြည့်ဦး….လော့ကက်ပုံလည်းကြည့်ဦး"

မိုးမခက လက်စွပ်များလှမ်းယူကာ စွပ်၏။

"အား…လှတယ်။ သမီးစိတ်ကူးထဲက အတိုင်းပဲ"

လက်ကို ဖြန့်လိုက်စုလိုက် လုပ်ကြည့်ရင်း ပြောသည်။ ပြီး လော့ကက်ကို ကောက်ယူပြန်ကာ ချက်ချင်းလည်ပင်းက ကြိုးတွင် တပ်လိုက်၏။

"ဒါလည်း လှတာပဲ၊ ဒီနေ့မှပဲ လိုချင်တာတွေ ရတော့တယ်၊ အန်တီ သမီးကို ဘောက်ချာပေး။ ဗူးတော့မယူတော့ဘူး။ သမီးလက်မှာ စွပ်သွားမှာ"

မိုးမခစကားကြောင့် မေမေက ဘောက်ချာစာအုပ်ကို ထုတ်ကာ ကျသင့်ငွေကို ရေးတွက်နေ၏။

သော်ကက

"နေပါဦး။ အဲဒီ T,P,J,R,S ဆိုတာ ဘာအဓိပ္ပါယ်တွေလဲ"

မိုးမခက မျက်လုံးလေးဝိုင်းကာ…

"နင်တကယ်မသိလို့ မေးတာလား။ နောက်တာလား"

"တကယ်ပါဟ"

"တကယ်ဆို ဒီတစ်ချက် နင်ညံ့သွားပြီ"

"ဟုတ်ပါပြီ ဝန်ခံပါတယ်"

"ဒီမှာကြည့်…လက်မကလေးနာမည်က Tommy Thumb တဲ့၊ လက်ညှိုးလေးရဲ့နာမည်က Peter Pointer တဲ့။ ဟော… လက်ခလယ်ရဲ့ နာမည်ကျတော့ အရပ်ရှည်လို့ Jimmy Tall တဲ့၊ ဒီကောင်လေးက သူ့ကြွယ်လေး…၊ လက်စွပ်တွေစွပ်ရတတ်တဲ့လက်မို့ Ruby Ring တဲ့၊ ဒီကောင်လေးကျတော့ အငယ်ဆုံးမို့လို့ Sammy Small တဲ့၊ ဒါကြောင့် T,P,J,R,S ဆိုတဲ့ထိပ်ဆုံးစာလုံးတွေကို [illegible] လက်စွပ်လုပ်တာ ရှင်းပြီလား"

"ရှင်းပါပြီဗျာ၊ ငါတို့ငယ်ငယ်က ကစားသ[illegible] မေး

www.burmeseclassic.com



ညှိုးမနေနဲ့ လယ်လယ်သွားရအောင်၊ ကြွယ်ကြွယ်တို့အိမ်ကို သန်းသန်းလည်း လိုက်မယ်'ဆိုတာလေ"

မိုးမခက တစ်ခစ်ခစ်ရယ်ကာ...

"ဟုတ်တယ် ဟုတ်တယ်၊ အင်္ဂလိပ်လိုကျတော့ Tommy Thumb, Tommy Thumb, where are you? Here I'm, here I'm, How do you do တဲ့၊ တစ်ချောင်းချင်းစီ ဆိုသွားရုံပဲ"

မေမေကတော့ သူတို့နှစ်ယောက်ကို ပြုံး၏။ ခဏနေတော့ မိုးမခက ပြန်ရန်ပြင်၏။

"ပြန်တော့မလား"

"အေးလေ"

"နေပါဦး ငါတို့ ကာစတမ်မာကလေးကို လက်ဖက်ရည်ချဉ်ချဉ် တိုက်မလို့"

မိုးမခက နာရီလေးကို မြှောက်ကြည့်ကာ...

"ရတယ်လေ...Lemon Tea ဆို ဘယ်အချိန်သောက်ရ၊ သောက်ရ ကားဒရိုင်ဘာပဲပါတာ စောင့်လိမ့်မယ်"

သူတို့နှစ်ယောက် ထွက်လာတော့ မေမေနောက်က ပြုံးကြည့်ပြီး ကျန်ခဲ့တာကို သူသိနေသည်။

လက်ဖက်ရည်ဆိုင်မှာ သူမအတွက် လီမွန်တီးကို မှာပေးပြီး သူ့အတွက် လက်ဖက်ရည်ကျဆိမ့် မှာလိုက်၏။ ပြီးမှ...အကြွရှိသော သော်ကက...

"မိုးမခ"

"ဘာလဲ"

"လော့ကက်ကြိုက်လား"

"အင်း ကြိုက်တယ်"

"ဒီမှာကြည့်စမ်း"

သော်က ဝတ်ထားသော ရှပ်အကျႌကြယ်သီးကို နှစ်လုံးခန့် ဖြုတ်ချလိုက်၏။ အတွင်းဘက်မှာ သူတစ်ချိန်က မိုးမခထံမှရခဲ့သော လော့ကက်ကလေး။

www.burmeseclassic.com



"ဟယ်…နင်လည်းလိုက်လုပ်တယ် ဟုတ်လား၊ ကောင်းတာ ပေါ့ နင်နဲ့ငါနဲ့ ဆင်တူပဲ"

သော်က,ကတော့ တစ်စုံတစ်ခုအတွက် အရဲစွန့်ပြလိုက်ခြင်း ဖြစ်သော်လည်း မိုးမခဘက်ကတော့ ဘာမှမထူးခြား။ ပကတိ ရိုးစင်းစွာ ပျော်နေရှာသည်။

"တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"နင် ငါ့အိုင်ဒီယာကို ယူပြီးလုပ်တာမို့ ငါ့ကို ဒီဇိုင်းခတော့ ပေးလေ"

"ဒီမှာလေ လက်ဖက်ရည်တစ်ခွက်၊ ရပြီ မဟုတ်လား"

သူတို့ ရယ်ဖြစ်ကြ၏။ လွတ်လပ်ပေါ့ပါးစွာ။

ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူမနှင့် တွေ့ဆုံရသည့်အချိန်တွေ မှာတော့ သော်က ပျော်နေတတ်သည်။ သေချာသည်ကတော့ သူမ တစ်ချိန်က 'သော်က'ကို လုံး၀(လုံး၀) မသိတော့ဘူးဆိုတာ။ —

သူမ သိသည်က 'ကံကောင်း'။

သူမ ခင်သည်က 'ကံကောင်း'။

သော်က မဟုတ်။

သော်ကသည် 'ကံကောင်း'အစစ် တကယ်ဖြစ်လာနိုင်မလား။ တကယ်ရော ဖြစ်ချင်နေတာ သေချာနေခဲ့ပြီလား။

သေချာနေခဲ့ပြီဆိုပါစို့…။

ထိုကဲ့သို့ သေချာနေသူက…

ကံကောင်းလား…။

သော်ကလား…။

သူ မတွေးချင်တော့ပါ။

သူ့ရှေ့မှ လက်ဖက်ရည်ကျဆိမ့်တစ်ခွက်ကတော့ အငွေ့ ကြောများတင်းကာ အေးစက်ချင်ယောင် ဆောင်နေလေသည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



[၉]

ဒီနေ့ တမင်ပင် ဆရာဆီကို စောစောသွားလိုက်သည်။

"ဆရာ"

"လာ…သား။ သော်က ထိုင်"

ဒီနေ့တော့ ဆရာက စိတ်လိုလက်ရပင် 'သော်က'ကို 'သား' တွေဘာတွေခေါ်လို့။ သော်ကံကောင်းလည်း မဟုတ်တော့၊ အိုဘယ့် မောင်ကံကောင်းလည်း မဟုတ်တော့။

"ဆရာ ဘာထူးသေးလဲ"

"ထူးတယ်ရယ်လို့ မဟုတ်ပါဘူး။ အကြောင်းတော့ ကြားပြီးပါပြီ"

"မိုးမခ မိဘတွေက ဆရာပြောမှ သိတာလား"

"အင်း…ပြောမှသိတယ်လို့ပဲ ပြောရမလား။ သံသယတော့ ရှိတယ်၊ ဆေးရုံမှာ ဖြူဖွေးကို တစိမ်းတစ်ယောက်လို ဆက်ဆံတာ တစ်ခုပဲ မသင်္ကာစရာတွေ့လို့လေ။ ဒါနဲ့ မင်းတို့ဆေးရုံသွားကြည့်တော့…"

"သူ့အိပ်နေတယ်ဆရာ"

"ဪ…ဒါကြောင့်ကိုး"

ဆရာက ဘာမှဆက်မပြောဘဲ စာအုပ်တစ်အုပ်ကို ကောက် လှန်နေသဖြင့်…

"အခြေအနေကရော ဆရာ"

"အခြေအနေ ဟုတ်လား။ ဘာကိုပြောတာလဲ"

ဆရာက ရယ်ဟဟ ပြန်မေး၏။

"မိုးမခရောဂါရဲ့ အခြေအနေ…"

"ဆရာ့သူငယ်ချင်း စိတ်ပိုင်းဆိုင်ရာက ဆေးဝန်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်''

''သူက စိတ်ရောဂါမှမဟုတ်တာ ဆရာ''

ဝင်ဖြတ်ပြောလိုက်မိသောစကားကို ဆရာက ရယ်၏။

''ဟား...ဟား သော်ကံကောင်းရယ် စကားဆုံးအောင် နားထောင်ပါဦး။ ဆရာက ကွန့်မြူတာသမား၊ သူက ဆရာဝန်၊ ဆရာ့ထက်စာရင် သူက ပိုသိတယ်လေ''

သော်က ရှက်သွားမိသည်။ ကိုယ်ကဇောနှင့်လောမိသည်ကို။

''ဟုတ်ကဲ့ပါ ဆရာ''

''သူပြောတာကလည်း ဆရာ မနေ့ကပြောသလိုပဲ ကံပေါ်မူတည်လိမ့်မယ်တဲ့၊ အင်မတန်နူးညံ့တဲ့ ဦးနှောက်နဲ့ ပတ်သက်နေတာမို့ ဒီလိုပဲစောင့်ကြည့်ရမှာပဲ၊ တချို့ကျတော့လည်း နှစ်ပေါင်းများစွာကြာတော့မှ ပြန်မှတ်မိလာကြတယ်တဲ့''

''ဟုတ်ကဲ့''

ထိုစဉ်မှာ ချွင်ခနဲ လက်ကောက်ချင်းထိခတ်သံကို ကြားလိုက်ရသဖြင့်...

''မိုးမခလာပြီ ဆရာ''

''အိုကေ လူစုံရင် ဆရာ့ကို လှမ်းခေါ်လိုက်''

''ဟုတ်...''

နေရာတွင် ဝင်ထိုင်မိတော့ မိုးမခက သူ့ကိုသေချာကြည့်ရင်း

''အံမယ် ထူးထူးဆန်းဆန်း''

''ဘာလဲဟ''

''နင်က ဘောင်းဘီတွေဘာတွေနဲ့၊ အင်္ကျီကလည်း လှတယ်''

''ဘာဖြစ်လို့လဲ၊ ငါ ဒီလိုလည်း ဝတ်တတ်ပါသေးတယ်''

''ငါတစ်ခါမှ မတွေ့ဖူးသေးဘူး''

သော်ကပင် အနည်းငယ် အူကြောင်ကြောင်ဖြစ်သွားသည်။ ပြီးမှ သတိရကာ...

''ဒီနေ့ တနင်္လာနေ့ ဈေးပိတ်တယ်လေ''

''ဘာဆိုင်လို့လဲ''

www.burmeseclassic.com



"ဆိုင်တာပေါ့၊ ခါတိုင်းက ဒီကပြီးရင် ဈေးသွား၊ ဒါမှမဟုတ် ဈေးကနေ ဒီကိုလာ"

"အေးလေ...အဲဒါဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဈေးထွက်ရင် မေမေက ငါ့ကို လူကြီးလူကောင်းဆန်ဆန် ဝတ်ခိုင်းတယ်လေ၊ အထူးသဖြင့် အင်္ကျီအဖြူနဲ့ပုဆိုးတစ်ခါတလေတော့လည်း တနင်္လာနေ့ပေမယ့် ဆက်ဝတ်ဖြစ်တယ်၊ ဒီနေ့က အမှုမဲ့အမှတ်မဲ့ပဲ တွေ့တာ ဝတ်လာတာ"

မိုးမခကို တမျှော်တခေါ်ရှင်းပြနေရသော်လည်း သူကျေနပ်ပါသည်။ သူ့ကို အမှုမဲ့ အမှတ်မဲ့ မနေတာ ပိုသေချာသွားရသည့်အတွက်လေ။ တလောကပဲ နွေနွေ့စကားများထဲတွင်...

"မိုးမက ကံကောင်းကို အဝတ်အစားအသွင်အပြင်ကအစ ဂဃဏန ပြောနိုင်တာ"

ဆိုသောစကားကို သွားသတိရမိသည်။

"ဩော် ပြောရဦးမယ်"

မိုးမခက မျက်လုံးလေးထောင့်ကပ်ကာ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ဆို၏။

"အင်း...ပြော"

"ဟိုလေ ငါ့အဒေါ်ခရီးထွက်တာ ပြန်ရောက်ပြီ သိလား"

သော်က ပြုံးမိပါသည်။ ကွန်ပျူတာသွားကျင့်မည်ဆိုသော သူ့အဒေါ် ဖြစ်ပါလိမ့်မည်။ သော်ကတို့ ညှိနှိုင်းပြီးနောက်တစ်ပတ်တည်းက သူ့အဒေါ် ခရီးထွက်သွားသည်ဟု ဆိုသည်။ ခုဆို လေးလပင်ရှိတော့မည်။

"အဲဒါ ဘာဖြစ်လဲ"

"သွားကျင့်လို့ ရပြီပေါ့"

"တော်ပါတော့ဟာ"

"ဘာလဲ...နင်က စိတ်ကောက်တာလား"

သူမစကားကြောင့် သော်က ရယ်ရသေးသည်။

"ယောကျ်ားလေးကွ စိတ်မကောက်တတ်ဘူး မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးမှ စိတ်ကောက်တတ်တာမဟုတ်ပါဘူး။ ကောက်တတ်တဲ့ ယောကျ်ားလေးတွေ ပေါမှပေါ"

"နင် တွေ့ဖူးတယ်ပေါ့"

ထိုစကားကြောင့် သူမ 'အင်'ခနဲဖြစ်သွားရကာ...

"စကားလာမကပ်နဲ့။ ငါကလည်း အဲဒီအိမ်မှာ သွားကျင့်မယ် မပြောတော့ပါဘူး၊ ခုနက နင့်ကို နောက်တာ ကြံဖန်ဖြစ်တတ်တာကို ပြောချင်လို့ပါ။ နောက်နှစ်လလောက်ဆို ငါတို့တောင် သင်တန်းတွေ ပြီးတော့မှာ"

"အေးလေ...ဒီမှာ ဆရာ့ဆီမှာလည်း အဆင်ပြေနေတာပဲ"

သော်ကတို့ Basic, Advancedအပြင် Programming ပါ တက်ကြရမည်။ ခု Programming ပင် စနေပြီ။ ဆရာက သူတို့အုပ်စုကို ချီးကျူး၏။ တက်ညီလက်ညီ ကြိုးစားကြ၍ အမြန်ပြီးကြလို့တဲ့။

"ဒါဆို ဒီကပြီးရင် ငါ နွေနွေ့ဆီသွားချင်တယ်၊ နင် အဖော်လိုက်ခဲ့ပါလား"

အဲဒါမှ ပြဿနာဟု သော်က စိတ်ထဲမှညည်းမိသည်။ သူမကို ဘယ်အဖေါ်ခေါ်ခေါ် လိုက်ပေးနေကျမဟုတ်လား။ ခုမှ ဘယ်လိုငြင်းရမှန်း မသိ။

"ဟိုလေ...အဲ ငါမအားဘူးဟ"

"နင်ကလည်းဟာ အရေးကြီးလို့ပါ"

"ဘာအရေးကြီးတာလဲ"

"သူတို့က ငါ့ကို နင့်ကို မြင်ဖူးချင်တယ်တဲ့"

"အဲ..."

"ပြီးတော့ ငါအရမ်းမုန်းတဲ့ သော်ကနဲ့ ဘာတွေကွာလဲ သိချင်လို့တဲ့"

မြတ်စွာဘုရား။

"အဲ...နင်က ဘာကွာလဲဆိုတာ ပြောပြလိုက်လေ"

သော်က မရဲတရဲပြန်ပြောလိုက်မိသည်။

သိသိနှင့် စမ်းသပ်ရတာ စိတ်ထဲမှာတော့မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွာလဲ ဟုတ်လား။ သူတို့ပြောတဲ့သော်ကဆိုတာကို ငါ သိသလို မသိသလိုတဲ သူတို့ကတော့ ငါနဲ့ရိုးလ်ချင်းကပ်လျက် မတည့်ကြဘူး။ ငါက မုန်းတာလို့ ပြောကြတယ်၊ ငါလည်း ငါ့ဘာသာ အုံ့ညြလို့၊ ဒါပေမဲ့ သိချင်ယောင်ဆောင်နေလိုက်တယ်၊ ဘာကွာလဲ သိချင်ရင် နင်တို့ ကံကောင်းကို တွေ့လိုက်၊ ကံကောင်းက အရမ်းခင်ဖို့ ကောင်းတယ်၊ သဘောလည်းကောင်းတယ်လို့ ပြောလိုက်တယ်လေ ဒါကြောင့်"

မိုးမခက ရှည်ရှည်ဝေးဝေး ရှင်းပြနေပြီးမှ မောသွားဟန်ဖြင့် ရေထသောက်၏။ လူကမစုံသေးသဖြင့် သူတို့အေးအေးဆေးဆေး စကားပြောလို့ ရနေသည်။

"ငါ မအားလို့ပါဟာ၊ ငါ အားရင်လိုက်တယ်"

"နင်ပဲ ဒီနေ့ ဈေးပိတ်တယ်ဆို"

"အဲဒါပေါ့ဟာ၊ ငါ နင့်ကို ကူညီချင်ပါတယ်၊ ဒီနေ့မေမေ့ကို ဆေးခန်းပြန်ပြပေးရမှာမို့"

ဘာမှမဖြစ်သော အမေကို ဆေးခန်းပြနိုင်းရတာ အားတော့နာသည်။

"အန်တီက ဘာဖြစ်လို့လဲဟင်"

"အဲ...ဟို လူကြီးရောဂါပါ၊ ပြကြည့်ရဦးမယ်"

"ဒါဆိုလည်း ရပါတယ် ကံကောင်းရယ်၊ နင်မလိုက်ချင်လို့မှ မဟုတ်တာ"

မိုးမခ ကြည်ကြည်သာသာပင် သူ့ကို ခွင့်လွှတ်၍ သက်ပြင်းကို အသာချရ၏။ အရင်တည်းကလည်း သော်က သူမကို အကောင်းဆုံး ဆက်ဆံခဲ့သည်။ သူမ အကောင်းမမြင်တာက တစ်ကဏ္ဍလေ။ ခုလည်း အကောင်းဆုံးဆက်ဆံပါသည်။ ခုချိန်မှာတော့ မိုးမခက သူ့ကို အရင် ကောင်းနေသည်။ ထိုအချိန်မျိုးမှာ သူက သိသိနှင့်...။

သူ ဆက်မတွေးဖြစ်တော့။

ဆုမတောင်းကောင်းပါဘူး။ မိုးမခကို သူ ရောဂါပျောက်စေချင်သည့်ဆန္ဒကတော့ အပြည့်ရှိပါသည်။ တစ်ဖက်ကလည်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



'သော်က'လို့ ပြန်မမှတ်မိစေချင်သည့်ဆန္ဒလည်း ရှိနေသည်။

ဆရာလာသည်အထိ သူတို့ အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိကြသည်။ ဆရာက စာသင်သည်။ သော်က စိတ်ဝင်စားမှုနည်းနေမိ၏။ မိုးမခကို ကြည့်တော့လည်း စိတ်ဝင်စားဟန်ဆောင်နေပုံရသည်။

သင်တန်းပြီးတော့ မိုးမခက…

"ကံကောင်း နှင့်ဆေးခန်းက ဘယ်အချိန်သွားရမှာလဲ"

"အဲ…သုံးနာရီလောက်တဲ့"

"ဒါဆိုရင် လက်ဖက်ရည်တော့ လိုက်တိုက်ဟာ၊ ခါတိုင်းလည်း လက်ဖက်ရည်ဆိုင်ထိုင်ပြီးမှ နင်သွားချင်ရာ သွားတာပဲ"

သော်က ဟန်ပါပါနှင့် လက်မှနာရီကို တစ်ချက်ကြည့်လိုက်ရင်း

"ရပါတယ်ဟာ၊ ဒီသူငယ်ချင်းလေးပဲရှိတာ လိုက်ပို့ရမှာပေါ့"

သော်ကစကားကြောင့် မိုးမခက မျက်စောင်းထိုး၏။ လက်ဖက်ရည်ဆိုင်ရောက်တော့ သော်ကကပင် မိုးမခအတွက် လီမွန်လက်ဖက်ရည်ပါ မှာပေးသဖြင့် မိုးမခက ပြုံးသည်။ ပြီး…

"ဒါတွေပြောတာပေါ့၊ နင်က လိမ္မာတယ်၊ ခင်ဖို့လည်းကောင်းတယ်"

သော်က ငြိမ်နေမိ၏။ အမှန်က ဘာပြောရမှန်းမသိခြင်းဖြစ်သည်။ မိုးမခကပင်…

"အဲဒါကိုလေ…"

အဆက်အစပ်မရှိသလို ခံစားရ၍

"ဘာကိုလဲဟ"

"ဩော်…နင်နဲ့ငါနဲ့ ခင်တာကိုလေ"

"အင်း…ဘာဖြစ်လဲ"

"နွေနွေတို့ကလည်း မယုံကြဘူး။ ပွင့်သီတို့လည်း တစ်မျိုးပဲ"

စိတ်ရှုပ်ဟန်ပေါက်နေသော မိုးမခမျက်နှာလေးကို ငေးတော သော်က နားထောင်နေမိသည်။ ပြီးမှ စသလို နောက်သလိုနှင့် ရင်ထဲရှိသည့်အတိုင်း မေးမိ၏။

"ဘာကို မယုံတာလဲ၊ ဘယ်လိုတစ်မျိုးဖြစ်တာလဲ၊ ငါသိချင်လို့

www.burmeseclassic.com



ပြောပါဦး"

မိုးမခက စိတ်တိုသလို မျက်မှောင်လေးကြုတ်ကာ မျက်စောင်းထိုး၏။

"နင်က တုံးချင်ယောင်ဆောင်နေတာလား၊ တကယ်တုံးတာလား"

"တကယ်တုံးချင်ဟန်ဆောင်တာ"

"သွားသေလိုက်"

သော်ကစကားကြောင့် မိုးမခ စိတ်တိုနေရာမှ ရယ်ချင်စိတ်ဖြစ်သွားရပြီး ရှက်ရှက်နှင့်ပင် သေခိုင်းနေသည်။

"နောက်မှ သေမယ်ဟာ၊ ခုတော့ နင် ငါ့ကို ရိုးရိုးသားသားခင်တယ်ဆိုတာ ဟုတ်မဟုတ် သိချင်တယ်"

မိုးမခ ဒေါပွသွား၏။

"အံမယ်...အံမယ် နင့်ကို ငါက ရိုးရိုးသားသားမခင်လို့ ဘယ်လိုခင်ရမှာလဲ၊ ဝေးသေး ကံကောင်းနော် မစနဲ့"

"နင်က ရိုးသားတယ်ပေါ့"

"ရိုးတယ်"

"ငါကတော့ မရိုးသားဘူး"

မိုးမခ သူ့ကို မျက်မှောင်ကြုတ်ကြည့်၏။ သူ ကပျာကယာပင် စကားကို ဆက်လိုက်ရသည်။

"... ... ... လို့ ဘယ်သူက ပြောလို့လဲ"

ထိုအခါကျမှ မိုးမခမျက်နှာက ပုံမှန်ပြန်ဖြစ်သွားကာ

"ပြောတော့မပြောပါဘူး၊ ထင်ချင်တာ ထင်ချင်ကြတာ"

"ထင်တာက ထင်ပါစေ"

"အံမယ်...နင်က အရေးထဲ အသားယူချင်နေတယ်"

"အဲလိုမဟုတ်ပါဘူး၊ ခုလိုက်ရှင်းနေလို့လည်း အလကားပဲ"

"ဟုတ်တယ်နော်၊ ခုလိုက်ရှင်းနေလို့လည်း အလကားပဲ"

မိုးမခက သူ့စကားကို ထောက်ခံ၏။ သူကသာ ဆက်၍

"နောက် ဟုတ်သွားခဲ့ရင် ခုလိုက်ရှင်းနေတာ အဖတ်တင်နေ

www.burmeseclassic.com



ဦးမယ် ဟား ဟား''

''ကံကောင်းစုတ်နော်၊ နင်ဘယ်လိုဖြစ်နေတာလဲ စကားနောက်တရားပါ တော်တော့၊ ပြန်တော့ နင့်အမေဆေးခန်းနောက်ကျလိမ့်မယ်''

မိုးမခ နှင်တော့လည်း သူစကားနှင့်သူမို့ သော်က အတွန့်မတက်ရဲပဲ ပြန်ခဲ့ရသည်ပင်။ သွားစရာမရှိသည့်အတူတူ တင်ထိုက်တို့ကို ဝင်ခေါ်ရင်း လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြသည်။

''တိုင်းမြင့် ပြန်လာမယ်လို့များ ကြားသလား''

မြင့်ဆောင်က အစမရှိအဆုံးမရှိ မေးလာ၏။

''ဘာဖြစ်လို့လဲ''

''ကိစ္စရှိလို့ပါ''

''မကြားမိပါဘူး။ ဘာကိစ္စရှိလို့လဲ''

''မင်းနဲ့မဆိုင်ပါဘူး''

မဆိုင်ပါဘူးဆိုတော့လည်း မမေးရုံပဲပေါ့။ ပါးစပ်ပိတ်ထားလိုက်သည်။ လက်ဖက်ရည်က နှစ်ခွက်မြောက်သောက်ရတာမို့ သိပ်စိတ်ဝင်စားစရာမကောင်း။ မိုးမခနှင့်သောက်ရသော လက်ဖက်ရည်မဟုတ်၍လည်း ဖြစ်နိုင်သည်။

ငြိမ်သက်နေမိသော သော်ကကို တင်ထိုက်က ပြုံးစိစိနှင့်

''သိပ်ခံစားနေရလား''

သော်ကပင် အူကြောင်ကြောင်ဖြစ်သွားရ၏။

''ဘာလဲဟ''

''မိုးမခနဲ့ပတ်သက်ပြီးလေ''

''ဘာလို့လဲ၊ ဘာဖြစ်လို့ ငါက ခံစားရမှာလဲ''

စိတ်ထဲမှာတော့ ရယ်ချင်နေမိသည်။

''ဟိုကောင်လေ''

''ဘယ်ကောင်လဲ''

''ကံကောင်းလေ''

''အဲဒါ ဘာဖြစ်လဲ''

''မိုးမခကို တော်တော် Favour ပေးတယ်ဆိုပဲ အဲ...မိုးခက



www.burmeseclassic.com

www.burmeseclassic.com



တော်တော် Favour ပေးတာ ခံရတယ်ဆိုပဲ"

သော်က မရယ်ချင်ရယ်ချင်ဟန်နှင့် ရယ်လိုက်ရင်း…

"အတူတူပါပဲကွာ၊ အဲဒါဘာဖြစ်လဲ"

မြင့်ဆောင်က သော်ကာရင်ဘတ်ကြယ်သီးတစ်လုံးကို လှမ်းဖြုတ်ရင်း…

"အဲဒီလို လော့ကက်မျိုးကို ကံကောင်းဆိုတဲ့ကောင်က လိုက်လုပ်တယ်တဲ့ကွ၊ အဲဒါ မင်းသိလား"

"ငါမြင်သားပဲ၊ သူတို့နှစ်ယောက် ဆင်တူဆွဲထားတာကို"

"မင်း မခံစားရဘူးလား"

"ဘာလို့ခံစားရမှာလဲ"

"မင်းကိုယ်မင်း မသိတာလား ဟန်ဆောင်နေတာလား မင်း မိုးမခကို စိတ်ဝင်စားနေတယ်၊ အလိုလိုက်ချင်တယ်၊ အဆင်ပြေချင်တယ်၊ အဲဒါ သော်ကာဆိုတဲ့မင်းရဲ့ ပင်ကိုယ်ဗီဇသက်သက်မဟုတ်တာ ငါတို့ သိနေတာပဲ မင်းက ငြင်းချင်လို့လား"

ကိုယ့်အကြောင်းကို ကိုယ့်ကို ဂဃနဏ လာရှင်းပြနေတာ ကတော့ အတော်ပျင်းဖို့ကောင်းသည်။ သို့သော် သော်က မသိချင်ယောင်ဆောင်နေလိုက်၏။ ခံစားနေရသော မျက်နှာနှင့်…

"ငါ့ကိုယ်ငါ သိတာပေါ့ကွာ၊ ဒါပေမဲ့…"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကံကောင်းက နာမည်နဲ့လိုက်အောင် ကံကောင်းတယ်ကွ ငါ တိုးလို့ရမှာ မဟုတ်ပါဘူးကွာ"

"ဘာလို့ မရရမှာလဲ"

"ရမလားကွ၊ ငါ့ကို ဟိုက အဖက်တောင်မလုပ်တဲ့ဟာကို"

"ဒါက တစ်ကဏ္ဍလေ၊ စိတ်ဝင်စားတာချစ်တာက တစ်ကဏ္ဍ သေချာတာကတော့ မိုးမခရဲ့ အာရုံစိုက်မှုထဲမှာ သော်ကာဆိုတဲ့ မင်း ရှိတယ်"

"မသေချာပါဘူးကွာ"

သော်ကာပဲ ပေးလိုက်၏။ တင်ထိုက်က



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာကို မင်းက စောင့်နေမှာလား၊ သေချာမှုဆီ မင်းက သွားမှာလား"

"သေချာမှုဆီကို ငါက သွားရမယ် ဟုတ်လား"

"ဟုတ်တယ်"

"လမ်းမှားသွားရင်ကော"

နှစ်ကောင်စလုံး ပါးစပ်ပိတ်သွားကြ၏။ လောလောဆယ်တော့ ဘယ်လမ်းကလျှောက်လျှောက် လမ်းမမှားနိုင်တာသေချာသည်ကို သိနေ၏။ မှားနေတာက ကံကြမ္မာကြီးတစ်ခုလုံးလေ။

အဲဒီကံကြမ္မာက တစ်သက်လုံး 'သော်က' ဆိုတဲ့အကောင် ဘက်က ရှိနေမှာတဲ့လား။ ရှိနေမယ်ဆိုရင်တော့ ဘယ်အထိလျှောက်ရ လျှောက်ရပေါ့ မိုးမခရယ်...။

❁❁❁

[၁၀]

"ကံကောင်း"

"ဘာလဲ"

"ဒီမှာကြည့်စမ်း"

"ရေးပေးပါ...၊ ဩော် အဲဒါ ဒေါင်းစာပေက ထုတ်တာ"

ထုံးစံအတိုင်း မိုးမခက မျက်စောင်းထိုးကာ ပါးစပ်မှ နှုတ်ခမ်း လှုပ်ရုံလေး ခပ်ဖွဖွရေရွတ်လိုက်တာကို တွေ့လိုက်ရ၏။ သေချာပါသည်။ "ကိုတာပ်ပ"ဟု ရေရွတ်လိုက်ခြင်းဖြစ်သည်။

"နင့်မှာ ရှိလို့လား"

"မရှိပါဘူး တွေ့ဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရော့...အဲဒါ ငါ့စာအုပ် ရေးပေး"

စာအုပ်ကလေးကို လှမ်းယူလိုက်ရင်း အတွေးတစ်ခုရသွားသည်။ ထို့ကြောင့် သော်က ပြုံးလိုက်မိသလား။ ပြုံးရောင်သမ်းသွားသလားမသိ။ မိုးမခက...

"ဘာပြုံးတာလဲ"

"ဟင် ပြုံးမိလို့လား"

"ပြုံးတယ်၊ နင်က လျှောင်တာလား"

"ဟာ မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ပြုံးတာလဲ"

"ဒီစာအုပ်ထုတ်တဲ့သူရဲ့ အိုင်ဒီယာကို သဘောကျလို့ပါ"

ပါးစပ်ကရှိရာကို ဖြေပစ်လိုက်ခြင်းဖြစ်သော်လည်း ကံကောင်းဆိုသော ကောင်ကို ဘာမဆိုယုံတတ်သော မိုးမခက ယုံ၏။ ထောက်လည်း ထောက်ခံ၏။

"ဟုတ်တယ်၊ ငါလည်း သဘောကျလို့ ဝယ်လာတာ၊ နင့်ကို ပထမဆုံးပေးတာပဲ"

စာအုပ်ကို ဖွင့်လိုက်ရင်း...

"ငါ စဉ်းစားဦးမယ်နော်"

"အင်း...ရတယ်လေ"

ပြောပြီး သူမ သံပုရာသီးစိပ်ကလေးကို လက်ဖက်ရည်ခွက်ထဲ ညှစ်ချကာ ဇွန်းကလေးနှင့် မွှေနေသည်။ ပြီး...မျက်မှောင်ကြုတ်ကာ စဉ်းစားချင်ဟန်ဆောင်နေသော သော်ကကို ကြည့်ကာ သော်က လက်ဖက်ရည်ခွက်ကိုပါ လှမ်းယူမွှေပေးနေသည်။

မိုးမခ၏ လက်စွပ်ဆန်းဆန်းကလေးနှင့် လက်ချောင်းသွယ်သွယ်လေးများကို ငေးကြည့်နေမိသေးသည်။ ဒီကောင်မလေး 'ကံကောင်း' ကိုတော့ အတော်ခင်ပုံရသည်။ ထိုအချင်းအရာကိုရော အကြောင်းအ‌ရင်းဖစ်မြစ်ကိုရော သိသိကြီးနှင့် သော်က ဖွင့်ပြောသင့်သလား။

လက်ဖက်ရည်ခွက်ကို မွှေပြီးသွားတော့ ဇွန်းကလေးနှင့် အသာခပ်ကာ မြည်းကြည့်သေးသည်။ အဆင်ပြေမှ သော်ကထံ‌ကို ပြန်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။

မိုးမခ သူနှင့်တွဲကာ လက်ဖက်ရည်ဆိုင်ထိုင်ဖူးသော်လည်း တစ်ခါမှ သူ့ကို အဲလို မလုပ်ပေးဘူးချေ။ ခုလည်း သူမစာအုပ်ကို ရေးဖို့ စဉ်းစားနေသည်ဟု ယူဆကာ ကူညီသည့်သဘောနှင့် သွေးရိုး သားရိုးလုပ်ပေးနေမှန်း သော်က သိပါသည်။ မရိုးသားစွာ ခံယူမိသူက သော်က။

Program တစ်ပုဒ်ရေးထားတာကို ပြန်ထုတ်စစ်နေသော မိုးမခကို သော်က ခိုးကြည့်နေမိသည်။ မိုးမခလှတာ သေချာပါသည်။ ထို့အတွက်တော့ သော်ကလည်း စာမဖွဲ့တတ်။ သော်က မိုးမခကို ချစ်နေမိတာလည်း သေချာပါပြီ။

ထို့ကြောင့် ဘယ်သူ့တိုက်တွန်းချက်မှမပါဘဲ ဘယ်သူ့ကိုမှ မခံချင်စိတ်မပါဘဲ စာကြောင်းအချို့ကို တွန့်ဆုတ်ခြင်းကင်းစွာ မိုးမခ စာအုပ်နောက်ကျောတွင် ရေးချလိုက်တော့သည်။

**‘မိုးမခဆိုတဲ့ သူငယ်ချင်းလေး’**
**တစ်သက်လုံးလက်တွဲဖော်ဖြစ်ချင်တယ်၊**
**ဖြစ်ခွင့်ပေးမလား…။**
**ဖြေနော်….။**

**ကံကောင်း..။**

စာအုပ်ကို ပိတ်လိုက်တော့ မိုးမခက လှမ်းမေးသည်။

“ပြီးပြီလား”

“အင်း…ပြီးပြီ၊ ဒါပေမဲ့”

“ဒါပေမဲ့ ဘာဖြစ်လဲ”

“နင် ဒီလိုစာအုပ်တစ်အုပ် ထပ်ဝယ်ရလိမ့်မယ်”

“ဘာလို့လဲ”

“ဒါမှမဟုတ် ငါဝယ်ပေးမယ်ဟာ”

“အေးလေ…ဘယ်သူဝယ်ဝယ်ပါ၊ ဘာလို့လဲဆို သိချင် တယ်”

မိုးမခက စာအုပ်လေးကို လှမ်းကြည့်ကာ စိတ်ရှုပ်သလို

ကြောင်တောင်စာအုပ်ကို

www.burmeseclassic.com



ပြောချ၏။

"ငါတစ်ယောက်ထဲပဲရေးတဲ့ စာအုပ်ဖြစ်သွားလို့"

"ဘာလဲဟာ၊ ဘာလို့ နင်တစ်ယောက်တည်း ရေးချင်တာလဲ"

"သိချင်လား"

မိုးမခ သူ့ကို မသက်သာသလို ကြည့်လာပြီဖြစ်၏။ ပြီးမှ...

"သိချင်တယ်...ပြော"

"ရော့...စာအုပ် နင်ဖတ်ကြည့်၊ အဲဒါဆိုရင် ဘာလို့နောက်လူ ရေးလို့မရလဲဆိုတာ သိသွားမယ်"

မိုးမခ စာအုပ်ကို ဖျတ်ခနဲ ဆွဲယူကာ တဖျတ်ဖျတ်လှန်တော့၏။ စာရွက်လှန်သံများ တိတ်သွားသည်။ တဒင်္ဂ။

ပစ္စည်းများ ကောက်သိမ်းကာ ထွက်သွားမည်လား၊ ဒါမှမဟုတ် သော်ကကိုများ နင်ထုတ်မည်လား၊ စိုးရိမ်နေမိသော်လည်း မိုးမခက မလှုပ်။ သော်က လှမ်းကြည့်လိုက်တော့ သူ့ကို စူးစိုက်ကြည့်နေသော မိုးမခ၏ မျက်ဝန်းအစုံနှင့် တိုးသည်။

သူလည်း အကြည့်ကို ပြန်မလွှဲမိ။ မိုးမခ၏မျက်ဝန်းများကို ဖတ်ကာ အဖြေရှာရန်ကြိုးစားနေမိသည်။ သို့သော် သော်က မအောင်မြင်ပါ။

"အဲဒါ နင် ဘယ်ပယောဂမှ မပါဘဲ ရေးလိုက်တဲ့စာလား"

"ဘယ်လို"

သော်က နားမလည်လို ပြန်မေးလိုက်မိ၏။

"ဪ ဘယ်သူ့တိုက်တွန်းချက်မှ မပါဘဲ ဒါမှမဟုတ်... မနေ့တစ်နေ့က ငါပြောလိုက်တဲ့ ကိစ္စတွေရဲ့ ပယောဂတွေမပါဘဲ..."

"ဟိုး...ငါနားလည်ပြီ"

"ဒါဆို ဖြေလေ"

"ဒါ ငါတစ်ယောက်ထဲရဲ့ သီးသန့်စာပဲ၊ ငါက နင် ငါ့ကို မသိခင် ဟိုးကျောင်းမှာကတည်းက သိနေတွယ်တာနေတဲ့သူပါဟာ"

မိုးမခ အံ့ဩသလို ကြည့်၏။ ပြီး...

"ဟိုး ကျောင်းမှာတည်းက..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နင်က ငါ့ကို မသိပေမယ့် ငါကသိနေတယ်၊ ငါတို့ ဒီရောက်မှ စတွေ့ကြတာမဟုတ်ဘူး"

သော်က မှန်သောစကားကို ဆိုလိုလိုက်ခြင်းရယ်ပါ။

"ကဲပါ…ထုံးစံအတိုင်း ငါယုံလိုက်ပါ့မယ်"

"ယုံရုံနဲ့ မပြီးဘူးလေ"

"ဘာလုပ်ရဦးမှာလဲ"

"နင် အဖြေပေးရဦးမယ်"

"အဲဒါမှ ပြဿနာပဲ"

မိုးမခ စိတ်ရှုပ်သလို ခပ်ဖွဖွရေရွတ်၏။

"ဘာဖြစ်လို့လဲ"

"ငါ တစ်ခါမှ အဲလိုမဖြေဖူးဘူး။ ဘယ်လိုပြောရမလဲ၊ တစ်ခါထဲလည်း မဖြေချင်ဘူး။ ဩော်…သိပြီ စဉ်းစားရဦးမယ်တဲ့"

မိုးမခ၏ အူကြောင်ကြောင်အမူအရာလေးတွေကို ကြည့်ကာ သော်က ရယ်ချင်သွား၏။

"အဲဒါက…ဘာဖြစ်ရတာလဲ"

"ဝတ္ထုတွေထဲမှာရော၊ ရုပ်ရှင်တွေထဲမှာရော အဲလိုပဲ စဉ်းစားဦးမယ်လို့ အရင်ပြောရတယ်လေ"

သော်က မနေနိုင်တော့။ ရယ်လိုက်မိ၏။

"နင်က ဘာရယ်တာလဲ"

"ဩော်…နင့်ဟာက သူများဒီလိုလုပ်လို့ လိုက်လုပ်တယ်ဆိုတာမျိုးကြီး။ အဲဒါ မိုးမခအစစ်မှ မဟုတ်တာ၊ မိုးမခအစစ်က သူများနဲ့ မတူတာမှ ကြိုက်တာလေ"

"ဟာ…ဟ"

ဒီတစ်ခါရယ်သူက မိုးမခ။ ပြီးမှ…

"ကံကောင်းက အလာကြီးပဲ၊ ဒါပေမဲ့ ခု ငါ့စိတ်ထဲမှာ ဘာမှ မရှိသေးဘူး။ ခုလိုချင်ရင် နင် အဲဒီဘာမှမရှိတာဘဲရမှာ"

"ဟာ…အဲလိုတော့ မလိုချင်ပါဘူး"

"မလိုချင်ရင်တော့စောင့်၊ နွေနွေတို့ကလည်း ဘာလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူးဟာ၊ ငါ့ကို သော်ကာဆိုတဲ့ လူ့အကြောင်းပဲ လာလာပြောနေတယ်၊ ပြေအေးပေးလိုက်ပါတဲ့"

"ကျွတ်...ဘယ်က သော်ကာက ပါလာရပြန်တာလဲ"

ဒီတစ်ခါတော့ စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

"ငါကလည်း မပါချင်ပါဘူး၊ ဆုံးအောင်နားထောင်ဦးလေ၊ သူတို့က ငါ့ကို သော်ကာနဲ့ ပြေအေးပေးဆိုတာက ငါပြေအေးပေးနိုင်ပါတယ်"

"နှင် တကယ်ပြောတာလား"

အထိတ်တလန့် အံ့အားသင့်သွားရသူက သော်ကာ။

"တကယ်ပါ အဲဒီလူကို ငါ ခုချိန်မှာ မုန်းမှမမုန်းတာ၊ ခက်တာက"

"ခက်တာက ဘာလဲ"

"သူတို့က ငါ့ကို သော်ကာနဲ့သဘောတူပြီး အောင်သွယ်နေတယ်"

"သူတို့ဆိုတာက"

"နွေနွေနဲ့မြ"

"အဲဒီတော့ နှင်က"

"ငါက ဘာဖြစ်ရမှာလဲ၊ သော်ကာကို ငါ့စိတ်ထဲမှာ ရှိမှမရှိတာ ဘယ်လိုမှလည်း မနေဘူး"

"ငါ့ကိုရော..."

အခွင့်အရေးကို လက်လွှတ်မခံဘဲ ဝင်မေးလိုက်မိ၏။

"နှင့်ကိုက ခင်တယ်"

"ပြတ်သားပါပေ့ ဒေါ်မိုးမခရယ်"

"ဒီတော့"

"ဘာ ဒီတော့လဲ"

"ငါ့ကိစ္စလေ"

"ပြောပြီးပြီလေ စဉ်းစားမယ်"

"ဘယ်လောက်စဉ်းစားမှာလဲ၊ ရေးတုန်းကလို သုံးနှစ်သုံးမိုး



www.burmeseclassic.com

www.burmeseclassic.com



လား"

မိုးမခ ရယ်၏။

"ဒီနေ့ ဘာနေ့လဲ"

"အောက်တိုဘာ ၁၃ ရက်"

ပြောပြီးမှ (၁၃)ရက်ဆိုတာကို သွားသတိရမိသည်။ (၁၃)ဂဏန်းသည် ကံမကောင်းတတ်သောဂဏန်းတဲ့။ Tarot Card မှာဆိုလျှင်တောင် ၁၃ ကတ်ပြောက်က Death တဲ့။ ဒါမှမဟုတ်ရင်တော့ Transformation ပြောင်းလဲခြင်းတဲ့။ သော်က (၁၃)ကို ခဏမေ့ထားလိုက်ရသည်။

"ဒီတော့..."

"ဒီတော့ နောက်လ(၁၃)ရက်မှာအဖြေပေးမယ်ပေါ့ ဟုတ်လား"

"ဟင် နင့်ကို ဘယ်သူပြောလဲ"

"ငါပြောတာလေ"

"နင်ပြောတာဆို နင့်စကားနဲ့နင်ပဲ ငါ့စကားမှမဟုတ်တာ"

"ဟုတ်ပြီ"

သော်က တစ်ခုသတိရသွားကာ အိတ်ထဲမှ ဒိုင်ယာရီစာအုပ်လေးကို ထုတ်လိုက်သည်။

"ရော့"

"ဘာလဲ"

"အဲဒီထဲမှာ ပြန်ရေးပေးလေ"

"ဘာပြန်ရေးရမှာလဲ"

"နင့်ကတိကိုပေါ့ နောက်လမှာ အဖြေပေးမယ့်အကြောင်း"

"အမယ်လေး...နင်က ငါ့ကို မယုံဘူးလား။ ရုတယ်ဒေး ငါ့ဏာ သစ္စာရှိပါတယ်"

"နင့်ကို မယုံတာမဟုတ်ပါဘူးဟာ၊ ကံကြမ္မာကို မယုံတာပါ နင့်သစ္စာကိုတော့ ငါယုံပါတယ်"

"သွား...အလကား"

ပြောပြောဆိုဆို မိုးမခ စာအုပ်ကိုလှမ်းယူတာ ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လခေါင့်ရော့...
ဒီတနေ့ တစ်လပြည့်တဲ့နေ့
နိုဝင်ဘာ ၁၃ ရက်နေ့၊ နေ့လည်တစ်နာရီမှာ
ဒီဆိုင်လေးမှာပဲ...
နင်လိုချင်တဲ့ဘဝမြေကို ပေးမယ်။

မိုးမခ

ဝိုင်းစက်လုပနေသော်လည်း ညီညာကြွံခိုင်သည့် မိုးမခ၏ လက်ရေးများကို ကြည့်ရင်း သူပျော်နေမိသည်။

နောက် ဆယ်နှစ် ဒါမှမဟုတ် နှစ်များစွာတိုင် ထိုအပျော်က တည်မြဲပါ့မလား။

သို့သော် ထိုအတွေးကို ဆရာဦးကျော်စွာ၏စကားနှင့် ဖြေသိမ့်လိုက်ရသည်။

'ပြန်ကောင်းသွားဖို့က ကံပေါ်မူတည်လိမ့်မယ်၊ တချို့ကျတော့လည်း နှစ်ပေါင်းများစွာ ကြာတော့မှ ပြန်မှတ်မိလာတယ်'တဲ့။ ဆရာ့စကား ကျန်သွားတာ မဖြစ်တန်ကောင်းပါဘူး။

အဲဒီနေ့က သူတို့အတူ အိမ်ပြန်ဖြစ်ကြသည်။ နောက်တစ်နေ့ မနက်စောစောမှာ ဖုန်းဝင်လာ၏။

"သား ဖုန်းလာတယ်"

"ဘယ်ကလဲ မေမေ"

"Computer Age ကတဲ့"

သော်က ကမန်းကတန်း ကောက်ကိုင်လိုက်မိသည်။ ဒီတစ်ခါ ဆေးရုံတက်ရသူက 'ဆရာ'။ ကျောရိုးတန်းမကြီး ခွဲစိပ်ခံထားရမှုက ဘာဖြစ်တယ်ဆိုလား။ သော်က နားမလည်လိုက်။ နားလည်လိုက်တာက သော်ကတို့ သင်တန်း ခဏနားလိုက်ရတာ။

ထိုနေ့ကစပြီး မိုးမခနှင့် မတွေ့ဖြစ်တော့။ နောက်တစ်ပတ်လောက်အကြာမှာ တိုင်းမြင့် ပြန်ရောက်လာ၏။ ထုံးစံအတိုင်း...

"နွေနွေ့ဆီ သွားမယ်"တဲ့...။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့"ဟုဆိုတော့...

"သော်ကအတွက်ပါ"ဟု ဆိုလာ၍ ရယ်ကြရသေးသည်။ နွေနွေတို့နား လက်ဖက်ရည်ဆိုင်လေးမှာထိုင်ဖြစ်တော့ နွေနွေက

"သော်က"

"ပြော"

"နင်တို့ သင်တန်းနားထားတယ်ဆို"

"အေး"

"ကောင်းပါတယ်"

အဆက်အစပ်မရှိကောင်းပါတယ် ဆို၍ အားလုံးက နွေနွေ့ကို နားမလည်သလို ကြည့်ကာ...

"ဘာလဲဟ၊ ဘာကောင်းတာလဲ"

"ဩော်...ကံကောင်းဆိုတဲ့ ကောင်က"

နွေနွေ့စကားကြောင့် ခေါင်းပင် ကြိမ်းသွားရ၏။ သို့သော်

"အင်း...ဘာဖြစ်လဲ"

"မိုးမကို Propose လုပ်တယ်တဲ့"

"ဘာ"

"ဟုတ်တယ်"

"ထင်သားပဲ"

ဒါ...တိုင်းမြင့်၊ မြင့်ဆောင်နှင့် တင်ထိုက်တို့၏ အသံများဖြစ်၏။ သော်ကကတော့ ငြိမ်နေမိသည်။ ကိုယ့်အကြောင်းကိုယ်သာ အသိဆုံး မဟုတ်လား။ လက်ဖက်ရည်ခွက်ကိုသာ ငုံ့သောက်နေလိုက်၏။

"ခုမှ ခံစားမနေနဲ့ ကိုသော်ကရေ"

ခေါင်းမဖော်သော သူ့ကို နွေနွေက ဂရုဏာဒေါသနှင့်ပြော၏။

"ဘာတတ်နိုင်မှာလဲကွာ"

အကယ်ဒမီမက အော်စကာပါရလောက်သော လေသံနှင့် ပြန်ပြောလိုက်မိ၏။

"မင်းကို လမ်းများကာမှ များရော၊ လျှောက်ကြည့်ပါလားလို့ မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆောင်က သူလည်း တစ်ခါမှမပြောဖူးပါပဲနှင့် ခပ်တည်တည်နှင့် ဖိဟောက်နေသည်။ သော်ကလည်း မသိချင်ယောင်ဆောင်ကာ ငြိမ်နေပေးလိုက်၏။ ကံကြမ္မာက ကိုယ့်ဘက်မှာရှိနေတာ သူတို့မသိသေးတာ။ သိသည့်တစ်နေ့ကျမှ ပြောကြပစေတော့။

"အဲဒီကောင်ကို ဘာမှမပြောနဲ့တော့၊ ကဲ…မိနွေ ငါ့ကိုပြော မိုးမခရဲ့ အခြေအနေကရော ဘယ်လိုရှိလဲ၊ တစ်ခါတည်းအဖြေပေးလိုက်ရဲ့လား"

တိုင်းမြင့်က ရွဲ့ကာမေး၏။ နွေနွေက…

"ဟာ…နင့်ဟာက အဲလောက်တော့မဟုတ်သေးပါဘူးဟာ၊ မိုးမ စဉ်းစားနေတယ်"

"စဉ်းစားနေတယ် ဟုတ်လား"

"ဟုတ်တယ်"

"ပေါ့စတစ်ဘက်များတဲ့ စဉ်းစားနည်းနဲ့လား။ နဂ္ဂတစ်ဘက်များတဲ့ စဉ်းစားနည်းနဲ့လား"

"အဲဒါတော့မသိဘူး ငါ့အထင်ပြောရရင်တော့"

"ပြော"

"ပေါ့စတစ်ဘက် များလိမ့်မယ်"

နွေနွေ့အဖြေစကားကြောင့် အားလုံးက သူ့ကို သနားစရာသတ္တဝါတစ်ကောင်လို ဝိုင်းကြည့်ကြချိန်တွင် သော်ကကတော့ ရင်ထဲပျော်နေမိ၏။

သူတို့ ဘာတွေဆက်ပြောနေကြသလဲ မသိတော့ပါ။ သော်ကလည်း ပါသည်။ မိုးမခလည်း ပါသည်။ ကံကောင်းလည်း ပါသည်။ ပါချင်ကြသူ ပါကြပါစေ။ သူ စိတ်မဝင်စားတော့။

သူ့အတွေးအာရုံထဲမှာတော့…

မိုးမခသာ ကြီးစိုးနေလေပြီ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



[၁၁]

*ကံကြမ္မာက*
*အနက်ရောင်လေးကိုင်းကြီးကို ထမ်းပြီးဝင်လာတယ်။*
*အခြားအားပွဲလှတ်ကျော်ဂိုရကိန်နဲ့*
*ကျွန်တော့်အားပွဲမှာ ခပ်တည်တည်ဝင်ထိုင်ပြီး*
*'အိပ်မက်အသေ တစ်ပွဲ' လို့ ကျမ်းနှာတယ်။*

"ဆရာ"
"ဟာ...သော်ကံကောင်း။ လာ...အတော်ပဲ"
ဆရာ့ကို ဆေးရုံမှအဆင်းတွင် လှမ်းမကာသွားမေးခြင်းဖြစ်၏။
"ဘာတော်တာလဲ ဆရာ"
"မိုးမခသတင်း ပြောမလို့"
မိုးမခဆို၍ ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။
"ဘာ...ဘာများလဲဆရာ"
"ရေချိုးခန်းထဲ ချော်လဲလို့တဲ့လေ"
"ဗျာ...ဟုတ်လားဆရာ၊ ခုဘယ်မှာလဲ ကျွန်တော်သွားကြည့်လိုက်မယ်"
ဆရာက သော်က ပျာယာခတ်သွားတာကို ကြည့်ပြီးပြုံး၏။
"ကြည့်စရာမလိုပါဘူး၊ ဆေးရုံမှာ နှစ်ရက်ပဲကြာတယ်"
"ဘာဖြစ်သွားသေးလဲ ဆရာ"
"ခေါင်းပြန့်ထိသွားတယ်တဲ့"
"ဗျာ...အဲ အဲဒါ သွေးရောဂါပိုဆိုးသွားနိုင်တာပေါ့နော်"
ဆရာက ခေါင်းကို ခပ်သွက်သွက်ခါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ ပြန်ကောင်းသွားနိုင်တာ"

"ခင်ဗျာ"

သော်က၏ 'ခင်ဗျာ'က အသံပင် မထွက်နိုင်တော့။

"ဒီ...ဒီတော့ဆရာ သူ ပြန်ကောင်းသွားပြီလားဆရာ"

"မသိသေးဘူး။ စမ်းသပ်နေတုန်းပဲ၊ ဖြူဖွေးကို လူမမာလာမေးနိုင်းလို့ နွေနွေဆိုတဲ့ ကောင်မလေးကို ပြောတော့ ဖြူဖွေးဒီမှာမရှိဘူးတဲ့ မေမြို့ ခဏသွားတယ်ဆိုပဲ"

"ဒီတော့"

"မင်းပဲ ကျန်တော့တယ်လေ"

"ကျွန်တော် ကျွန်တော် ဘာလုပ်ပေးရမှာလဲ ဆရာ"

ဆရာက ခဏစဉ်းစား၏။ ပြီးမှ...

"ဆရာက ကြားထဲကနေ အဲဒီလိုပေးတွေ့ဖို့ မကောင်းဘူး၊ ခက်တာက ဆရာကလည်း နားရှည်းမှာဆိုတော့ သင်တန်းပြန်မစနိုင်သေးဘူး"

BURMESE CLASSIC

နှစ်ယောက်သား အချိန်အတော်ကြာသည်အထိ ငြိမ်သက်နေမိကြသည်။ ဆရာကလည်း ဆရာ့အတွေးနှင့်ဆရာ။ သော်ကကလည်း သော်က အတွေးနှင့်သော်က။ စကားတစ်လုံးမှ မပြောဖြစ်ကြတော့။

အတော်ကြာမှ သော်ကကပင်

"တစ်ခုတော့ရှိတယ်ဆရာ"

"ပြော...သား"

"သူနဲ့ ကျွန်တော် နိဝင်ဘာလ (၁၃)ရက်နေ့မှာ ချိန်းထားတယ်"

"ဘယ်တုန်းကလဲ"

"ဆရာဆေးရုံမတက်ခင် တစ်ရက်ကပဲ"

"အဲဒီတော့"

"အဲဒီနေ့မှာ သူလာရင် အဖြေပေါ်မှာပေါ့ ဆရာ"

ဆရာ ဘာမှမပြော။ သူ့ကိုသာ ငေးကြည့်နေ၏။ သော်ကက ပင် ဆက်၍



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်ကျရင် ကျွန်တော်ဟာ သော်ကလား၊ ကံကောင်းလား ဆိုတဲ့အပြင် တခြားအဖြေတစ်ခုကိုပါ ရလိမ့်မယ်ဆရာ"

သော်ကပြောပြီး ကွန်ပျူတာ စခရင်ကို စိုက်ကြည့်နေမိသည်။ ကွန်ပျူတာစခရင်ပေါ်မှ ဝင်းဒိုးတစ်ခုကို ဆရာက ပွင့်တာဖြင့်ထောက်၍ ပိတ်ပစ်လိုက်သည်။

"ခုအခြေအနေကိုလည်း အဲဒီလိုပိတ်ပစ်လို့ရရင် ကောင်းမှာပဲ ဆရာ"

ရင်ထဲမှ ပြောလိုက်ခြင်းပါ။

သက်ပြင်းချသံနှစ်ခု ထိခတ်မိသွားကြသည်။

❖❖❖

www.burmeseclassic.com



## နိဂုံး

မိုးစက်အချို့ နေရောင်အချို့ရောယှက်နေသော ကောင်းကင်ပြင်ကို သော်က ငေးကြည့်နေမိသည်။

အေးစက်နေပြီဖြစ်သော နက်(စ)ဘလက်ခွက်ကို မော့သောက်လိုက်တော့ ခါးရှရှအရသာကိုသာ ခံစားရ၏။ သံပုရာသီးညှစ်ဖို့ သူမေ့သွားခဲ့သည်ကို။

"အစ်ကို လီမွန်လက်ဖက်ရည် ယူလာရတော့မလား"

အနောက်လား၊ အတည်လား မသိ။ စားပွဲထိုးကလေး၏အမေးကို ခေါင်းညိတ်ပြလိုက်မိသည်။ လက်မှနာရီကို ကြည့်မိတော့ ဆယ့်သုံးနာရီမြည်ဖို့ ငါးမိနစ်သာ လိုတော့သည်။

သော်က၏ အတွေးထဲတွင်တော့ ကျန်ခဲ့သွားခဲ့သော ဆရာ့စကားများကို ခုမှ ဆက်ဖြည့်နေမိ၏။

"တချို့ကျတော့လည်း ကံကောင်းတော့ မတြေးသေးဘူး ခဏလေးနဲ့ သတိရလာတတ်တယ်"

သော်က ပြုံးလိုက်မိ၏။ သော်ကက ကံကောင်းကို ပြုံးမိသော



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမျိုး။ ဆရာနှင့် သူနှင့် နှစ်ယောက်ထဲသာသိသော ဇာတ်မှာ ကံကောင်းက ဇာတ်လိုက်ဖြစ်မလား။ သော်ကာက ဇာတ်လိုက်ဖြစ်မလား သူ ရင်မောနေမိသည်။

တရွေ့ရွေ့သွားနေသော စက္ကန့်တံများကို ကြည့်ကာ နေ့သည် ဟုပဲ အပြစ်တင်ရမလို မြန်သည်ဟုပဲ ကန့်ကွက်ရတော့မလို ယောင်တောင်တောင်ဖြစ်နေမိသည်။

"ငါက သစ္စာရှိပါတယ်" ဆိုသော မိုးမခ၏စကားသံလေးကို ကြားယောင်မိတော့ ပြန်အားတက်လာမိသည်။ ခုချိန်မှာတော့ ထိုသစ္စာတရားလေးတစ်ခုသည်ပင်လျှင် လွှမ်းဆွတ်အားထားဖွယ်ဖြစ်နေရသည် မဟုတ်ပါလား...။

စားပွဲထိုးကလေး လာချပေးသော လက်ဖက်ရည်ခွက်ကို သံပုရာသီးညှစ်ထဲ့ပေးကာ ဖျော်ထားပေးလိုက်ရင်း လမ်းမဆီ လှမ်းမျှော်ကြည့်လိုက်မိသည်။

မိုးရေများကို ဖြတ်သန်းနင်းလျှောက်လာသော ခုံမြင့်ဖိနပ်လှလှလေးနှင့် ခြေထောက်တစ်စုံကို သူတွေ့လိုက်ရ၏။ ချစ်သော မိုးမခ၏ ခြေအစုံ။

သူ ကော်ဖီခွက်အေးစက်စက်ကြီးကို ငုံ့ကြည့်နေလိုက်သည်။ မျက်နှာမည်းမည်းနှင့် သူ့ကို ပြန်ကြည့်နေသော ကော်ဖီခွက်ကလေးပင် သူ့ကို နှစ်သိမ့်နေသယောင်။

တစ်လှမ်း။

နှစ်လှမ်း။

ကံတရားကတော့ သူ့ဆီကို ခြေသံလုံလုံနှင့် လှမ်းလာနေပြီ။ ခဏအကြာမှာတော့ 'ချွင်'ဟူသော လက်ကောက်များ၏ အချင်းချင်း ထိခတ်သံကို သော်ကာ ကြားလိုက်ရလေသည်။

မနော်ဟရီ

[illegible]/၂/၂၀၀၁